# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday 30 September 2018 ၉၄၂၅


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## လူ့အခွင့်အရေး မြှင့်တင်ရေး

■ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်နေသလို အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများ၏ နေထိုင်စားသောက်ရေး အခြေအနေများ သိသိသာသာ တိုးတက်ကောင်းမွန်လာနေပြီ ဖြစ်ပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူးမြစ်ကူးတံတား(ရေဦး)တည်ဆောက်မည့်လုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး ကလေးဝ-တမူး လမ်းပေါ်ရှိ အဆင့်မြှင့်တင်မည့် တံတားများအား မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု

ကလေး စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်၊ ဦးအောင်ထူး၊ ဦးကျော်လင်းတို့နှင့်အတူ စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူးမြစ်ကူးတံတား(ရေဦး)တည်ဆောက်မည့်လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ဒုတိယသမ္မတသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးများကို မုံရွာမြို့ ချင်းတွင်းရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လုပ်ငန်းဆောင်ရွက်ရမည့် အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအထွေထွေညီလာခံတွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြား

စာမျက်နှာ » ၆၊ ၇






ကြေးမုံ

# ကောင်းမွန်သောဝန်းကျင်သစ်ကို ဖန်တီး

ပတ်ဝန်းကျင်သည် လူသားများအပေါ် အကျိုးသက်ရောက်မှုများစွာ ရှိသည်။ ပတ်ဝန်းကျင်ဟုဆိုရာ၌ လူတို့နှင့် အနီးကပ်ရှိနေသော လူမှုဘဝ ပတ်ဝန်းကျင်နှင့် တစ်ကမ္ဘာလုံးအပေါ်လွှမ်းခြုံထားသော သဘာဝပတ်ဝန်းကျင် တို့ကို ဆိုလိုသည်။ ထိုပတ်ဝန်းကျင်များသည် လူသားများအပေါ် ကောင်းမွေ၊ ဆိုးမွေတို့ကို ဖြစ်ပေါ်စေနိုင်သည်။ အမှန်တကယ်တွင် ပတ်ဝန်းကျင်သည် လူသားများအား ကောင်းကျိုးပြုခဲ့သည်။ လူသားများကသာ ပတ်ဝန်းကျင်ကို ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။

သာဓကအားဖြင့် ၂၀၁၈ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် စတင်ဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နေလူထုများ၏ စွန့်ပစ်အမှိုက်ပုံကြီး မီးလောင်မှုကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုဖြစ်ခဲ့သည့်အပြင် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်မှုဖြစ်ခဲ့ရခြင်းသည် လူတို့စွန့်ပစ်သောအမှိုက်ကြောင့် ပတ်ဝန်းကျင်ပျက်စီးရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အလားတူပင် လူသားများအကျိုးအတွက် သဘာဝပတ်ဝန်းကျင်မှ သစ်တောသယံဇာတ၊ ရေမြေသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းတို့ကြောင့် ရာသီဥတုဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်များကို လူသားများ ရင်ဆိုင်ကြုံတွေ့နေရသည်။

ထိုသို့ ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ပြဿနာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြံဆအဖြေရှာနေကြသည်။ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍစုံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို ထိရောက်စွာ ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ ခြောက်ခုနှင့် ကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပြီးနောက် ညှိနှိုင်းအစည်းအဝေးများကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပပြီး ရှေ့လုပ်ငန်းစဉ် ၇၇ ခု ချမှတ်နိုင်ခဲ့သည်။ လတ်တလောတွင် လုပ်ငန်းစဉ် ၃၆ ခု ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးကဏ္ဍဖြစ်သည့် သတ္တု၊ သစ်တောနှင့် သား၊ ငါးစသည့် သယံဇာတအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူမှုနှင့် တရားမဝင်ထုတ်လုပ်မှုများကို တားဆီးကာကွယ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် သယံဇာတ တရားမဝင်ထုတ်လုပ်မှု၊ ပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းတားဆီးကာကွယ်နှိမ်နင်းရေးတို့ကို တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ကော်မတီများဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်များလည်း ရှိပြီးဖြစ်သည့်အပြင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများလည်းရှိပြီးဖြစ်၍ ယင်းကို ထိရောက်စွာဖြင့် လက်တွေ့ကျကျ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များအား ပိုမိုကောင်းမွန်သော၊ ပိုမိုသန့်ရှင်းသော သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးဝေနိုင်ရန် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ကာ တာဝန်ရှိရှိ၊ တာဝန်သိသိ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်သူလူထုတစ်ရပ်လုံးကလည်း အသိစိတ်ဓာတ်ရှိစွာဖြင့် ပါဝင်ဆောင်ရွက်ကြဖို့လိုအပ်သည်။ ကြီးမားကျယ်ပြန့်သောလုပ်ငန်းများတွင် နိုင်ငံတကာနှင့်ချိတ်ဆက် ဆောင်ရွက်ရန်လိုအပ်ပြီး ဒေသတစ်ခုချင်းအလိုက်အတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ အတူလက်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ တက်ရောက်






**ရန်ကုန် စက်တင်ဘာ ၂၉**

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်သင်တန်းဆင်းအမှာစကား ပြောကြားသည်။

**လေ့လာမှတ်သား**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဝန်ထမ်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေသည့် အရာရှိကြီးများ၏အရည်အသွေး မြင့်မားတိုးတက်စေပြီး ဦးဆောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြည်တွင်းပညာရှင်များက ၎င်းတို့ဌာနအဖွဲ့အစည်း၏ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ပြည်ပ ပညာရှင်များက ၎င်းတို့၏ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်၍လည်းကောင်း၊ ပို့ချဆွေးနွေးမှုများအပေါ် လေ့လာမှတ်သားပြီး အပြန်အလှန် ပါဝင်ဆွေးနွေးခဲ့ကြသည်ကို သိရှိရ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများဖြစ်၍ မိမိတို့ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဌာနနှင့် နိုင်ငံတော်အပေါ် သစ္စာရှိဖို့ဖြစ်ကြောင်း၊ တစ်ဦးကောင်းတစ်ယောက်ကောင်းမဟုတ်ဘဲ အားလုံးတက်ညီလက်ညီနှင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ပြီး ဘက်လိုက်မှုမရှိဘဲ အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်ဖို့ဖြစ်ကြောင်း၊ လောကလူ့ဘောင်ခေတ်သစ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြထားသကဲ့သို့ ပညာ၊ စေတနာ၊ သတ္တိနှင့်ပြည့်စုံသော လူသားများ လိုအပ်ကြောင်း၊ ယင်းတို့သည်သာ စစ်မှန်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြပြီး လောကသစ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီတိုးတက်ပြီး အသိဉာဏ်အမြော်အမြင် ကျယ်ပြန့်လာသော ခေတ်ကာလတွင် ထိုသို့သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်လေ့ကျင့် အားထုတ်ကြရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အောင်မြင်လာရန် လူတိုင်းသည် မိမိတို့သက်ဆိုင်ရာ နယ်ပယ်၊ ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးတွင် မိမိတို့ကိုယ်တိုင် ခေါင်းဆောင်စိတ်ဓာတ်မွေးမြူလျက် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်မှသာ နိုင်ငံနှင့်လူမျိုး တိုးတက်အောင်မြင်လာမည် ဖြစ်ကြောင်း။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုရှေ့ဆက်တိုးတက်စေရေးနှင့် နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်မှုပိုမိုရရှိစေရေးတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အစိုးရပုံရိပ်ကို ကောင်းမွန်အောင် ဖန်တီးနိုင်သည်မှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး အစိုးရပုံရိပ်ကို ကျဆင်းအောင် ပြုလုပ်နိုင်သည်မှာလည်း နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ကြောင်း သင်တန်းသူ သင်တန်းသားများသည် နိုင်ငံ၏အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိကြသော အရာရှိကြီးများ ဖြစ်သည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးနှင့် မြန်မာ့နိုင်ငံရေးအခြေအနေတို့ကိုလည်း မျက်ခြည်မပြတ် အစဉ်အမြဲလေ့လာဆည်းပူးကြရန် ဖြစ်ကြောင်း၊ မိမိတို့၏ ပင်ကိုဉာဏ် စွမ်းပကားများ၊ အတွေ့အကြုံများ၊ သင်တန်းမှရရှိသည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတများနှင့် မိမိတို့ရှိပြီးသား အတွေ့အကြုံများ အသိပညာ၊ ဗဟုသုတများကို စနစ်တကျပေါင်းစပ်ပြီး မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ အသုံးချကြရန်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

**ကြိုးစားလုပ်ကိုင်**

မိမိတို့ သိရှိတတ်မြောက်ထားသည့် ဗဟုသုတများကိုလည်း လက်အောက်ဝန်ထမ်းအဆင့်ဆင့်သို့ မျှဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုကြောင်း၊ မိမိကိုယ်ကို အရည်အချင်းပြည့်ဝသော၊ အရည်အချင်းရှိသော ဝန်ထမ်းများဖြစ်စေရေး ကြိုးပမ်းအားထုတ်ရင်း မိမိတို့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အရည်အချင်းများ ပိုမိုတိုးမြင့်လာစေရေး အထောက်အကူပြုရမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်း ဆောင်ရွက်ရာတွင်လည်း အခြားသူက တိုက်တွန်းမှုကြောင့် စွမ်းဆောင်ရည်မြှင့်တင်သကဲ့သို့ ပင်ကိုဉာဏ်စွမ်းပကား၊ ကိုယ်တိုင်အသိစိတ်ဓာတ်ဖြင့် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် မိမိဌာနအဖွဲ့အစည်း မိမိနိုင်ငံတော်၏ လူမှုဘဝများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်စီမံခန့်ခွဲရေး၊ ပညာရေးအဖွဲ့ဝင်များ၊ သင်ကြား၊ စီမံတာဝန်ရှိသူများနှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၄ ခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာထမ်းသင်တန်းသား ၁၆ ဦး၊ သင်တန်းသူ လေးဦး စုစုပေါင်း ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၆ ရက်မှ စက်တင်ဘာ ၂၈ ရက်ထိ ရက်သတ္တ ရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကျိုက်ဒုံ စက်တင်ဘာ ၂၉**

ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့၌ ယနေ့ နံနက်ပိုင်းက ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များနှင့် ကျိုက်ဒုံမြို့ ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းထားသော ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ပန်းပွားအက၊ ကရင်ဒုံးယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျိုက်ဒုံမြို့ အုပ်ချုပ်ရေးမှူးက ကျောင်းဆောင်သစ်ကြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် ပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ စာရွက်စာတမ်းများကို ဒု-ဗိုလ်မှူးကြီး စောဒေါဒေါက လွှဲပြောင်းပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်သင်းက လက်ခံခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



**သန်းထွန်းနိုင်(မြန်/ဆက်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၅၂၇





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။



ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တမူးမြို့ရှိ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**"ဆည်ရေသိုလှောင်နိုင်သည့်ပမာဏ ပြည့်မီအောင်သိုလှောင်နိုင်ရန် နုန်းများဆယ်ယူရန်လိုကြောင်း၊ နုန်းဆယ်ယူခြင်း လုပ်ငန်းမဆောင်ရွက်မီ စနစ်တကျ လေ့လာဆန်းစစ်မှုများပြုလုပ်၍ အထိရောက်ဆုံး နည်းလမ်းကို အသုံးပြုရန်လိုကြောင်း၊ နုန်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရန် ဆက်စပ်ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများသည် နှစ်စဉ် ပုံမှန်ဖြစ်ပေါ်နေသည့်အတွက် ဆည်၊ တမံများကြံ့ခိုင်ရေးကို အထူးဂရုစိုက်ကြရန်မှာကြား"**

☆ **ရွှေဖုံးမှ**

မုံရွာမြို့သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ရေဦးမြို့သို့ ရောက်ရှိကြပြီး မူးမြစ်ကူးတံတား (ရေဦး) တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကျော်လင်းက မူးမြစ်ကူးတံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရရှိသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ယခုစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံများ သိရှိနားလည်အောင် အသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေဦး-ကလေးဝလမ်း အဆင့်မြှင့်တင်ရန်လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေဦး-ကလေးဝလမ်း မိုင်တိုင်အမှတ် ၅၃/၀ နှင့် ၅၃/၆ အကြားရှိ ကျောက်စီမြေကာနံရံ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေးဝမြို့နယ် လမ်းအထူး(၇) ရိပ်သာသို့ရောက်ရှိကြရာ အိန္ဒိယနိုင်ငံ Punj Llyod-Varaha Infra Ltd(JV) ကုမ္ပဏီနှင့် NCSL-MTDCL JV ကုမ္ပဏီတို့မှ တာဝန်ရှိသူများက အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်မည့် ယာကြီး-ကလေးဝလမ်း ၇၅ မိုင် ၅ ဖာလုံလမ်းအပိုင်းအား နိုင်လွန်ကတ္တရာ နှစ်လမ်းသွား အကျယ် ၂၄ ပေ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကလေးဝ-တမူးလမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်မည့်အချိန်၊ ပြီးစီးမည့်အချိန်နှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မုံရွာ-ယာကြီး-ကလေးဝလမ်းသည် ၁၁၅ မိုင် ၅ ဖာလုံ ရှည်လျားသည်။ အဆိုပါ လမ်းအဆင့်မြှင့်တင်ရာတွင် မုံရွာမြို့မှစတင်၍ မိုင် ၄၀ အထိလမ်းပိုင်းကို မြန်မာနိုင်ငံအစိုးရက BOT စနစ်ဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကျန် ၇၅ မိုင် ၅ ဖာလုံကို အိန္ဒိယအစိုးရ၏ အထောက်အပံ့ငွေ အမေရိကန်ဒေါ်လာ ၁၈၁ သန်းဖြင့် လည်းကောင်း၊ ကလေးဝ-တမူးလမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အိန္ဒိယအစိုးရ၏ အထောက်အပံ့ငွေ အမေရိကန်ဒေါ်လာ ၅၄ သန်းဖြင့် လည်းကောင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၅ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများကို ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တမူး-ကလေးဝ-မုံရွာလမ်းပိုင်းသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ဆက်သွယ်သည့် လမ်းမကြီးပေါ်တွင်ရှိပြီး ဒေသတွင်းကုန်စည်စီးဆင်းမှုကို များစွာအကျိုးပြုနိုင်မည့်လမ်းပိုင်းတစ်ခု ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကလေးဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀ ကိုပေးအပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က လက်ခံရယူသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကလေးဝ-တမူးလမ်းပေါ်ရှိ အဆင့်မြှင့်တင်မည့် တံတားများအား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ဆည်ရေပေးဝေနိုင်မှု၊ ဆည်အတွင်းနုန်းဝင်ရောက်မှု၊ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်ရမည့်အခြေအနေနှင့် ဆည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဆည်ရေသိုလှောင်နိုင်သည့်ပမာဏ ပြည့်မီအောင်သိုလှောင်နိုင်ရန် နုန်းများဆယ်ယူရန်လိုကြောင်း၊ နုန်းဆယ်ယူခြင်း လုပ်ငန်းမဆောင်ရွက်မီ စနစ်တကျ လေ့လာဆန်းစစ်မှုများပြုလုပ်၍ အထိရောက်ဆုံးနည်းလမ်းကို အသုံးပြုရန်လိုကြောင်း၊ နုန်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရန် ဆက်စပ်ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများသည် နှစ်စဉ် ပုံမှန်ဖြစ်ပေါ်နေသည့်အတွက် ဆည်၊ တမံများကြံ့ခိုင်ရေးကို အထူးဂရုစိုက်ကြရန် မှာကြားပြီး ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ရေထုတ်လွှတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့သို့ ရောက်ရှိပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒေသခံများက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြကြရာ ဒုတိယသမ္မတက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ်ရှိ တမူး-မိုရေး နယ်စပ်ကုန်သွယ်ရေးစခန်းသို့ရောက်ရှိကြရာ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက နှစ်အလိုက် ကုန်သွယ်မှုအခြေအနေ၊ ပို့ကုန်အမယ်သစ်များ ပို့ဆောင်နေမှု၊ ကုန်သွယ်မှုလျင်မြန်စေရန်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက တမူးကုန်သွယ်ရေးစခန်းနှင့် **စာမျက်နှာ ၄ သို့ »**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တမူးမြို့ရှိ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခမ်းပါတ်မြို့ဒေသခံများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

» စာမျက်နှာ ၃ မှ
ဆက်စပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံ မဏိပူရ်ပြည်နယ်ရှိ လူဦးရေ ၂ ဒသမ ၅ သန်းကျော်သည် ၎င်းတို့အတွက် လိုအပ်သောကုန်စည်များကို အိန္ဒိယ ပြည်မကြီးနှင့် မိမိတို့နိုင်ငံဘက်မှ ပို့ကုန်များအပေါ် မှီတည်လျက်ရှိကြောင်း သိရှိရပါသဖြင့် မိမိတို့အနေဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်သည့် အခွင့်အလမ်း ရှိနေပါကြောင်း၊ ထို့ကြောင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ၏ ဈေးကွက်နှင့် ဝယ်လိုအားကို စဉ်ဆက်မပြတ်လေ့လာနေရန်လိုကြောင်း၊ ကုန်သွယ်ရေးအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်ထားရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား ဗီဇာအပြန်အလှန် လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် တမူးနယ်စပ်ဖြတ်ကျော်ဂိတ် အဆောက် အအုံ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးသို့ရောက်ရှိကြရာ ဒေသခံများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသခံများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တမူးခရိုင်အထွေထွေအုပ်ချုပ်ရေး ရုံး၌ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

### ခြောက်ခုရှိလာ

တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် မေ ၁၁ ရက်တွင် ချုပ်ဆိုခဲ့ပြီး တမူးနှင့် ရိဒ်ခေါဒါရ် နယ်စပ် ဝင်၊ ထွက်ပေါက်များကို ၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခင်က ကော့သောင်း၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး စသည့် နိုင်ငံတကာနယ်စပ် ဝင်၊ ထွက်ပေါက် လေးခုသာရှိခဲ့ပါကြောင်း၊ ယခုအခါ ရိဒ်ခေါဒါရ်နှင့် တမူး နိုင်ငံတကာနယ်စပ် ဝင်၊ ထွက်ပေါက်များ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် ခြောက်ခုရှိလာပြီဖြစ်ပါကြောင်း။

နယ်စပ်ဝင်၊ ထွက်ပေါက်များသည် ကုန်သွယ်ရေးအတွက်သာမက ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်အကူပြုပါကြောင်း၊ လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ မကာအို၊ ဟောင်ကောင်နှင့် ဂျပန်၊ တောင်ကိုရီးယား နိုင်ငံတို့ကို ဗီဇာကင်းလွတ်ခွင့် ပြုထားသဖြင့် နိုင်ငံတကာခရီးသွားများ ပိုမို ဝင်ရောက်လာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အရင်း အနှီး အနည်းဆုံးဖြင့် ဝင်ငွေအများဆုံးရနိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် ယင်းလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာ နယ်စပ်ဝင်၊ ထွက်ပေါက် ရှိလာသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူများ အကျိုးစီးပွားသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တမူးကုန်သွယ်ရေးစခန်းနှင့် ဆက်စပ်နေသည့် လမ်း၊ တံတားများကို အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှုနှင့် ခရီးသွားလာမှုလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်ရာ ရရှိလာသည့် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်၍ အကျိုးရှိရှိ အသုံးချစေလို ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# ချင်းတွင်းရေတိမ်သွားရေယာဉ်များတည်ဆောက်ခြင်း စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ချင်းတွင်းရေတိမ်သွား ရေယာဉ်များ တည်ဆောက်ခြင်း စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ခရေပင်လမ်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (Function Hall)၌ ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရေးဆွဲရေးအဖွဲ့နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့မှ ကြီးမှူး၍ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ချာလီသန်း (ပါမောက္ခချုပ်-ငြိမ်း) မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်)တို့က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြည်တွင်းရေကြောင်းသွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရေးဆွဲရေးအဖွဲ့ဝင်များက ရေးဆွဲထားသော ချင်းတွင်းရေတိမ်သွားရေယာဉ်များ၏ စံချိန်စံညွှန်းများအပေါ် ကဏ္ဍအလိုက် Power Point Presentation များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ဖြေကြားသည်။

အဆိုပါ စံချိန်စံညွှန်းရေးဆွဲရေးအဖွဲ့ကို ၂၀၁၇ ခုနှစ် မတ်လ ၂၁ ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းနှင့် ဦးဟံစိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား)တို့ ဦးဆောင်၍ အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လိုအပ်ချက်အရ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့သင်္ဘောကျင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ ပညာရှင်များနှင့် အခြားဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ရေးဆွဲခဲ့သည်။

ချင်းတွင်း ရေတိမ်သွားရေယာဉ်များ တည်ဆောက်ခြင်း စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ပထမအကြိမ်အဖြစ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒေါပုံသင်္ဘောကျင်းတွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မုံရွာမြို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခုကျင်းပသောအလုပ်ရုံဆွေးနွေးပွဲသည် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။


ချင်းတွင်း ရေတိမ်သွားရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်များအား နိုင်ငံတကာစံနှုန်းများကို အခြေခံ၍ ရေးဆွဲသတ်မှတ်နိုင်ခြင်းသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မူဝါဒတစ်ခုဖြစ်သည့် ဘေးကင်းလုံခြုံသော ရေကြောင်းပို့ဆောင်ရေးကဏ္ဍတစ်ခုကို ဖော်ဆောင်ခြင်းနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၁၈ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အသင်း၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအကျဉ်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာများကို တင်သွင်းခြင်း၊ ဗဟိုကော်မတီ၏ အစီရင်ခံစာကို ထပ်ဆင့်ထောက်ခံဆွေးနွေးအကြံပြုတင်ပြခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာကို ထပ်ဆင့်ထောက်ခံဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းတွဲဖက်အတွင်းရေးမှူး(၂) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က "မြန်မာကဗျာ၏ တန်ဖိုး" စာတမ်းကို ဖတ်ကြားတင်ပြပြီး စာတမ်းကို ထပ်ဆင့်ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးအကြံပြုတင်ပြချက်များနှင့် ပတ်သက်၍ ဗဟိုအမှုဆောင်ကော်မတီက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ ကန်တော့ခံ ၃၁ ဦးနှင့် အသင်းဝင် ၆၃ ဦးတို့ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာဖတ်ကြားခြင်း၊ ဆုံးဖြတ်ချက်များကို တင်ပြရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအခန်း(၆)အပိုဒ်(၄၄)ခ အရ ညီလာခံကို လေးနှစ်တစ်ကြိမ် ကျင်းပပြီး ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၉၇ မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ၂၀၉ ဦးနှင့် ဗဟိုအဖွဲ့ဝင် ၂၈ ဦး စုစုပေါင်း ၂၃၇ ဦးတက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက် နှစ်ရပ်၊ မှတ်တမ်းတင်ခြင်းလေးရပ် စုစုပေါင်းခြောက်ရပ် သဘောတူမှတ်တမ်းတင်ခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းကို ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ၁၀ နှစ်တိတိ ဆရာကြီး မင်းသုဝဏ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ယခုစာရေးဆရာအသင်းတို့က လက်ဆင့်ကမ်းဆောင်ရွက်ခဲ့ရာ အသင်းသက်တမ်းမှာ ၅၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ဥမ္မာသန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Michael R. Pompeo နှင့် နယူးယောက်မြို့ရှိ Lotte New York Palace Hotel ၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ရခိုင်အရေးကိစ္စကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအပါအဝင် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းတို့ တက်ရောက်ခဲ့ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ Under Secretary of State for Political Affairs ဖြစ်သူ Mr. T.H. David Hale နှင့် Principal Deputy Assistant Secretary for East Asia and Pacific Affairs ဖြစ်သူ Mr. Patrick Murphy တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေး(Informal ASEAN Foreign Ministers' Meeting – IAMM)သို့ တက်ရောက်သည်။




အစည်းအဝေးတွင် အာဆီယံမျှော်မှန်းချက် (၂၀၂၅) အကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရေး ကိစ္စရပ်များနှင့် လာမည့်နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့် အစည်းအဝေး(ASEAN Foreign Ministers' Meeting with the UN Secretary-General and the President of the 73rd United Nations General Assembly-AUMM) သို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres၊ (၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိ Ms. Maria Fernanda Espinosa Garces နှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ဝိပဿနာ သာသနာပြု ဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ကမ္ဘာ့ဝိပဿနာ သာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ ကွယ်လွန်သည့် ငါးနှစ်ပြည့်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အထိမ်းအမှတ် အခမ်းအနားကို ဗန္ဓုလဂိုအင်ကာမိသားစုက ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဘဒ္ဒန္တ ဒေါက်တာအရှင်ဉာဏိဿရ အမှူးရှိသော ဆရာတော်သံဃာတော်များ၊ ကမ္ဘာ့အရပ်ရပ်မှ ယောဂီများ၊ မြန်မာနိုင်ငံမှ ယောဂီများအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

သီတဂူဆရာတော်ကြီးက ပြည်တွင်း ပြည်ပယောဂီများနှင့် ဧည့်ပရိသတ်တို့အား ဆရာကြီးဦးဂိုအင်ကာ ကွယ်လွန်ခဲ့ခြင်းအထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်၍ တရားဓမ္မများဟောကြားရာ ဘဝတန်ဖိုးအမည်ရှိတရားတော်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားချီးမြှင့်ပေးသည်။

“ဖခင်ကြီး ဦးဂိုအင်ကာ ကွယ်လွန်ခြင်း ငါးနှစ်ပြည့် ကုသိုလ်ပြုလုပ်ခြင်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းက ရိပ်သာတွေမှာရှိတဲ့ ယောဂီတွေကို မြန်မာနိုင်ငံကို ဖိတ်ကြားပါတယ်။ ကျိုက်ထီးရိုးနဲ့ မန္တလေးကဘုရားတွေကို သွားရောက်ဖူးကြမယ်။ အဲဒီကမှတစ်ဆင့် အောက်တိုဘာ ၂ ရက်တွင် နေပြည်တော် ရွှေကြာပင်လမ်းထောင့်မှာ ဆရာကြီးဦးဂိုအင်ကာရဲ့ ၂၅ ခုမြောက် ရိပ်သာကို နိုင်ငံတော်အဆင့် လှူဒါန်းပွဲကြီးနဲ့ လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်”ဟု ဦးဂိုအင်ကာ၏ သားဖြစ်သူ ဦးရွှေက ပြောသည်။

ဆရာကြီးဦးဂိုအင်ကာသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ နီးပါးတွင် သာသနာပြုခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ၎င်းတည်ထောင်ခဲ့သောရိပ်သာပေါင်း ၂၀၀ ကျော်ရှိပြီး ယခုအခါ ဦးဂိုအင်ကာ၏ တရားဓမ္မများ ဆက်လက်ပြန့်ပွားလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# သံအမတ်ကြီး ဦးအောင်လင်း Asia Cooperation Dialogue နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့သည် စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် နယူးယောက်မြို့ St. Regis Hotel Penthouse ၌ အထွေထွေညီလာခံ၏ sideline event အဖြစ် ကျင်းပသည့် Asia Cooperation Dialogue နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။**(ယာပုံ)**



အဆိုပါ အစည်းအဝေးတွင် အီရန်နိုင်ငံမှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ACD ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကာတာနိုင်ငံအား တာဝန်လွှဲပြောင်းပေးအပ်ခဲ့ပြီး ACD ၏ အတွင်းရေးမှူးချုပ်က ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ACD ၏ အဓိကမဏ္ဍိုင်(၆)ခုတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မဏ္ဍိုင် (၆)ခုအနက် အစားအစာ၊ ရေ၊ စွမ်းအင်ဖူလုံရေး မဏ္ဍိုင်၊ အပြန်အလှန် ဆက်နွယ်ရေးမဏ္ဍိုင်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး မဏ္ဍိုင်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချဉ်းကပ်နည်းများတိုးမြှင့်ရေး မဏ္ဍိုင်များတွင် Prime Mover များအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် တရုတ်၊ ပါကစ္စတန်၊ အီရန်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် ACD ထိပ်သီးအစည်းအဝေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် ခရီးသွားလာရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတို့ ရွှေ့ဆိုင်းခဲ့မှုအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများကိုလည်း အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။ အစည်းအဝေးတွင် ကာတာ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ကူဝိတ်၊ ကာဇက်စတန်နှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်း ပါဝင် ဆွေးနွေးခဲ့ကြသည်။

၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ACD ဥက္ကဋ္ဌတာဝန်ကို တူရကီနိုင်ငံက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အဆင့်မြင့် အစည်းအဝေး၊ ကာတာနိုင်ငံ ဒိုဟာမြို့၌ တတိယအကြိမ်မြောက် ACD ထိပ်သီးအစည်းအဝေး၊ (၁၆)ကြိမ်မြောက် ACD ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ACD စီးပွားရေးဖိုရမ်တို့ကို ကျင်းပသွားရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း အောက်တိုဘာလတွင် ဖွင့်လှစ်မည်

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည်ဖြစ်ပြီး အမှတ်စဉ်(၃၇) ပထမနှစ်နှင့် အမှတ်စဉ်(၃၆) ဒုတိယနှစ်သင်တန်းတို့ကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သတင်းပို့ရမည့်ရက်မှာ အောက်တိုဘာ ၂၀ ရက်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအထွေထွေညီလာခံတွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြား

## မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်း၍ သဟဇာတရှိသော လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအပါအဝင် ရေရှည်အဖြေကိုရှာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အလေးထားပြောကြားခဲ့

**(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ၏ စတုတ္ထနေ့အစည်းအဝေးကို စက်တင်ဘာလ ၂၈ ရက်တွင် အမေရိကန်၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပရာ ဒေသစံတော်ချိန် ည ၈ နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်၍ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအနေဖြင့် နိုင်ငံအားလုံးအတွက် ဆီလျော်မှုရှိသည့် ပိုမိုကောင်းမွန်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေးအတွက် အပြုသဘောဆောင်ပြီး၊ ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်း၍ သဟဇာတရှိသော လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအပါအဝင် ရေရှည်အဖြေကိုရှာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အလေးထားပြောကြားသည်။

### သန္နိဋ္ဌာန်ချထားမှု

ထို့ပြင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့မှ မကြာမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးမှ ချမှတ်ခဲ့သော ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တို့အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဖြင့် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားမှုတို့ကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သဘာပတိကြီးခင်ဗျား၊**

ကျွန်တော်တို့ဟာ စိန်ခေါ်မှုများစွာ ဖြစ်ပေါ်နေတဲ့ အချိန်ကာလများမှာ အသက်ရှင်နေထိုင်ကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုနှစ်အထွေထွေညီလာခံရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "ပြည်သူအားလုံးနဲ့ဆီလျော်တဲ့ ကုလသမဂ္ဂဖြစ်စေရေး-ငြိမ်းချမ်းမျှတပြီး ရေရှည်တည်တံ့တဲ့ လူမှုအဖွဲ့အစည်းများဖြစ်ပေါ်စေရေးအတွက် ကမ္ဘာကို ဦးဆောင်ပေးနိုင်မှုနဲ့ တာဝန်များ မျှဝေယူမှု"ဟာ အင်မတန်မှ ကောင်းမွန်ဆီလျော်လှပါတယ်။ ဒီဆောင်ပုဒ်ဟာ ယနေ့ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ကြဖို့အတွက် အရေးပါတဲ့ ဒီအဖွဲ့အစည်းကြီးရဲ့ ကဏ္ဍကို မြှင့်တင်ပေးဖို့ လိုအပ်ချက်ကိုလည်း သတိပေးရာရောက်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ အချုပ်အခြာအာဏာ တန်းတူညီတူရှိမှုဆိုတဲ့မူ အပါအဝင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးရဲ့ အခြေခံမူတွေကိုလည်း မေ့လျော့ထားလို့မဖြစ်ပါဘူး။ ဒါ့အပြင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာမှုဆိုင်ရာ အကျိုးစီးပွားနဲ့ လူ့အခွင့်အရေးတွေကို မြှင့်တင်ကာကွယ်ရာမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများမှတစ်ဆင့် ဆောင်ရွက်မှ ရရှိနိုင်မယ်ဆိုတာကိုလည်း သတိရကြဖို့ လိုအပ်ပါတယ်။ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာ ပါဝင်နေတဲ့ ဝိသေသလက္ခဏာကိုလည်း မမေ့လျော့သင့်ပါဘူး။

အပြုသဘောဆောင်ပြီး ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်မှသာ ကျွန်တော်တို့အနေနဲ့ နိုင်ငံအားလုံးနဲ့ ဆီလျော်တဲ့ ပိုမိုကောင်းမွန်သော ကုလသမဂ္ဂကြီးကို ဖန်တီးနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်လင့်တောင့်တတဲ့ တာဝန်မျှဝေယူမှုများနဲ့အညီ ကမ္ဘာကို ဦးဆောင်ပေးနိုင်မှုကို အမှန်တကယ်ရရှိနိုင်မှာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားစဉ်။

### သဘောထားပြောင်းလဲသွားခြင်းမရှိ

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ အခန်းကဏ္ဍအပေါ် မြန်မာနိုင်ငံရဲ့ သဘောထား ပြောင်းလဲသွားခြင်းမရှိဘူးဆိုတာကိုလည်း အလေးထားပြောကြားလိုပါတယ်။ ကမ္ဘာ့ရေးရာ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံတွေ အတူတကွ ပူးပေါင်းပြီး အဖြေရှာဖွေကြဖို့ ကုလသမဂ္ဂအဖွဲ့ကြီးထက် ပိုပြီးသင့်လျော်သော နိုင်ငံအပေါင်း ဆုံစည်းနိုင်တဲ့နေရာမျိုးမရှိပါဘူး။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်း၍ သဟဇာတရှိသော လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေနဲ့ ပတ်သက်ပြီး ဒီအထွေထွေညီလာခံကြီးမှာ အသိပေးတင်ပြလိုပါတယ်။

အေးချမ်းမှု၊ တည်ငြိမ်မှုမရှိတဲ့ နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ပါဘူး။ ဒါဟာကျွန်တော်တို့ရဲ့ ခံယူချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခြင်း ခံထားရတဲ့ ကျွန်တော်တို့အစိုးရဟာ တာဝန်စတင်ထမ်းဆောင်ချိန်ကစပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ တိုင်းရင်းသားများအကြား ဝိဝါဒကွဲပြားမှုတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့သာ အဆုံးသတ်နိုင်မယ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူများ မျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်မှသာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဆိုတာ အမှန်တကယ် အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။

### အခြေခံမူ(၅၁)ချက်

ဒါ့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူတွေချမှတ်ရာမှာ သဘောတူညီမှုရရှိနိုင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ညီလာခံ(၃)ကြိမ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း ဖြစ်လာမယ့် အခြေခံမူ(၅၁)ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်စေဖို့အတွက် ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နဲ့ သာမက လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေနဲ့ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။

### ပါဝင်လက်မှတ်ရေးထိုးခဲ့

ပြီးခဲ့တဲ့နှစ်အတွင်းမှာတော့ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ဖြစ်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အောက်သို့ ရောက်ရှိလာပြီး၊ ညီလာခံရဲ့ ဆွေးနွေးပွဲတွေမှာ ပါဝင်လာနိုင်ဖို့ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောစေဖို့ ဆောင်ရွက်ရာမှာ စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍတွေမှာ မျှတတဲ့ ဖွံ့ဖြိုးတိုးတက်မှု မရှိမဖြစ် လိုအပ်ပါတယ်။ ဒီ့အတွက် ကုလသမဂ္ဂ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ကိုက်ညီတဲ့ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀)(MSDP)ကို မြန်မာအစိုးရအနေနဲ့ ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများနှင့် ကမ္ဘာမြေဆိုတဲ့ မဏ္ဍိုင်(၃)ရပ် ပါဝင်ပါတယ်။ ဒီစီမံကိန်းရဲ့ ရည်မှန်းချက်များထဲမှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးတို့ ပါဝင်ပါတယ်။ ဒီစီမံကိန်းရဲ့နေရာအားလုံးမှာ စဉ်ဆက်မပြတ်တိုးတက်ရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်ပြီး၊ စီမံကိန်းအကောင်အထည်ဖော်ရေး ရှုထောင့်အားလုံးမှာ အဓိကထားရမှာ ဖြစ်ပါတယ်။ MSDP အောင်မြင်မှုအတွက် အမျိုးသားကြိုးပမ်းအားထုတ်မှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ ပါဝင်ဆောင်ရွက်မှုများလည်း လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံကို ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် အောင်အောင်မြင်မြင် အသွင်ကူးပြောင်းရေးမှာ လူ့အခွင့်အရေးနဲ့ အားလုံးပါဝင်ရေးဟာ အခြေခံကျပါတယ်။ ပြည်သူတွေအကြားမှာ ဒီမိုကရေစီစံနှုန်းနဲ့ အလေ့အထတွေ လေ့ကျင့်မွေးမြူနိုင်ကြဖို့အတွက် အစိုးရအနေနဲ့ အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းရာမှာ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတိုးတက်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနဲ့ အားမာန်ရှိတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးတို့ ပါဝင်ပါတယ်။ ဒီအချက်တွေ အားလုံးဟာ ပြည်သူအားလုံးကို လုံခြုံမှုနဲ့ သာယာဝပြောမှု ပေးစွမ်းနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် မဖြစ်မနေလိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးစ နိုင်ငံတစ်နိုင်ငံအတွက် ဒါဟာစိန်ခေါ်မှု အလွန်ကြီးမားတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပြည်သူများ လိုလားတောင့်တကြတဲ့ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရေးအတွက် ကျွန်တော်တို့အနေနဲ့ ခိုင်မာသော သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရေးဟာ ကျွန်တော်တို့ ဒီမိုကရေစီလုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးစေဖို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူပြီး ရက်သတ္တပတ် အနည်းငယ်အတွင်း ၂၀၁၆ ခုနှစ်၊ မေလမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို အစိုးရက ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီနောက် ရခိုင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များ တင်ပြနိုင်ဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။

ရခိုင်ပြည်နယ်တွင် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်နိုင်စေဖို့ ဆန္ဒနဲ့ ဉာဏ်ပညာအမြော်အမြင်ကြီးမားစွာဖြင့် အကြံပြုချက်များ ပေးအပ်ခဲ့တဲ့ ဒေါက်တာကိုဖီအာနန်ကို ဒီနေရာကနေ ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

### ကြိုတင်အကွက်ချစီစဉ်ခဲ့

ကော်မရှင်ဖွဲ့စည်းပြီး တစ်လခန့်အကြာမှာ နောင်အာဆာအဖွဲ့ဖြစ်လာမယ့် "အာကွာမူ မူဂျာဟီဒင်" ဘာသာရေးအစွန်းရောက် အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေး ရဲကင်း(၃)ခုကို တိုက်ခိုက်ခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုတွေဟာ အဲဒီဒေသမှာ နေထိုင်သူများအကြား စိုးရိမ်ကြောက်ရွံ့မှုတွေဖြစ်လာစေဖို့၊ အကြမ်းဖက်မှုတွေကို လှုံ့ဆော်ပေးဖို့နဲ့ နိုင်ငံတကာရဲ့ အာရုံစိုက်မှုရဖို့အတွက် ကြိုတင်အကွက်ချစီစဉ်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပေမယ့် ရခိုင်ပြည်နယ်အတွက် ရေရှည်အဖြေကို ရှာနိုင်ဖို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က အပြီးသတ်အစီရင်ခံစာကို မြန်မာအစိုးရထံ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာမှာ ရခိုင်ပြည်နယ် ရေရှည်ငြိမ်းချမ်းတည်ငြိမ်ဖို့အတွက် အကြံပြုချက်(၈၈)ချက် ပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက်၊ ယခုအချိန်မှာ အကြံပြုချက် (၈၈) အနက် (၈၁) ချက်ကို အကောင်အထည်ဖော်နေပြီဖြစ်တယ်ဆိုတာကို ဝမ်းမြောက်စွာ တင်ပြလိုပါတယ်။

စာမျက်နှာ ၇ သို့ ❖

"ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရေးဟာ ကျွန်တော်တို့ ဒီမိုကရေစီလုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးစေဖို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်"

❖ စာမျက်နှာ ၆ မှ

ဒေါက်တာ ကိုဖီအာနန်က ကော်မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာကိုပေးအပ်ပြီး နာရီအနည်းငယ်အတွင်း အာဆာအကြမ်းဖက်အဖွဲ့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်း(၃၀)နဲ့ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် အာဆာရဲ့ အကြမ်းဖက်မှုတွေဟာ လုံခြုံရေးတပ်ဖွဲ့တွေ သာမက ရခိုင်ပြည်နယ်မှာနေထိုင်ကြတဲ့ မတူညီတဲ့ လူမှုအသိုက်အဝန်းများကိုပါ ဦးတည်ခဲ့တယ်ဆိုတာ ဒီနေရာမှာ အလေးထားပြောကြားလိုပါတယ်။ ယင်းသို့ တိုက်ခိုက်မှုများကြောင့် စိုးရိမ်ကြောက်ရွံ့မှု၊ မတည်ငြိမ်မှုတို့ ဖြစ်ပေါ်ခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဒုက္ခသည် အမြောက်အမြား ထွက်ပြေးခဲ့ကြပါတယ်။

**လျစ်လျူရှုခဲ့ကြ**

ဒီလိုထွက်ပြေးမှုကိုသာ နိုင်ငံတကာက အာရုံစိုက်ပြီး၊ ထွက်ပြေးရတဲ့ လတ်တလောနဲ့ ယခင်ကတည်းကရှိနေခဲ့တဲ့ ပိုမိုကျယ်ပြန့်တဲ့ အကြောင်းရင်းတွေကိုတော့ လျစ်လျူရှုခဲ့ကြပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းအားလုံးအတွက် လိုအပ်တဲ့ တည်ငြိမ်မှု၊ ပြန်လည်သင့်မြတ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် စေတနာမှန်ကန်စွာဖြင့် တစ်ပေါင်းတစ်စည်းတည်း ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ကျွန်တော်တို့အနေနဲ့ နေရပ်စွန့်ခွာသူတွေ၊ အထူးသဖြင့် အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေရဲ့ ဒုက္ခတွေအပေါ် လွန်စွာစာနာထောက်ထားမိပါတယ်။ ရခိုင်ပြည်နယ်မှာ နေထိုင်ကြောင်း စိစစ်ပြီးတဲ့ နေရပ်စွန့်ခွာသူအားလုံးကို ဆောလျင်စွာ ပြန်လည်လက်ခံနိုင်ဖို့ အတွက် အစီအမံတွေ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

ဒီအတွက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအစီအစဉ်၊ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များ နှင့် ပြန်လည်လက်ခံရေးဆိုင်ရာ လက်တွေ့အစီအစဉ်စတဲ့ နှစ်နိုင်ငံသဘောတူညီချက် (၃)ခုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

**တိုက်တွန်း**

ကျွန်တော်တို့အနေနဲ့ အဲဒီနှစ်နိုင်ငံသဘောတူညီချက်တွေနဲ့အညီ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပြန်လည်ဝင်ရောက်လာကြမယ့် စိစစ်ပြီးသူများကို ပြန်လည်လက်ခံဖို့ ယခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကတည်းက မိမိတို့ဘက်မှာ အဆင်သင့်ဖြစ်နေခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း ကတိကဝတ်များလိုက်နာဖို့နဲ့ စိစစ်ပြီးသူများကို ဆန္ဒအလျောက် လုံခြုံသိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် အချိန်မဆွဲဘဲ ခွင့်ပြုပေးဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းလိုပါတယ်။

နေရပ်စွန့်ခွာသူအချို့ဟာ မိမိတို့ သဘောဆန္ဒအလျောက် ၎င်းတို့အစီအစဉ်နဲ့ ပြန်လည်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ ယင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စိစစ်မှတ်ပုံတင်မှုများ ပြုလုပ်ပေးခဲ့ပြီး၊ ယခုအခါမှာ ၎င်းတို့ရဲ့ နေအိမ်အသီးသီးမှာ မိသားစုများ၊ ဆွေမျိုးများနဲ့အတူ ပြန်လည်နေထိုင်နေကြပြီဖြစ်ပါတယ်။

သို့သော် နှစ်နိုင်ငံသဘောတူညီချက်ကို အကောင်အထည်ဖော်မှု အစီအစဉ်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နေရပ်စွန့်ခွာသူ တစ်ဦးတစ်ယောက်မျှ ပြန်လည်ပေးပို့လာခြင်း မရှိသေးပါဘူး။

**သဘာပတိကြီးခင်ဗျား-**

နှစ်နိုင်ငံသဘောတူညီချက်တွေကို အကောင်အထည်ဖော်ခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ မြန်မာနိုင်ငံ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေမယ့်လုပ်ရပ်တွေကို ရှောင်ရှားခြင်းဖြင့်သာ ပြဿနာကို လျင်လျင်မြန်မြန် အေးအေးချမ်းချမ်း ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**လက်မှတ်ရေးထိုးခဲ့**

ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ အထူးသဖြင့် လက်ရှိလူသားချင်းစာနာမှု အကျပ်အတည်းကို ဖြေရှင်းရာမှာ ကုလသမဂ္ဂရဲ့ အရေးပါတဲ့ကဏ္ဍကို ကျွန်တော်တို့အနေနဲ့ အသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။ ပြန်လည်ဝင်ရောက်မယ့်သူများကို ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကူအညီရယူဖို့ မြန်မာအစိုးရအနေနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နဲ့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

> **ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပြန်လည်ဝင်ရောက်လာကြမယ့် စိစစ်ပြီးသူများကို ပြန်လည်လက်ခံဖို့ ယခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကတည်းက မိမိတို့ဘက်မှာ အဆင်သင့်ဖြစ်နေခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း ကတိကဝတ်များလိုက်နာဖို့နဲ့ စိစစ်ပြီးသူများကို ဆန္ဒအလျောက် လုံခြုံသိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် အချိန်မဆွဲဘဲ ခွင့်ပြုပေးဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းလိုပါတယ်. . .**

နားလည်မှုစာချွန်လွှာအရ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့ အနေနဲ့ လုပ်ငန်းစတင်နိုင်မယ့်နေရာတွေမှာ ကွင်းဆင်းဆန်းစစ်လေ့လာရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ကို စတင်ရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အနေနဲ့ ဒီလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်လို့ ကျွန်တော်တို့အနေနဲ့ ၎င်းတို့ထံမှ ဆန်းစစ်တွေ့ရှိချက်များ ပြန်ကြားလာတာကို စောင့်ဆိုင်းနေပါတယ်။

**သဘာပတိကြီးခင်ဗျား-**

လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေး အဖွဲ့က ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအပေါ် မြန်မာအစိုးရအနေနဲ့ အလွန်စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

**အဟန့်အတားဖြစ်စေ**

အချက်အလက်ရှာဖွေရေးအဖွဲ့၏ လိုအပ်မှု၊ ဖွဲ့စည်းမှုနဲ့ လုပ်ပိုင်ခွင့်တို့အပေါ် မြန်မာအစိုးရက စစ်မှန်တဲ့ စိုးရိမ်မှုတွေရှိခဲ့တဲ့အတွက် အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မတ်လမှာကတည်းက ကန့်ကွက်ခဲ့တာ ဖြစ်ပါတယ်။ မြေပြင်အခြေအနေမှာ လူမှုအသိုက်အဝန်းများ အကြား သဟဇာတရှိစေဖို့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးပမ်းနေကြတဲ့ အချိန်မှာပဲ ခိုင်ခိုင်မာမာ သက်သေမပြနိုင်တဲ့ ဖြစ်ရပ်ဇာတ်ကြောင်းတွေကို အခြေခံထားတဲ့ အစီရင်ခံစာကို ထုတ်ပြန်လိုက်ခြင်းဟာ တင်းမာမှုတွေကို ဆက်လက်ဖြစ်ပေါ်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုက်အဝန်းများအကြား အလွန်လိုအပ်လျက်ရှိနေတဲ့ လူမှုပေါင်းစည်းနေထိုင်မှု တည်ဆောက်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို အဟန့်အတားဖြစ်စေမှာကို စိုးရိမ်မိပါတယ်။

ဒီနေရာမှာ တာဝန်ခံမှုဆိုတာ ကျွန်တော်တို့အားလုံး အတွက် ဘယ်လိုဖြစ်သင့်တယ်ဆိုတာ အလေးအနက် ပြောကြားလိုပါတယ်။ တာဝန်ခံမှုဆိုတာ မိမိရဲ့ လုပ်ရပ်တွေ အပေါ် တာဝန်ယူခြင်းပဲဖြစ်ပါတယ်။ တာဝန်ခံမှုဟာ အားလုံးအပေါ် မျှမျှတတ သက်ရောက်မှုရှိရမှာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများ၊ အစိုးရများနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဟာ ၎င်းတို့ရဲ့ စကားလုံးများနဲ့ လုပ်ရပ်တွေရဲ့ အကျိုးဆက်အတွက် တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးရဲ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်မှာ ချမှတ်ခဲ့တဲ့ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာ ပယ်ချခဲ့ပြီးဖြစ်တာကို အဆွေတော်တို့ သိရှိပြီးဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်က ရှင်းပါတယ်။ မြန်မာနိုင်ငံဟာ ရောမသဘောတူစာချုပ်(Rome Statute)မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံမဟုတ်တဲ့အတွက် ယင်းတရားရုံးအနေနဲ့ မြန်မာနိုင်ငံအပေါ် ဘယ်လိုမှ တရားစီရင်ပိုင်ခွင့် မရှိပါဘူး။ ယင်းတရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ သံသယဖြစ်ဖွယ် ဥပဒေအကြောင်းပြချက်တွေအပေါ်မှာ ချမှတ်ထားခဲ့တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံအစိုးရအနေနဲ့ ပြည်တွင်း၌ မိမိအစီအစဉ်နဲ့ ဖြေရှင်းဆောင်ရွက်နေမှုတွေ မပြီးဆုံးသေးတဲ့အခြေအနေမှာ ယခုလိုဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

**စိုးရိမ်ပူပန်သင့်**

မကြာသေးမီကချမှတ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ဒီဆုံးဖြတ်ချက် ချမှတ်ခဲ့ပုံ နည်းလမ်းတို့ဟာ တရားရုံးအနေနဲ့ အန္တရာယ်ရှိတဲ့ အစဉ်အလာကျင့်ထုံးတစ်ရပ် ဖြစ်သွားနိုင်တဲ့အပေါ်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ အဖွဲ့ဝင်တွေအနေနဲ့ လေးလေးနက်နက် စိုးရိမ်ပူပန်သင့်တယ်ဆိုတာကို ယနေ့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်အားလုံးကို ပြောကြားလိုပါတယ်။ ယခုဆုံးဖြတ်ချက်ဟာ တရားရုံးရဲ့ လူမှုကျင့်ဝတ်နဲ့ ဥပဒေဆိုင်ရာ အခွင့်အာဏာကို ယိုယွင်းပျက်စီးစေရာရောက်ပါတယ်။ ဒီအပြည်ပြည်ဆိုင်ရာ တရားရုံးအပေါ် ယုံကြည်စိတ်ချမှုကင်းမဲ့တာ မိမိတို့ တစ်နိုင်ငံတည်းမဟုတ်ကြောင်းသိရလို့ အားတက်မိပါတယ်။

သို့သော်လည်း ကျွန်တော်ထပ်ပြီး ရှင်းရှင်းလင်းလင်း ပြောကြားလိုတာကတော့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံးရဲ့ ယခုလို ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ် ဝင်ရောက်စွက်ဖက်မှုကို မြန်မာအစိုးရက လက်ခံနိုင်မှာ မဟုတ်သော်လည်း၊ ရခိုင်ပြည်နယ်မှာ ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် လုံလောက်တဲ့ အထောက်အထားရှိမယ်ဆိုရင် တာဝန်ခံမှုရှိစေဖို့အတွက် ကျွန်တော်တို့ အပြည့်အဝ ကတိကဝတ်ပြုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်**

မြန်မာနိုင်ငံမှာ တာဝန်ခံမှုရှိစေရေး၊ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရခိုင်ပြည်နယ်မှာ ကျူးလွန်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေကို ဒီကော်မရှင်က စုံစမ်းစစ်ဆေးမှာဖြစ်ပါတယ်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်မှာ ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စ ရိုဆာရီယို မာနာလိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်းနဲ့ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ဟောင်း သံအမတ်ကြီး ကင်ဇို အိုရှီးမား၊ မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌဟောင်းနဲ့ ယူနီဆက်အဆင့်မြင့်အရာရှိကြီးဟောင်းတို့ ပါဝင်ကြပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များနဲ့အတူ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်ဟာလည်း ရခိုင်ပြည်နယ်ရဲ့ ကာလရှည်ကြာစွာ တည်ရှိခဲ့တဲ့ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာမှာ အရေးပါတဲ့ လမ်းပြအလင်းရောင်တစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။

**သဘာပတိကြီးခင်ဗျား-**

မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေဟာ ရှုပ်ထွေးနက်နဲပြီး၊ ဘက်ပေါင်းစုံ ဖြစ်ပါတယ်။ သို့သော်လည်း မြန်မာပြည်သူတွေဟာ ကြံ့ကြံ့ခံနိုင်ကြပါတယ်။ ပဋိပက္ခ၊ ဖွံ့ဖြိုးမှုနောက်ကျမှုနဲ့ သဟဇာတမရှိမှုတွေကို ဆယ်စုနှစ်များစွာခံစားခဲ့ရတဲ့ မြန်မာနိုင်ငံကို ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တစ်မျိုးသားလုံး သဟဇာတဖြစ်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ ကြိုးပမ်းကြရာမှာ အခက်အခဲအားလုံး၊ စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းကြဖို့ ကျွန်တော်တို့ဟာ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

## WLC လက်ဝှေ့ပြိုင်ပွဲ စိုးလင်းဦးက ကျောက်ဝမ်ဝမ်ကို အလဲထိုးအနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၂၉**

World Lethwei Championship က ကြီးမှူးကျင်းပသော WLC-6: Heartless Tigers ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ၌ ကျင်းပရာ တွဲဆိုင်းရှစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်သောပွဲစဉ်များအနက် အဓိကတွဲဆိုင်းဖြစ်သည့် စိုးလင်းဦး (မြန်မာ)နှင့် တရုတ်ကစ်ဘောက်ဆင်ချန်ပီယံ ကျောက်ဝမ်ဝမ်တို့တွဲဆိုင်းတွင် ပထမအချီတွင် ကျောက်ဝမ်ဝမ်က ဖြောင့်လက်သီးများဖြင့် တိုက်စစ်ဖွင့်သလို စိုးလင်းဦးကလည်း မျက်နှာဝိုက်ပြီး ချက်ကောင်းစောင့်ထိုးနေ၍ သူတစ်ပြန်ကိုယ်တစ်လှည့်ဖြစ်နေသည်။ ဒုတိယအချီမှာပင် စိုးလင်းဦး၏ပါဝါပြင်း ဘယ်ညာဝိုက်လက်သီးများက ကျောက်ဝမ်ဝမ်ကို ကြမ်းပြင်ပေါ် လဲကျစေခဲ့ပြီး စိုးလင်းဦးအနိုင်ရှိခဲ့သည်။

လိုက်ဝယ်သာဝိတ်တန်းတွင် လက်သီးမိုး(ရွှေသထုံ)နှင့် ယျူးကလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ လူငယ်များပီပီ မညှာစတမ်း ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီတွင် နှစ်ဦးစလုံး မျက်နှာသွေးခြင်းခြင်းနီနေပြီး အချီပြည့် လက်ရည်အသာဖြင့်ထိုးသတ်ခဲ့သည့် လက်သီးမိုးက လည်းကောင်း၊ မစ်ဒယ်ဝိတ်တန်းတွင် ပိုက်ထွေး(ရွှေသထုံ)နှင့် ဆန်းသူဦး(ရွှေဘားလား)တို့ နှစ်ဦးစလုံး ကြံ့ခိုင်မှုနှင့် သက်လုံကောင်းစွာ ငါးချီပြည့်ယှဉ်ပြိုင်ခဲ့သော်လည်း အလဲမထိုးနိုင်ခဲ့သဖြင့် လက်ရည်အသာစီးယှဉ်ပြိုင်ခဲ့သည့် ပိုက်ထွေးက လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

နိုင်ငံတကာပွဲစဉ်ဖြစ်သည့် လိုက်ဝိတ်တန်းတွင် မိုက်ရိုင်း(မြန်မာ)နှင့် ပစ်ခ်မထဲခမန်း(ကမ္ဘောဒီးယား)တို့ပွဲစဉ်တွင် မိုက်ရိုင်း၏ ထိုးလုံးထိုးကွက် ပိရိသေသပ်သော်လည်း ပွဲစဉ်တစ်လျှောက်လုံး မာဂုဏ်ရှိရှိနှင့် ကြံ့ခိုင်မှုကောင်းစွာယှဉ်ပြိုင်ခဲ့သည့် ပစ်ခ်မထဲခမန်းကို မိုက်ရိုင်းအရှုံးပေးခဲ့ရသည်။

လိုက်ဝိတ်တန်းတွင် အန်တိုနီယိုဖာရာ(ပေါ်တူဂီ)နှင့် ငုယင်ထန်ကွင်း (ဗီယက်နမ်)တို့တွဲဆိုင်း ပွဲစကတည်းက ပွဲစဉ်အကြိမ်တိုင်း အမှတ်စဉ်အရေးခံရသည့် ငုယင်ထန်ကွင်းကို အန်တိုနီယိုက ဒိုင်ပွဲရပ်ဖြင့်အနိုင်ရခဲ့ပြီး နိုင်ငံတကာပွဲစဉ် ဝယ်လ်တာဝိတ်တန်းတွင် သပြေညို(မြန်မာ)နှင့် ဆူးခရော့ဖ်ခိုမူရိုဒေ့ါ (ဥဇဘက်ကစ္စတန်)တို့ ပထမအချီ ဆူးခရော့၏ မထင်မှတ်သည့်ညာနောက်ခြေပတ်ကန်ချက်ကြောင့် သပြေညိုလဲကျခဲ့သည်။ ဒုတိယအချီတွင် ပတ်ခြေကန်ချက်များကို သတိထားကာတိုက်စစ်ဆင်ရင်း တတိယအချီတွင် သပြေညို၏ လက်သီးတွဲလုံးများက ဆူးခရော့မျက်ခုံးကိုကွဲစေခဲ့ကာ ဆရာဝန်ခွင့်ပြုချက်မရသဖြင့် သပြေညို အလဲထိုးအနိုင်ရရှိခဲ့သည်။

ဝယ်လ်တာဝိတ်တန်းတွင် ရန်နိုင်ထွန်း(မြန်မာ)နှင့် ခွန်ဆူဖွန်တို့ပွဲစဉ် တတိယအချီတွင် သက်လုံကျလာသည့် ခွန်ဆူဖွန်ကို ရန်နိုင်ထွန်းက ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ လိုက်ဝယ်လ်တာဝိတ်တန်း ပြည်တွင်းပွဲစဉ်တွင် ကျော်ဇင်လတ်(ရွှေသထုံ)နှင့် စောထူးအောင်(တော်ဝင်ရိုးရာ)တို့ပွဲစဉ် ပထမအချီမှာပင် စောထူးအောင်က ကျော်ဇင်လတ်ကို အလဲထိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရှိခဲ့သည်။

**အောင်ကျော်ဦး**

## ဂန့်ဂေါမြို့တွင် စာဖတ်ဝိုင်းကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၂၉**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာဖတ်ဝိုင်းကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေး၊ ဦးအောင်စိုးမင်း(ယောသားလေး)၊ ဒေါ်ကြင်ကြင်ထွေး(အကြင်သူ-ယောမြေ)၊ ဆရာမဒေါ်ကြူကြူမြင့်၊ ဆရာ ဦးအောင်မင်းထွေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာစိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အိအိချိုတို့က အောင်သင်း၏ နှလုံးသားကို လေးပေါ်တင်၍ စာအုပ်ပါ အကြောင်းအရာများကို ကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းလှ၌ ရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းလုပ်အားပေး

**မင်းလှ စက်တင်ဘာ ၂၉**

၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ တတိယပတ်တွင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းမြင့်၊ မြို့မရဲစခန်းမှူး၊ နယ်မြေ ရဲစခန်းမှူးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်အင်အား ၇၅ ဦးတို့က ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

# မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးစာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**မော်လမြိုင် စက်တင်ဘာ ၂၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မော်လမြိုင်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်နှင့် Mobile Library မော်တော်ယာဉ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လူထုအခြေပြုဗဟိုဌာနအတွင်းရှိ စာကြည့်တိုက်တွင် ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှုနှင့် စာပေဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးကာ စာရေးကိရိယာများ ပေးအပ်သည်။

ယင်းနောက် ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ် ပြိုင်ပွဲဝင်နေကြသည့် ကလေးများကို ကြည့်ရှုအားပေး၍ ကလေးငယ်များကို ကစားစရာအရုပ်များ ပေးအပ်ကာ လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်လေ့ကျင့်မှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာန ရှေ့မျက်နှာစာရှိ ယာယီမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် အများပြည်သူဆုံတွေ့ပြီး သတင်း အချက်အလက်ဖလှယ်ရာ၊ ရပ်ရွာလူမှုရေး၊ ကျန်းမာရေး အသိပညာပေး လုပ်ငန်းများ စုပေါင်းဆွေးနွေးရာ၊ အသင်းအဖွဲ့အမျိုးမျိုးတို့ ဆုံစည်းပြီး ဆွေးနွေးတိုင်ပင်ရာ၊ လူငယ်များ အတွက် အသိပညာ၊ အတတ်ပညာ ဆိုင်ရာသင်တန်းများ ပို့ချပေးရာ စသည့် ဘက်စုံကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် နေရာထိုင်ခင်းနှင့် လိုအပ်သည်များ စီစဉ်ပေးထားသည့် လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မြစ်ကြီးနားမြို့၌ အဆောက်အအုံမှစ၍ ပြန်လည်ဆောက်လုပ်ခဲ့ပြီး ကျန်မြို့ကြီးများတွင်လည်း အလားတူ အထပ်မြင့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ မော်လမြိုင်ခရိုင်ရုံးကဲ့သို့ ရွေ့လျား စာကြည့်တိုက်နှင့် ကွန်ပျူတာသင်တန်းခန်းမ၊ ကလေးစာဖတ်ခန်း၊ ပြတိုက်စသည်တို့ ပါဝင်သည့် လူထုအခြေပြုဗဟိုဌာနအဖြစ်လည်း အဆင့်မြှင့်တင် ဖွင့်လှစ်လျက်ရှိပါကြောင်း။

လူထုအခြေပြုဗဟိုဌာနများကို ပြည်သူ့အတွက် အကျိုးရှိသည့် လုပ်ငန်းများ ဖော်ဆောင်သည့် နေရာအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိရာ လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီကြရန်နှင့် ထိရောက်အောင် အသုံးပြုကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အတွင်း ပထမဆုံးဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ကို ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ရာ နေရာတစ်ခုအဖြစ် သတ်မှတ်ကာ စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေးနှင့် အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေမှုများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှု၊ ရွေ့လျား စာကြည့်တိုက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောကြားကာ ဒေသခံ ပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသောင်းထိုက်က လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျား စာကြည့်တိုက် ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လျက်ရှိရာ ယခုအခါ မြို့ကြီး ၁၂ မြို့တွင် ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့ စာပေဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်စဉ်။

# မော်လမြိုင်တွင် ရသစာပေစကားဝိုင်း ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၉**
လူငယ်များ စာပေဖတ်ရှုမှုအလေ့အထ ပိုမိုပြန့်ပွားလာစေရေးနှင့် စာပေဆိုင်ရာ အသိအမြင်များ ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးဖလှယ်နိုင်စေရေးအတွက်ရည်ရွယ်ပြီး ရသစာပေစကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက မော်လမြိုင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် တစ်ဆက်တည်း ကျင်းပသည်။

စာပေစကားဝိုင်းတွင် နိုင်ငံကျော် စာရေးဆရာမများ ဖြစ်ကြသည့် မိုးပန်းမွန်(ရာမည)၊ နှင်းဝေငြိမ်းနှင့် ပုညခင်တို့က ဦးဆောင်ဆွေးနွေးကြပြီး ဒေသခံ စာပေဝါသနာရှင် လူငယ်များဖြစ်ကြသည့် မောင်ကြည်ဇော်လွင်၊ မသင်းထက်စိုး၊ မောင်ဖုန်းမြတ်ဟန်၊ မပန်းအိသဇင်၊ မောင်ဖုန်းမြတ်မိုး၊ မဝေဇင်ဦးတို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ရသစာပေစကားဝိုင်းသို့ တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများက ၎င်းတို့၏အမြင်များကို ပါဝင်ဆွေးနွေးမှုနှင့်အတူ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစီအစဉ်ဖြင့် ပြည်သူ့စကားဝိုင်းများကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကျင်းပလျက်ရှိရာမှ ယခုအခါ ရသစာပေစကားဝိုင်းများကိုလည်း ထည့်သွင်းကျင်းပပေးလာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျေးရွာဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းဖွင့်

**ဖျာပုံ စက်တင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံသွတ်တညီကျေးရွာတွင် ပေ ၁၀၀၀ ကျော်ရှိ ကွန်ကရစ်လမ်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းကွန်ကရစ်လမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စိုးတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းလမ်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်းက ကွန်ကရစ်လမ်းဖြစ်သွားတော့ အရင်ဆုံး ကျောင်းသား ကျောင်းသူတွေအပါအဝင် ရဟန်းရှင်လူ ပြည်သူအားလုံး သွားလာရေးချောမွေ့လာလို့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဒေသခံ ဒေါ်စန်းစန်းမြင့်က ပြောသည်။

ဖျာပုံခရိုင်အတွင်း၌ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ပထမ ခြောက်လ ဘဏ္ဍာနှစ်အထိ စီမံကိန်းကျေးရွာ စုစုပေါင်း ၁၅ ရွာအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ဘူးသီးတောင်၌ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ချုံနွယ်များရှင်းလင်း

**ဘူးသီးတောင် စက်တင်ဘာ ၂၉**
(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင်မြို့နယ် အမှတ် ၃ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာရီရဲမှူးကြီး ဝင်းသိန်းနှင့် အမှတ် ၈ နယ်ခြားစောင့်ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား၂၀၀ တို့သည် စက်တင်ဘာ၂၉ ရက်က ဘူးသီးတောင်မြို့နယ် အေးစေတီဘုန်းတော်ကြီးကျောင်းတိုက် စေတီရင်ပြင်နှင့် ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် အမှိုက်များလှည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ ည ၇ နာရီ ၄၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# နိုင်ငံတကာဖိတ်ခေါ် အမျိုးသမီးဂေါက်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း ဧရိယာအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် Myotha National Championship Golf Course နိုင်ငံတကာ ဖိတ်ခေါ်အမျိုးသမီး Class အသင်းလိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီက မြို့သာဂေါက်ကလပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် နှင့်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့သာနေရှင်နယ်ဂေါက်ကွင်းဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ် ဦးအောင်ဝင်းခိုင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။




မြို့သာလေ့ကျင့်ရေးဂေါက်ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းဖော်ဆောင်ရေးဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ဂေါက်ကွင်းတည်ဆောက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး လိုက်လံပြသည်။

ဆက်လက်၍ညနေ ၆ နာရီခွဲတွင် လေ့ကျင့်ရေး ဂေါက်ကွင်းရှင်းလင်းဆောင်တွင် နိုင်ငံတကာဖိတ်ခေါ် အမျိုးသမီးဂေါက်ရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အမျိုးသမီးအားကစားသမားများအား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ပြိုင်ပွဲဝင် အမျိုးသမီးအားကစားသမားများအား အမှတ်တရ လက်ဆောင်များကို လည်းကောင်း၊ ဂေါက်ကလပ် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ကျင်းအနီးဆုံးရိုက်ချက်ဆုရ အားကစားသမားနှစ်ဦးအား လည်းကောင်း ဆုများ ချီးမြှင့်ပြီး ကျေးဇူးတင်စကားပြောကြားကာ စုပေါင်း ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အာရှ ယူ-၁၇၊ ယူ-၁၅ အငယ်တန်း ကြက်တောင်ပြိုင်ပွဲဝင် စင်ကာပူနိုင်ငံအသင်း ရောက်ရှိ

**မန္တလေး စက်တင်ဘာ ၂၉**

၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းအနီးရှိ မန္တလာသီရိအားကစားခန်းမ၌ ကျင်းပမည့် အာရှလူငယ်တံခွန်စိုက် အသက် ၁၇ နှစ်၊ ၁၅ နှစ်အောက် ကြက်တောင်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်တွင်ပါ နာမည်ကျော်ကြား နေသော အာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အုပ်ချုပ်သူ နည်းပြအားကစား မောင်မယ် ၂၉ ဦး ပါဝင်သော စင်ကာပူနိုင်ငံအသင်းသည် ယနေ့မွန်းလွဲ ပိုင်း၌ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ အား/ကာမှ ဆက်သွယ်ရေးခေါင်းဆောင် ဦးရဲအောင်နှင့် လူငယ်များ၊ မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး တည်းခိုနေထိုင်မည့် ဂရိတ်ဝေါ ဟိုတယ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အာရှလူငယ်ကြက်တောင်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ပြိုင်ပွဲအကြိုပြင်ဆင်မှု များကိုလည်း လိုအပ်ချက်များနှင့်အညီ အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် မန္တလာသီရိအားကစား ခန်းမ၌ မန္တလေး-နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာဒီဂရီ ကောလိပ်တို့မှ ဆက်သွယ်ရေးတာဝန်ပေးခံရသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များနှင့် အားကစားဦးစီးအရာရှိတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆက်သွယ်ရေးခေါင်းဆောင် ဦးရဲအောင်နှင့် အား/ကာသိပ္ပံမှ တာဝန်ရှိသူများက တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အိမ်ရှင် မြန်မာလူငယ်ကြက်တောင်အားကစားမောင်မယ် ၂၄ ဦးတို့ကိုလည်း ကြက်တောင်နည်းပြဆရာများက (မန္တလေး) အား/ကာသိပ္ပံ ကြက်တောင်အားကစားခန်းမ၌ လေ့ကျင့်ပေး လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ် အသက် ၈၈ နှစ်ပြည့် အထိမ်းအမှတ် ပန်းချီပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၉**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ရရှိသည့် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ အသက် ၈၈ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ခမ်းနားကြီးကျယ်သော ပုဂံမြို့ဟောင်း(The Glorious Old Bagan)အမည်ရှိ ပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ၁၇ ရပ်ကွက် တောင်ငူလမ်း အမှတ်(၄၀၉/၄၁၃)ရှိ Artist Life Art Gallery ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီကား ငါးကားကို ကံစမ်းမဲစနစ်ဖြင့် အမှတ်တရလက်ဆောင်ပေးအပ်သည်။ ပြပွဲတွင်ပန်းချီကား ၉၁ ကားပါဝင်ပြီး စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# YBS ကားများပေါ်တွင် စာရွက်၊ စာတမ်းများ ဖြန့်ဝေတောင်းရမ်းနေသူများ၏ နောက်ကွယ်မှ ခိုင်းစေသူများကို ဖော်ထုတ်အရေးယူရန်လိုကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် YBS ကား များပေါ်တွင် စာရွက်၊ စာတမ်းများဖြန့်ဝေပြီး တောင်းရမ်း နေသူများ၏ နောက်ကွယ်မှခိုင်းစေသူများကို စုံစမ်း ဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူဖြေရှင်းသွားရန် လိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။



စက်တင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ခန်းမ၌ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေါ်နော်ပန်းသဉ္ဇာမျိုးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"YBS ကားတွေပေါ်မှာ စာရွက်စာတမ်းတွေ ဖြန့်ပြီး တောင်းနေသူတွေ တွေ့ရတယ်၊ အဲဒီတောင်းနေသူတွေရဲ့ နောက်ကွယ်မှာ ခိုင်းစားနေတဲ့ သူတွေရှိနိုင်သလားဆိုတဲ့ အချက်ကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီးတော့ မြို့နယ်စည်ပင် အနေနဲ့ ထိထိရောက်ရောက် ဖမ်းဆီးဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်၊ ဒီလိုမျိုးတောင်းရမ်းနေပြီး ဂိုဏ်းဂဏဖွဲ့ နေမယ်ဆိုရင် အေးချမ်းသာယာလှပတဲ့ နေချင်စဖွယ်မြို့ ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် မြို့တော်စည်ပင်ရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်"ဟု ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြောသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ခံရမှုများ၊ သက်ငယ်မုဒိမ်းမှုများ တစ်နေ့တခြား များပြား လာနေသည့်အတွက် ယနေ့အစည်းအဝေးသို့ တက်ရောက် လာသူများက အဆိုပါကိစ္စရပ်များ လျော့နည်းပပျောက်ရေး နှင့် အစိုးရသို့အကောင်းဆုံး အကြံဉာဏ်များပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှု ဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီကျော်က ယခင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ ဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ခရိုင်လေးခရိုင်မှ တာဝန်ရှိသူများက ခရိုင် အလိုက် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကော်မတီ၏ လုပ်ဆောင်ချက်များကို တင်ပြခဲ့ပြီး တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီမှ တာဝန်ရှိသူများနှင့် ကလေးသူငယ်လုပ်ငန်းများ ဆောင်ရွက်နေသည့် NGOs၊ INGOs များ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ တက်ရောက်လာသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(UNCRC) ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၃ ခုနှစ် တွင် ကလေးသူငယ် ဥပဒေနှင့် ၂၀၀၁ ခုနှစ်တွင် ကလေး သူငယ်နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် တို့ကို အပြည့်အဝရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကလေးသူငယ် ဥပဒေကို ပြင်ဆင်ရေးဆွဲနေပြီး ယခင်က အသက် ၁၆ နှစ်အောက်ကို ကလေးသူငယ်အဖြစ် သတ်မှတ်ထားသော်လည်း ယခုပြင်ဆင်ရေးဆွဲနေသည့် ဥပဒေတွင် အသက် ၁၈ နှစ်အောက်အဖြစ် ပြင်ဆင်ထား ကြောင်း အဆိုပါညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**သီသီမင်း**

# စစ်တွေမြို့ ဗုဒ္ဓပြတိုက်၌ ခေတ်အဆက်ဆက် ဗုဒ္ဓရုပ်ပွားတော်များ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖူးမြော်ကြည်ညို



**စစ်တွေ စက်တင်ဘာ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေဗုဒ္ဓပြတိုက်၌ ခေတ်အဆက်ဆက်စုဆောင်းထားရှိသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုသည်။

**ပြတိုက်နှင့်ပတ်သက်၍ ရှင်းလင်းပြသ**

ဗုဒ္ဓပြတိုက်၌ ပြည်ထောင်စုဝန်ကြီးအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ စစ်တွေဌာနခွဲ တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြတိုက်နှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဗုဒ္ဓပြတိုက်ရှိ ပြခန်းများကို ခေတ်နှင့်အညီ ပြန်လည်ခင်းကျင်းပြသရေးနှင့် ပြတိုက်အဆောက်အအုံ ရေရှည်ကြံ့ခိုင်စေရန် မွမ်းမံပြင်ဆင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နော်ဝေနိုင်ငံအခြေစိုက် ငါးသယံဇာတသုတေသနသင်္ဘော ကော့သောင်းမြို့ ရောက်ရှိ



**ကော့သောင်း စက်တင်ဘာ ၂၉**

နော်ဝေနိုင်ငံအခြေစိုက် ငါးသယံဇာတ သုတေသနသင်္ဘော RV Dr.Fridtjof Nansen သည် မြန်မာ့ရေပိုင်နက် ကမ်းရိုးတန်းဒေသများအတွင်း ရေအရင်းအမြစ်များဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရင်း နောက်ဆုံးခရီးစဉ်အဖြစ် တနင်္သာရီကမ်းရိုးတန်းဒေသ ဇာဒက်ကြီးကျွန်းအနီး ကော့သောင်းရေပြင်ပိုင်နက်သို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သုတေသနသင်္ဘောကို ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ သွားရောက်ကြိုဆိုလက်ခံတွေ့ဆုံကြရာ သင်္ဘောကပ္ပတိန် နော်ဝေနိုင်ငံသား Mr.Jensottokrak stat နှင့် တာဝန်ရှိသူများက ၎င်းတို့သင်္ဘော၏ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း ကမ်းရိုးတန်းဒေသ တစ်လျှောက် သုတေသနပြုလုပ်ခဲ့သည့် မှတ်တမ်းစာအုပ်များအားပေးအပ်ပြီး ကော့သောင်းဒေသ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

သုတေသနသင်္ဘောသည် လွန်ခဲ့သည့် ဩဂုတ် ၂၄ ရက်မှ စတင်ကာ ရခိုင်ကမ်းရိုးတန်းနှင့် ဧရာဝတီကမ်းရိုးတန်း ပင်လယ်ပြင်တစ်လျှောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်ဆိပ်ကမ်းမှ စတင်ထွက်ခွာ၍ တနင်္သာရီကမ်းရိုးတန်း ပင်လယ်ရေပြင်တစ်လျှောက် မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်အတွင်း ငါးသယံဇာတနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သင်္ဘောနှင့်အတူ လိုက်ပါလာသည့် မြန်မာသုတေသနပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်းက ပြောသည်။

ခရီးစဉ်တစ်လျှောက် သုတေသနသင်္ဘောက သုတေသနပြု ဖမ်းဆီးရမိခဲ့သည့် ရေသယံဇာတ ငါးနမူနာမျိုးစုံကို အအေးပုံးများဖြင့် မပုပ်မသိုးစေရန် တာဝန်ယူစီမံလက်ခံရယူပြီး မိမိနိုင်ငံအတွင်း သင်တန်းများပို့ချနိုင်ရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် ကြို့ကုန်းငါးလုပ်ငန်းဦးစီးဌာနရုံးသို့ ကော့သောင်းမြို့မှတစ်ဆင့် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောသည်။

အဆိုပါ သင်္ဘောသည် ကမ္ဘာ့ခေတ်အမီဆုံးသုတေသနသင်္ဘောများအနက် တစ်ခုဖြစ်ပြီး ရေလုပ်ငန်းထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများတိုးပွားလာစေရန်နှင့် မြန်မာ့ရေကြောင်း ဂေဟစနစ်များအပေါ် နားလည်မှုပိုမိုတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် FAO စီမံကိန်းအရ ၁၉၇၉ ခုနှစ်တွင်ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအအကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကာ ယင်းနေ့ညနေပိုင်းတွင် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း မြန်မာ့ရေပိုင်နက်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက် အမှတ် M-12/M-13/M-14 တို့တွင် 3D Broadband Marine Seismic Data Acquisition Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် POLAR DUCHESS ဖြင့် Area-1 တွင် Point-1 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၅ မိနစ် ၀၇ ဒသမ ၈၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၂ မိနစ် ၁၂ ဒသမ ၅၂၅ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၅ မိနစ် ၂၀ ဒသမ ၀၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် ၅၃ ဒသမ ၀၁၄ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၂၇ ဒသမ ၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် ၄၂ ဒသမ ၁၀၄ စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၃၃ ဒသမ ၀၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၉ မိနစ် ၄၁ ဒသမ ၈၉၇ စက္ကန့်၊ Point-5 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၂ မိနစ် ၃၀ ဒသမ ၆၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၉ မိနစ် ၃၅ ဒသမ ၈၄၅ စက္ကန့်၊ Point-6 မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၂ မိနစ် ၂၀ ဒသမ ၆၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၅၈ ဒသမ ၃၄၉ စက္ကန့်၊ Point-7 မြောက်လတ္တီ တွဒ် ၁၃ ဒီဂရီ ၁၈ မိနစ် ၄၁ ဒသမ ၀၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၇ မိနစ် ၄၄ ဒသမ ၃၀၅ စက္ကန့်၊ Point-8 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈ မိနစ် ၃၅ ဒသမ ၃၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၁၅ ဒသမ ၉၂၄ စက္ကန့်၊ Point-9 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၇ မိနစ် ၄၈ ဒသမ ၉၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၂၂ ဒသမ ၁၉၁ စက္ကန့်နှင့် Point-10 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၇ မိနစ် ၄၅ ဒသမ ၆၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၁ မိနစ် ၄၂ ဒသမ ၀၇၇ စက္ကန့်တို့အတွင်းတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့အ ထိလည်းကောင်း၊ Area-2 တွင် Point-1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ မိနစ် ၄၈ ဒသမ ၇၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၁၁ ဒသမ ၇၃၀ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ် ၅၄ ဒသမ ၉၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၅၄ ဒသမ ၅၅၇ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၂ မိနစ် ၁၄ ဒသမ ၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၀၀ ဒသမ ၅၀၃ စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၄၅ ဒသမ ၅၀၂ စက္ကန့်နှင့် Point-5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၅၉ ဒသမ ၂၂၅ စက္ကန့်တို့အတွင်းတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီလ ၁၃ ရက်နေ့အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် 3D Broadband Marine Seismic Data Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် POLAR DUCHESS ဖြင့် Area-1 နှင့် Area-2 တွင် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# နှလုံးသားအရည်အသွေး ကောင်းမွန်ခြင်းက ဘဝအောင်မြင်ရေးအတွက် ၇၅ ရာခိုင်နှုန်းအရေးကြီး

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်မြို့ တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်း Device Training Room ၌ ပြုလုပ်သည့် Leadership with Emotional Motivation ခေါင်းစဉ်နှင့်ပတ်သက်၍ ဟောပြောရာတွင် နှလုံးသားအရည်အသွေး Emotional Quotient(EQ) ကောင်းမွန်ခြင်းက ဘဝအောင်မြင်တိုးတက်ရေးအတွက် ၇၅ ရာခိုင်နှုန်း အရေးကြီးကြောင်း SMART GROUP OF COMPANIES ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ထည့်သွင်းပြောဆိုသည်။

**နှလုံးသားအရည်အသွေး**

"အမေရိကန်နိုင်ငံမှာရှိတဲ့ နာမည်ကြီးတက္ကသိုလ်ကြီးတစ်ခုက သူတို့သုတေသနလုပ်ပါတယ်။ ကမ္ဘာပေါ်မှာ အောင်မြင်ချမ်းသာနေတဲ့ အချမ်းသာဆုံး ကုမ္ပဏီ ၅၀၀ ရဲ့ CEO တွေကို သူတို့တွေ ဘာကြောင့်များ ဒီလို CEO နေရာကို ရောက်လာတာလဲလို့ လေ့လာလိုက်တဲ့အခါမှာ အဲဒီ CEO ၇၅ ရာခိုင်နှုန်းက ကျောင်းတုန်းက CGrade လောက်ပဲရတယ်။ A တွေဘာတွေတောင် မရဘူး။ အဲဒီတော့ ပညာမထူးချွန်ဘူးလို့ ပြောလို့ရတာပေါ့။ ပညာမထူးချွန်တော့ အဓိပ္ပာယ်က ဘာလဲ။ ဉာဏ်ရည်လည်း မြင့်တယ်လို့ ပြောလို့မရဘူးပေါ့။ ဒါပေမယ့် သူတို့တွေက အချမ်းသာဆုံး ကုမ္ပဏီ ၅၀၀ ရဲ့ CEO တွေ ဖြစ်လာတယ်။ အမေရိကန် အမတ်တွေရဲ့ ၆၅ ရာခိုင်နှုန်းက အထက်တန်းကျောင်းတုန်းက သူတို့က ကျောင်းရဲ့ အောက်ပိုင်းတစ်ဝက်မှာပဲရှိတယ်။ ဆိုလိုတာ လူ ၅၀ ရှိတယ်ဆိုရင် သူတို့နေရာက ၂၅ နောက်မှာပဲရှိတယ်။ အဲဒီလိုပဲ အမေရိကန် သမ္မတ ၇၅ ရာခိုင်နှုန်းကလည်း အတန်းရဲ့ အောက်ပိုင်းတစ်ဝက်မှာပဲရှိတယ်။ သန်းကြွယ်သူဌေးချမ်းသာနေတဲ့သူဌေး ၅၀ ရာခိုင်နှုန်းက တက္ကသိုလ်တောင်မပြီးဘူး။ ဒါပေမယ့် ဘာတွေနဲ့ သူတို့တွေက ချမ်းသာလာတာလဲ။ သူတို့တွေက နှလုံးသားအရည်အသွေးကောင်းတယ်ဆိုတာ သွားတွေ့ရတယ်။ အဲဒီတော့ ဝမ်းသာစရာသတင်းတစ်ခုက ဉာဏ်ရည်ကောင်းတာဟာ အောင်မြင်မှုအတွက် ၂၅ ရာခိုင်နှုန်းပဲ အထောက်အကူပြုတယ်" ဟု ဦးကျော်ကျော်လှိုင်က ဆိုသည်။

**အထောက်အကူဖြစ်**

"လေ့လာတွေ့ရှိချက်တွေအရ ဉာဏ်ရည်ကောင်းမွန်ခြင်းက ဘဝအောင်မြင်တိုးတက်ဖို့အတွက် ၂၅ ရာခိုင်နှုန်းသာ အထောက်အကူဖြစ်ပြီး နှလုံးသားအရည်အသွေးကောင်းမွန်ရင် အောင်မြင်ဖို့အတွက် ၇၅ ရာခိုင်နှုန်းအရေးပါတယ်"ဟု ဦးကျော်ကျော်လှိုင်က ပြောသည်။

ကမ္ဘာပေါ်တွင် Intelligence Quotient(IQ) နှင့် ပတ်သက်၍ စတင်လေ့လာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း Emotional Quotient(EQ)နှင့်ပတ်သက်ပြီး စတင်လေ့လာခဲ့သည်မှာ နှစ်ပေါင်း ၂၂ နှစ်ပင် မပြည့်သေးကြောင်း သိရသည်။

IQ ဟုအများသိထားသည့် ဉာဏ်ရည်ဉာဏ်သွေးဆိုသည်မှာ မွေးရာပါဖြစ်ပြီး တိုးတက်အောင်လုပ်၍ မရသော်လည်း EQ ဟု လူအများသိထားသည့် နှလုံးသားအရည်အသွေးက သုညဖြစ်နေပေမယ့်လည်း တိုးတက်လာအောင် လုပ်လို့ရနိုင်ကြောင်း ဦးကျော်ကျော်လှိုင်က ဟောပြောချက်ထဲတွင် ထည့်သွင်းပြောသည်။

**လူတိုင်းအတွက်အရေးကြီး**

နှလုံးသားအရည်အသွေး ကောင်းမွန်ခြင်းက မိဘမျိုးရိုးဗီဇနှင့်မသက်ဆိုင်ဘဲ မိဘနှစ်ပါးစလုံးက နှလုံးသားအာဟာရ မကောင်းသည့်လူများဖြစ်နေသော်လည်း မိမိအနေဖြင့် EQ ကောင်းမွန်သည့် လူဖြစ်၍ ရနိုင်သည်။ နှလုံးသားအရည်သွေးက ခေါင်းဆောင်တိုင်းအတွက်အရေးကြီးသလို လူတိုင်းအတွက်လည်း အရေးကြီးသည်။

အဆိုပါဟောပြောပွဲတွင် EQ နှင့် ပတ်သက်၍ ခေါင်းစဉ်ငါးခုဖြင့် ဆွေးနွေးခဲ့ပြီး ယင်းခေါင်းစဉ်ငါးခုမှာ Positive Attitude (အပြုသဘောစိတ်ဓာတ်)၊ Initiative (မခိုင်းဘဲလုပ်)၊ Empathy (ကိုယ်ချင်းစာစိတ်)၊ Solving Problems (အခက်အခဲဖြေရှင်းခြင်း)နှင့် Self Awarenessiself Control (မိမိကိုယ်ကိုမိမိသတိရှိ) စသည်တို့ဖြစ်သည်။

**SMW**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အလှူငွေပေးအပ်ပွဲ တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ကလေးဆေးရုံ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးကျန်းမာပညာအဖွဲ့၊ UK တော်ဝင်ကလေးသမားတော်များကောလိပ်၊ UNICEF တို့ ပူးပေါင်းကျင်းပသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

**အရေးပါသည့်အစိတ်အပိုင်း**

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ဆက်စပ်သည့် ကဏ္ဍပေါင်းစုံပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ကလေးအထူးကုဆရာဝန်များ၏ အခန်းကဏ္ဍသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များအား ရှာဖွေဖော်ထုတ်ခြင်းနှင့် လျင်မြန်သော တုံ့ပြန်မှုများပေးရာ၌ အထူးအရေးပါကြောင်း၊ ကလေးအထူးကုဆရာဝန်များအနေဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရ၊ ရပ်ရွာ၊ မိဘ၊ ကလေးသူငယ်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပိုမိုထိရောက်သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသစ်ကို ပြင်ဆင်ရေးသားခဲ့ပြီး လွှတ်တော်ကစိစစ်လျက်ရှိရာ မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအားအကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးခြင်းနှင့် ပစ်ပယ်ခြင်းစသည်တို့မှ ကလေးသူငယ်များအတွက် ဥပဒေအရ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ကလေးအထူးကုဆရာဝန်ကြီးများအပါအဝင် လူမှုဝန်ထမ်းသမားများ၊ ဆရာ ဆရာမများ၊ ရဲတပ်ဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

ထို့နောက်လူမှုဝန်ထမ်းဦးစီးဌာန၊ Royal College of Paediatrics၊ ယူနီဆက်(မြန်မာ)နှင့် ဘာသာရပ်ကျွမ်းကျင်သူများက တင်ပြဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

**အလှူငွေပေးအပ်**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပသည့် ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားတွင် နီပေါသံရုံးက ကျပ် ၁၀ သိန်း၊ TECO Myanmar က အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူခမ္မအဖွဲ့ချုပ်က အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ လက်ခံရရှိငွေ စုစုပေါင်းမှာ ကျပ်သိန်း ၃၄၆၁၇၉၄၆၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

**❍ ရန်ကုန်မှ**

နာမည်ကြီး ပြည်တွင်းကစားသမားမရှိပေမယ့် အသင်းလိုက်စုစည်းမှုနဲ့ ယှဉ်ပြိုင်နေတဲ့အသင်းဖြစ်ပါတယ်။ သူတို့ရဲ့ နိုင်ငံခြားသားတိုက်စစ်အတွဲက ခြေစွမ်းပြနေတာကြောင့် သူတို့ကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတာ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒီရာသီမှာ ပြိုင်ပွဲနှစ်ခုစလုံး ချန်ပီယံဆုရအောင် ကြိုးစားမှာပါ”ဟု ပြောသည်။

ဟံသာဝတီအသင်းနည်းစနစ် ဒါရိုက်တာ ဆီဗာဂျီက “ကျွန်တော်တို့အသင်းအတွက် ထူးခြားတဲ့ရာသီတစ်ခုပါ။ အမှတ်ပေးပြိုင်ပွဲမှာ အဆင့်(၄)နေရာရခဲ့သလို ရှုံး/ထွက်ပြိုင်ပွဲမှာလည်း ချန်ပီယံဆုလိုချင်ပါတယ်။ ဒါကြောင့် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ရန်ကုန်အသင်းရဲ့ အနေအထားက အားလုံးသိထားပြီးတဲ့အတိုင်း တကယ့်အသင်းကောင်းတစ်သင်းပါ။ ခြေစွမ်းကောင်းသလို ကစားသမားကောင်းတွေလည်းရှိပါတယ်။ ချန်ပီယံဆုရဖို့ အကောင်းဆုံးကြိုးစားမှာပါ”ဟု ပြောသည်။

ဟံသာဝတီအသင်းသည် ၂၀၁၀ ရာသီတွင် ရှုံး/ထွက်ချန်ပီယံဆုရပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာလျက်ရှိပြီး ယခုရာသီတွင် ဒုတိယအကြိမ်မြောက် ချန်ပီယံဆုရယူနိုင်ရန် မျှော်လင့်ချက်ရှိလာခြင်းဖြစ်သည်။ နှစ်သင်းစလုံးတွင် ဒဏ်ရာရကစားသမားမရှိဘဲ ဟံသာဝတီနောက်ခံလူ ထူးနေအောင် တစ်ဦးတည်းသာ ပွဲပယ်ခံထားရသည်။ ထို့ကြောင့် နှစ်သင်းစလုံး အင်အားအပြည့်ဖြင့် ချန်ပီယံဆုရရေး ကြိုးပမ်းဖွယ်ရှိနေသည်။ **ရှိုင်းထက်ဇော်**

---

# ထန်းတပင်၌ မြစိမ်းရောင်စီမံကိန်း တတိယအကြိမ် ချေးငွေများထုတ်ချေး

**ထန်းတပင် စက်တင်ဘာ ၂၉**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်း (တတိယအကြိမ်) ချေးငွေများ ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းကြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဦးစီးဌာနမှ ကြိမ်တောမြောင်ကျေးရွာအုပ်စု မင်းကြိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းအတွက် တောင်သူ ၄၀၊ မွေးမြူရေးလုပ်ငန်းအတွက် ၆၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းအတွက် တစ်ဦးတို့ကို ချေးငွေ စုစုပေါင်း ငွေကျပ် ၃၆၄၃၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်**

---

# သာကေတမြို့နယ်၌ မှုခင်းပညာပေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် ထူပါရုံလမ်း အထက ၁ ကျောင်းရှေ့တွင် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ် ဖွင့်လှစ်ကာ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်အား သိရှိစေရန်၊ ပြစ်မှုကျူးလွန်ခြင်း မခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန်အတွက် အသိပညာပေးဆောင်ရွက်မှုအား သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင် ဦးစီး ရှစ်ဦး၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၃၇ မှ ဒု-ရဲမှူး ဖုန်းမြင့်ဦးစီးနှစ်ဦး၊ မူးယစ်တပ်ဖွဲ့စု ၄၂ မှ ရဲအုပ် ထွန်းထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ၆ မှ တကက ဇော်မင်းလွင်တို့က ပညာပေးဟောပြောခြင်း၊ မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပြီး လာရောက်လေ့လာသူများ၏ သိရှိလိုသည်များကို ကဏ္ဍအလိုက် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

လာရောက်လေ့လာသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၇၄၀ ရှိကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့မှူး**

---

**❖ မြန်မာနိုင်ငံမှ**

တချို့တိုက်တွေက အခြေအနေဆိုးတယ်ဆိုတာတွေ့တယ်။ စိုးရိမ်းစရာရှိတဲ့ အခန်းတွေရှိတယ်ဆိုတာလည်း တွေ့ရတယ်။ တွေ့ရှိချက်တွေကို ပြင်ဆင်လို့ရအောင် ညှိနှိုင်းပြီး အစည်းအဝေး လုပ်ကြပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ အိုးအိမ်ဦးစီးဌာနကို တင်ပြသွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က ပြောသည်။

ယုဇနဥယျာဉ်မြို့တော်ရှိ လူနေတိုက်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေအား စစ်ဆေးပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လျှင်ကော်မတီသို့ အကူအညီတောင်းခံလာခြင်းကြောင့် ၂၀၁၇ခုနှစ်တွင် ပထမအကြိမ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ယခု စစ်ဆေးမှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း မြန်မာနိုင်ငံ လျှင်ကော်မတီမှ သိရသည်။

မြန်မာနိုင်ငံ လျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က “ပြီးခဲ့တဲ့နှစ်က ယုဇနအိမ်ရာတိုက်ခန်းတွေ ကြည့်ပေးဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသင်းကို ပြောလာလို့ ရသလောက်စစ်လိုက်တယ်။ အရေအတွက်များလွန်းအားကြီးတော့ survey ပဲ လုပ်လိုက်တယ်။ မေးခွန်းမေးတာပဲ လုပ်လိုက်တယ်။ အခုကတော့ မေးခွန်းတွေပြန်စစ်ပြီးတော့ အဲဒီထဲမှာပါတဲ့ စိတ်ဝင်စားစရာ အဆောက်အအုံတွေထဲက ကြည့်သင့်တဲ့ အဆောက်အအုံတွေကို ရွေးထုတ်လိုက်ပြီးတော့ အသေးစိတ်စစ်ဆေးမှုတွေ လုပ်တာပါ”ဟု ပြောသည်။

ရန်ကုန်မြို့သည် စစ်ကိုင်းပြတ်ရွေ့နှင့် ကီလိုမီတာ ၃၀ ခန့်အကွာအဝေးတွင်ရှိပြီး ၁၉၃၀ ပြည့်နှစ်က ပဲခူးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ရန်ကုန်တွင်လည်း လူအသေအပျောက်နှင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း ဒဂုံဆိပ်ကမ်းမြို့နယ်သည်လည်း ငလျင်အန္တရာယ် ကျရောက်နိုင်သည့်အတွက် သတိထားရန်လိုကြောင်း ငလျင်ပညာရှင်များက သုံးသပ်ထားသည်။

“ဒဂုံဆိပ်ကမ်းက မြေပျော့တာရယ်၊ ရန်ကုန်မြို့ရဲ့ အရှေ့ဘက်ကျတဲ့အတွက်ကြောင့် စစ်ကိုင်းပြတ်ရွေ့နဲ့ နီးတယ်။ ငလျင်လှုပ်ခတ်တယ်ဆိုရင်တော့ ပိုခံရမယ်အခြေအနေမျိုးတော့ ရှိနိုင်တယ်”ဟု မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က ပြောသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ငလျင်ကော်မတီ)က လူနေတိုက်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေကို စစ်ဆေးရာတွင် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက်ရှိ A, B, C ဘလောက်သုံးခုမှ ငါးထပ်တိုက် အလုံး ၈၀ နှင့် ၉၂ ရပ်ကွက်မှ တန်ဖိုးနည်းအိမ်ရာ သုံးထပ်တိုက် အလုံး ၂၀ စုစုပေါင်း တိုက်အလုံး ၁၀၀ ကို အဖွဲ့လေးဖွဲ့ ဖွဲ့ကာ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယုဇနဥယျာဉ်မြို့တော် အိမ်ရာကော်မတီမှ သိရသည်။

ယုဇနဥယျာဉ်မြို့တော် အိမ်ရာကော်မတီသတင်းနှင့် ပြန်ကြားရေးတာဝန်ယူထားသည့် ဒေါ်မဥ္ဇူက “လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဖြူဖြူခိုင်က ယုဇနဥယျာဉ်မြို့တော်က အဆောက်အအုံတွေရဲ့ ကြံ့ခိုင်မှုကိုစစ်ဆေးပေးဖို့ စာတင်လိုက်တဲ့အခါမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ငလျင်ကော်မတီကနေပြီးတော့ လာစစ်တာပါ”ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ လူနေတိုက်ခန်းများကို ၁၉၉၅ ခုနှစ်ခန့်က စတင်ဆောက်ခဲ့ပြီး ယခုအခါ တိုက်အရည်အသွေးကျဆင်းလာမှုကြောင့် မျက်နှာကြက်များ ပြိုကျခြင်း၊ လှေကားလက်ရန်းများ ပြုတ်ကျခြင်းနှင့် အက်ကြောင်းများ ဖြစ်ပေါ်နေကြောင်း တိုက်ခန်းနေထိုင်သူများထံမှ သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

---



# ပခုက္ကူမြို့နယ်တွင် ဝက်ဝံပေါက်တစ်ကောင်တွေ့ရှိ

**ပခုက္ကူ စက်တင်ဘာ ၂၉**

ပခုက္ကူမြို့နယ် ကျတ်ထိုးအုပ်စု အနောက်တောကျေးရွာ ဦးကြည်ဝင်း၏ နေအိမ်အတွင်း ယနေ့ နံနက် ၇ နာရီခွဲခန့်က ဝက်ဝံဟုယူဆရသော အကောင်တစ်ကောင် တွေ့ရှိကြောင်း သိရသည်။

ကျတ်ထိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ဇော်က အနောက်တောကျေးရွာ ရွာခွဲတာဝန်ခံအား ဝက်ဝံကို ထိန်းသိမ်းထားရန်မှာကြားပြီး ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပို့အကြောင်းကြားခဲ့သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်သစ်တောသို့ အကြောင်းကြားရာ သစ်တောဦးစီးဌာနက တာဝန်ရှိသူများသည် လာရောက်စစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

---

**ဘင်္ဂလားပင်လယ်အော် အခြေအနေ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ** လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ လေးပေခန့်အထိ ရှိနိုင်သည်။ **မိုး/ဇလ**

# အင်ဒိုနီးရှား ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၃၈၄ ဦးထိ မြင့်တက်လာ

**ဂျကာတာ စက်တင်ဘာ ၂၉**

စက်တင်ဘာ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက် ၃၈၄ ဦးထိ တိုးမြင့်ရောက်ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက်သည် ပိုမိုမြင့်တက်လာနိုင်သေးကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဆိုသည်။

အဆိုပါငလျင်လှုပ်ခတ်ပြီးနောက် ဆူလာဝေစီကျွန်းတွင် ဆူနာမီရေလှိုင်းများ ပေါ်ပေါက်ခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်သည် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဘော်နီယို အရှေ့ပိုင်း စူလာဝေစီကျွန်းအနီး၌ လှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် သုံးမီတာအမြင့်ရှိ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ကာ ဒွန်ဂါလာနှင့် ပါလုမြို့များသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ပါလုမြို့တွင် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၃၈၄ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးအေဂျင်စီတာဝန်ရှိသူများက မီဒီယာများသို့ ပြောကြားခဲ့သည်။

ပါလုမြို့တွင် ဟိုတယ်များအပါအဝင် အဆောက်အအုံ ထောင်ပေါင်းများစွာ ပြိုကျပျက်စီးခဲ့ပြီး ယင်းအဆောက်အအုံများအောက်တွင် လူအများအပြား ပိတ်မိနိုင်ဖွယ်ရှိသည်ဟု အေဂျင်စီမှတာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ဒွန်ဂါလာမြို့ရှိ ပြိုကျပျက်စီးသွားသော အဆောက်အအုံအရေအတွက် မည်မျှရှိသည်ကို ဆက်သွယ်ရေးခက်ခဲမှုကြောင့် မသိရှိနိုင်သေးကြောင်း အဆိုပါအေဂျင်စီမှတာဝန်ရှိသူများက ဆိုသည်။

အင်ဒိုနီးရှားအစိုးရက ငလျင်ဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် စစ်တပ်ဖွဲ့ဝင်များနှင့် ရဲအရာရှိများအား စေလွှတ်ထားကြောင်း သိရသည်။



ပါလုမြို့လေယာဉ်ကွင်းကို ယာယီပိတ်သိမ်းထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးမှုမဖြစ်ပေါ်စေရန် မြို့ပေါ်ရှိ လမ်းမများကိုလည်း ပိတ်သိမ်းထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနှင့် ဂျော်ဒန်နှစ်နိုင်ငံအကြားရှိ နာဆစ်ဘ် နယ်စပ်ဖြတ်ကျော်စခန်း ပြန်လည်ဖွင့်လှစ်

**ဒမတ်စကတ် စက်တင်ဘာ ၂၉**

ဆီးရီးယားနှင့် ဂျော်ဒန်နှစ်နိုင်ငံအကြားရှိ နယ်စပ်ဖြတ်ကျော်စခန်း နာဆစ်ဘ်အား ပြန်လည်ဖွင့်လှစ်ကြောင်း ဆီးရီးယားသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက စက်တင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်ဟု ဆီးရီးယားနိုင်ငံပိုင် ဆာနာသတင်းဌာန၏ သတင်းဖော်ပြချက်အရ သိရသည်။ ယင်းနယ်စပ်ဖြတ်ကျော်စခန်းကို ၂၀၁၅ ခုနှစ်ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံမှတစ်ဆင့် ကုန်တင်ယာဉ်များ နယ်စပ်ကိုဖြတ်ကျော်မှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်းနှင့် နယ်စပ်ဖြတ်ကျော်စခန်းအား ဖွင့်လှစ်ထားပြီဖြစ်ကြောင်း ဆီးရီးယားသယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတောင်ပိုင်း ဒါရာပြည်နယ်နှင့် ကျေးလက်ဒေသတွင်ရှိသည့် နာဆစ်ဘ်ဒေသအား ဆီးရီးယားသူပုန်များက သိမ်းယူခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းကစ၍ အဆိုပါနယ်စပ်ဖြတ်ကျော်စခန်းကို ပိတ်ထားခဲ့သည်။

ဒါရာပြည်နယ်အတွင်းရှိ ဆီးရီးယားသူပုန်များက အစိုးရတပ်ဖွဲ့များထံ လက်နက်ချခဲ့ပြီးနောက် နှစ်ဖက်သဘောတူညီမှုအရ ၎င်းတို့အား နိုင်ငံမြောက်ပိုင်းရှိ သူပုန်များထိန်းချုပ်ထားသည့် ဒေသများသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အဓိကအားဖြင့် နိုင်ငံအနောက်မြောက်ပိုင်းရှိ အီဒလစ်ပြည်နယ်သို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားတပ်ဖွဲ့များသည် ယခုနှစ်ဇူလိုင်လအတွင်းက ဒါရာပြည်နယ်နှင့် နယ်ခြားဖြတ်ကျော်ဒေသအား သိမ်းပိုက်ခဲ့သည်။

နာဆစ်ဘ်နယ်စပ်ဖြတ်ကျော်စခန်းသည် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်နှင့် ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်အား ဆက်သွယ်ထားသည့် အပြည်ပြည်ဆိုင်ရာ အဝေးပြေးလမ်းမတွင် တည်ရှိပြီး ယာဉ်များအသွားအလာ အများဆုံး နယ်စပ်ဖြတ်ကျော်စခန်းလည်း ဖြစ်သည်။

ယင်းနယ်စပ်ဖြတ်ကျော်စခန်းသည် အရှေ့အလယ်ပိုင်းဒေသတွင် အရေးအပါဆုံးသောစခန်းအဖြစ် ယုံကြည်ရပြီး ဆီးရီးယားနိုင်ငံမှ ပို့ကုန်များအား ဂျော်ဒန်နိုင်ငံနှင့် ပင်လယ်ကွေ့နိုင်ငံများသို့တိုင် ဖြတ်သန်းပို့ဆောင်မှုပြုသည့် အဓိကစခန်းလည်း ဖြစ်သည်။ **ဆင်ဟွာ**





ဆိုမာလီလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။

# အယ်လ်ရှာဘတ်အဖွဲ့ဝင် ပုံးကျွမ်းကျင်သူတစ်ဦးအား ဆိုမာလီလုံခြုံရေးတပ်ဖွဲ့ ဖမ်းဆီးရမိ

**မိုဂါဒစ်ရှူး စက်တင်ဘာ ၂၉**

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူးမြို့ တောင်ဘက်ပိုင်းတွင် ပြုလုပ်သည့် စစ်ဆင်ရေးတစ်ခုအတွင်း အယ်လ်ရှာဘတ်အဖွဲ့ဝင်တစ်ဦးအား ဆိုမာလီ လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိပြီး ၎င်းသည် ပုံးကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း ယုံကြည်ရသည်ဟု ဆိုသည်။

စက်တင်ဘာ ၂၇ ရက် ညပိုင်းက ပြုလုပ်သည့် ယင်းစစ်ဆင်ရေးတွင် ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ဆိုမာလီအမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးအေဂျင်စီ (အန်အိုင်အက်စ်အေ)က ပြောကြားသည်။

အယ်လ်ကေဒါအဖွဲ့၏ မဟာမိတ်အယ်လ်ရှာဘတ် အကြမ်းဖက်အဖွဲ့က ၎င်းတို့၏ ပုံးကျွမ်းကျင်သူ ဖမ်းဆီးခံရမှုနှင့်ပတ်သက်၍ လတ်တလောတွင် မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

ထိုစဉ်အတွင်းတွင် ဆိုမာလီ အမျိုးသားတပ်မတော် (အက်စ်အန်အေ)က မြို့တော် မိုဂါဒစ်ရှူး၏ တောင်ဘက်ရှိ ဂျာလစ်မာကာမြို့တွင် စက်တင်ဘာ ၂၇ ရက်က စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ရာ အယ်လ်ရှာဘတ်သူပုန် ၁၆ ဦး သေဆုံးကြောင်း အတည်ပြုပြောကြားသည်။

မြို့တော် မိုဂါဒစ်ရှူး၏ တောင်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ကမ်းရိုးတန်းဒေသမြို့ မာကာအနီးတွင် အယ်လ်ရှာဘတ်စစ်သွေးကြွများနှင့် ပြင်းထန်သည့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း သေဆုံးသူများအား ခွဲခြားစိစစ်ခဲ့ရာ အာဖဂန်လူမျိုး တိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးခဲ့ကြောင်း၊ ၎င်း၏အမည်မှာ နာဆီရာအယ်လ်ဂျဘီရီဖြစ်ကြောင်း ဆိုမာလီအမျိုးသားတပ်မတော် (အက်စ်အန်အေ) အမှတ် (၁၂)တပ်ရင်း၏ တပ်မှူး အိုမာဒီရေးက ပြောကြားသည်။

ဆိုမာလီစစ်သွေးကြွများသည် မြို့တော် မိုဂါဒစ်ရှူးတွင် ပြင်းထန်သော တိုက်ခိုက်မှုများကို မကြာသေးမီက ပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် လွန်ခဲ့သည့် နှစ်လအတွင်းက ၎င်းတို့၏ တိုက်ခိုက်မှုများကြောင့် ဆိုမာလီအစိုးရ အရာရှိအချို့နှင့် စစ်သည်များ သေဆုံးခဲ့ရသည်။ **ဆင်ဟွာ**

# ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းမှာ ၂၉ နှစ်အတွင်း မန်ယူအတွက် ပရီမီယာလိဂ်ရာသီအစ အဆိုးရွားဆုံးရှုံးနိမ့်မှုဖြစ်ခဲ့

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၇ အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်မှု၌ ဝက်စ်ဟမ်းအသင်းအား ရှုံးနိမ့်ခဲ့သည်။

ယင်းသို့ ရှုံးနိမ့်ခဲ့ရခြင်းမှာ မန်ယူအသင်းအတွက် ၂၉ နှစ်တာကာလအတွင်း ပရီမီယာလိဂ်ရာသီအစတွင် အဆိုးရွားဆုံးရှုံးနိမ့်မှုလည်းဖြစ်လာခဲ့သည်။

ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်တွင် ပွဲကစားချိန် ၅ မိနစ်မှာပင် ဖိလစ်ပီအန်ဒါဆန်၏ သွင်းဂိုးဖြင့် ဝက်စ်ဟမ်းအသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၄၃ မိနစ်တွင် လင်ဒီလော့ဖ်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ခြင်းကြောင့် ပထမပိုင်းမှာပင် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

မန်ယူအသင်းသည် ချေပဂိုးပြန်လည်သွင်းယူနိုင်ရေးအတွက် ခြေကုန်ထုတ်ကစားခဲ့သော်လည်း ပွဲကစားချိန် ၇၁ မိနစ်ရောက်မှသာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်၏ သွင်းဂိုးဖြင့် ချေပဂိုးတစ်ဂိုးပြန်လည်ရရှိခဲ့သည်။

သို့ရာတွင် မန်ယူအသင်းက နောက်ထပ်သွင်းဂိုးတစ်ဂိုးမှ မသွင်းယူနိုင်ခဲ့ဘဲ ဝက်စ်ဟမ်းအသင်းက ပွဲကစားချိန် ၇၄ မိနစ်တွင် သွင်းယူခဲ့သည့် အနာတိုဗစ်၏ သွင်းဂိုးကြောင့် မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ကာရာဘာအိုဖလားပွဲစဉ်တွင်လည်း ချန်ပီယံရှစ်ကလပ် ဒါဘီအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အခုပွဲစဉ်တွင်လည်း ဝက်စ်ဟမ်းအသင်းကို ထပ်မံရှုံးနိမ့်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အဆိုးရွားဆုံးရှုံးနိမ့်မှုလည်းဖြစ်လာခဲ့သည်။

ဝက်စ်ဟမ်းအသင်းနှင့်အတူ တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် အနာတိုဗစ်မှာ နည်းပြ ပယ်လီဂရီနီလက်ထက်တွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ ယခုနှစ်တွင် လေးဂိုးအထိ




သွင်းယူထားနိုင်ခဲ့ပြီလည်းဖြစ်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၇ အပြီးတွင် ရမှတ် ၁၀ မှတ်သာ ရရှိထားခဲ့ခြင်းကြောင့် နည်းပြဒေးဗစ်မိုယက်စ်လက်ထက် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကကဲ့သို့ ရာသီအစ ရလဒ်ဆိုးရွားမှုနှင့် တိုက်ဆိုင်နေကြောင်း သိရသည်။

မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် လက်ရှိတွင် အမှတ်ပေးဇယားအဆင့် ၈ နေရာတွင် ရပ်တည်လျက်ရှိပြီး ဝက်စ်ဟမ်းအသင်းမှာမူ အဆင့် ၁၂ နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းသည် မန်ယူအသင်းမှ နည်းပြမော်ရင်ဟို ထွက်ခွာသွားပါက ၎င်းနေရာတွင် အစားထိုးတာဝန်ယူရန်အတွက် အင်္ဂလန်ပရီမီယာလိဂ်၏ သင်ခန်းစာများကို လေ့လာလျက်ရှိကြောင်း သိရသည်။
- **ပြင်သစ်ဘယ်နောက်ခံကစားသမား မန်ဒီသည် နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းတွင် ဆက်ရှိရန်မသေချာကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းနည်းပြ ဆာရီသည် အီတလီစီးရီးအေကလပ် နာပိုလီအသင်းတွင် သုံးနှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့ခြင်းကြောင့်သာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ငြင်းဆိုခဲ့ပြီး နည်းပြဆာရီရှိရာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုက ပြောကြားခဲ့သည်။
- **အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် လက်ရွေးစင်အသင်းအတွက် ကွင်းလယ်ကစားသမား မက်ဒီဆင်အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။**
- ဘိုင်ယန်မြူးနစ်အသင်းသည် မာဆေးလ်နှင့် ပြင်သစ်တောင်ပံကစားသမား ဖလော်ရီယန်သော်ဗင်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင် ၇၁ ဒသမ ၃ သန်း (ယူရိုသန်း ၈၀)ပေး၍ ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- **မန်ယူအသင်း လက်ထောက်နည်းပြဟောင်း ဖာရီယာသည် လက်ထောက်နည်းပြ ဘဝမှ နည်းပြချုပ်အဖြစ် စတင်တာဝန်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။**


# ဘိုင်ယန်မြူးနစ်အသင်း ပထမဆုံးအကြိမ် ရှုံးပွဲကြုံခဲ့

ဘိုင်ယန်မြူးနစ်အသင်းသည် ဟာသာဘာလင်အသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဟာသာဘာလင်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ် ၆ တွင် ဘွန်ဒက်လီဂါ လက်ရှိချန်ပီယံအသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဟာသာဘာလင်အသင်းသည် ပွဲကစားချိန် ၂၃ မိနစ်တွင် ရရှိခဲ့သည့် အီဘီဆီဗစ်၏ ပင်နယ်တီသွင်းဂိုးနှင့် ပွဲကစားချိန် ၄၄ မိနစ်တွင် ရရှိခဲ့သည့် ဒူဘာ၏ သွင်းဂိုးတို့ဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါဖလားချန်ပီယံအဖြစ် ဘောလုံးရာသီခြောက်ရာသီဆက်တိုက် အောင်ပွဲခံနိုင်ခဲ့သည့် အသင်းဖြစ်ပြီး ယခုပွဲစဉ်တွင် အာဂျန်ရော်ဘင်၊ ရီဘာရီ၊ လီဝန်ဒေါစကီး၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အယ်လ်ကန်တာရာ၊ ရီနာတိုဆန်းချက်ဇ် စသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့သော်လည်း ဟာသာဘာလင်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးမျှ မသွင်းယူနိုင်ခဲ့ဘဲ ရှုံးပွဲကြုံခဲ့ခြင်းဖြစ်သည်။






# တိုက်စစ်မှူး ဖာမီနိုမှာ လီဗာပူး၏ အဓိကကစားသမားဟု လီဗာပူးအသင်းခေါင်းဆောင်ဟောင်း ဂျာရတ် ပြောကြား

ဘရာဇီးတိုက်စစ်မှူး ဖာမီနိုမှာ လီဗာပူးအသင်းအတွက် အဓိကကစားသမားတစ်ဦးဖြစ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က ပြောကြားလိုက်သည်။

နည်းပြကလော့၏ လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲကစားအပြီးတွင် ခြောက်ပွဲစလုံးအနိုင်ရရှိထားကာ ရမှတ် ၁၈ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံး၌ဦးဆောင်ထားနိုင်သည့်အသင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ဖာမီနိုသည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူထားနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားနိုင်သည့်ကစားသမားတစ်ဦးဖြစ်သည်။ ထို့ပြင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း လီဗာပူးအသင်းအတွက် အနိုင်ဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

လီဗာပူးအသင်းသည် တိုက်စစ်မှူး ဖာမီနိုအား ၂၀၁၅ ခုနှစ်က ဘွန်ဒက်လီဂါကလပ် ဟော်ဖန်ဟိမ်းအသင်းမှ ခေါ်ယူထားခဲ့ခြင်းဖြစ်ပြီး ဟော်ဖန်ဟိမ်းအသင်းနှင့်အတူ ပွဲပေါင်း ၁၄၀ အထိပါဝင်ကစားပေးခဲ့ကာ ၃၈ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသို့ ရောက်ရှိလာခဲ့ချိန်တွင်လည်း ၁၀၉ ပွဲပါဝင်ကစားပေးခဲ့ကာ ၃၈ ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။

# သာစည်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရှစ်လုံး ပျက်စီး

**သာစည် စက်တင်ဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာပုလဲကြီးကျေးရွာအုပ်စု ရွာပုလဲလေးကျေးရွာတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၁ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရှစ်လုံး အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဦးမောင်မောင်၏ အိမ်တွင် ၁၀ ပေ သွပ် ၁၈ ချပ်၊ ဦးစံကုလား၏ အိမ်တွင် ၉ ပေ သွပ် ၁၀ ချပ်၊ ဦးဘိုကြည်၏ အိမ်တွင် ၈ ပေ သွပ် ခြောက်ချပ်၊ ဒေါ်သန်းရင်၏ အိမ်တွင် ၈ ပေ သွပ် ၁၈ ချပ်၊ ဒေါ်ခင်ဝင်း၏အိမ်တွင် ၇ ပေ သွပ် ၁၆ ချပ်၊ ဒေါ်နွဲ့နွဲ့အေး၏ အိမ်တွင် ၁၀ ပေ သွပ် လေးချပ်၊ ဦးမောင်သန်း၏ အိမ်တွင် ၁၀ ပေ သွပ် ခြောက်ချပ်၊ ဦးဝဲကျော်၏အိမ်တွင် ၁၀ ပေသွပ် ငါးချပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၁၁၄၀ ခန့် အမိုးလန်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း (သာစည်)**



# ကျွန်းစုမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျွန်းစု စက်တင်ဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု ဝဲကျွန်းကျေးရွာ၌ စက်တင်ဘာ ၂၈ ရက်က WY စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ နှင့် ဘိန်းစာမှုန့်ထုတ်ဟု ယူဆရသော အထုပ် ၂၄၀ ထုပ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကံမော်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ဇော်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု ဝဲကျွန်းကျေးရွာတွင် ဦးသန်းဝင်း၏ နေအိမ်သို့ စက်တင်ဘာ ၂၈ ရက် နံနက် ၆ နာရီခွဲခန့်က ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀ နှင့်အနီး ကြမ်းပြင်ပေါ်မှ ဆေးရှူကိရိယာတစ်ခု၊ မီးခြစ်တစ်လုံး၊ အသုံးပြုပြီးသား ခဲပြားတစ်ခုနှင့် နေအိမ်အနောက်ခန်းမှ အပြာရောင် ရှစ်ဂါလန်ဆံ့ပုံးဖြင့် ထည့်ထားသော တစ်ထုပ်လျှင် ၆၀ ဂရမ်ခန့်ပါ စိမ်းဝါရောင်အမှုန့်ထုပ် ၁၄၀၊ အပြာရောင် ငါးဂါလန်ဆံ့ပုံးဖြင့် ထည့်ထားသော တစ်ထုပ်လျှင် ၆၀ ဂရမ်ခန့်ပါ စိမ်းဝါရောင်အမှုန့်ထုပ် အထုပ် ၁၀၀ တို့အား သိမ်းဆည်းရမိခဲ့သည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးသန်းဝင်းအား ကံမော်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဘားအံမြို့နယ်တွင် သေနတ်တစ်လက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဘားအံ စက်တင်ဘာ ၂၉**
ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေရာ အမျိုးသားနှစ်ဦးထံမှ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၈ ရက် နံနက် ၄ နာရီခန့်က ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့နှင့် အိန္ဒုနယ်မြေရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကျော်ကို ဦးစီးပူးပေါင်းအဖွဲ့ဖြင့် ဘားအံမြို့နယ် ပေါင်စိန်ကျေးရွာလမ်းမတွင် ရှာဖွေစစ်ဆေးစဉ် သက်ခိုင်ဦး ပေါင်စိန်ကျေးရွာ ဘားအံမြို့နယ် နေသူထံမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁၆ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာအုပ်စု နောင်သရကျေးရွာနေ မြအောင်(ခ)စောမြတ်အောင်(ခ)စောသားထွေးငယ်၏ နေအိမ်အား နံနက် ၉ နာရီခွဲခန့်က ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ ဆက်စပ်ပစ္စည်းများ အပါအဝင် ယာဉ်တစ်စီးပေါ်မှ အရှည် ၆ လက်မ ခန့်ရှိ ကိုးလုံးကျည်ဖြင့် ပစ်ခတ်၍ရသော ပြောင်းချောသေနတ်အတို တစ်လက်၊ ယင်းကျည်တစ်တောင့်နှင့် အဖွဲ့အစည်းတစ်ခုမှ ထုတ်ပေးထားသည့် စောမြတ်အောင်အမည်ပါ သက်သေခံကတ်ပြားတစ်ခုတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ခိုင်ဦးနှင့် မြအောင်(ခ)စောမြတ်အောင်(ခ)စောသားထွေးငယ်တို့ နှစ်ဦးအား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**မင်းသူ(ဘားအံ)**

# ကာမိုင်းမြို့၌ တရားမဝင်ကျောင်းစိမ်းရိုင်းတုံးများ သိမ်းဆည်းရမိ

**ကာမိုင်း စက်တင်ဘာ ၂၉**
ဖားကန့်မြို့နယ် ကာမိုင်းမြို့ လဝါးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီက တရားမဝင်ကျောက်စိမ်းရိုင်းတုံးများ သယ်ဆောင်လာသည့် ယာဉ်မောင်းတစ်ဦး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့ လဝါးပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လမ်းပေါ်တွင် ယာဉ်အမှတ် 5I--- WISH အဖြူရောင်ကားတစ်စီးမှာ အချိန်ကြာမြင့်စွာ ရပ်ထားသည်ကို တွေ့ရှိသဖြင့် ဒုရဲအုပ်ဝင်းသက်နိုင်နှင့်တကွ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ယာဉ်မောင်းနှင့်ခရီးသည်များ တစ်စုံတစ်ယောက်မျှမတွေ့ရှိရကြောင်း၊ သို့ဖြစ်ပါ၍ ယာဉ်အတွင်းခန်းသို့ စစ်ဆေးရာမှ ယာဉ်၏နောက်ဘက်အံဝှက်အတွင်း၌ စက္ကူများဖြင့်ပတ်လျက် ကျောက်အရိုင်းတုံး ၆၈ တုံး(အလေးချိန် ၁၃၀ ကီလိုဂရမ်ခန့်)ကို တွေ့ရှိရပြီး ကျောက်စိမ်းရိုင်းတုံးများအား တရားမဝင်သယ်ဆောင်လာသည့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

**ကာမိုင်း (ပြန်/ဆက်)**



# ထီးချိုင့်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် တရားမဝင်တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိ

**ထီးချိုင့် စက်တင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် တရားမဝင် တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ၂၉ ရက် နံနက် ၇ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ ရဲအုပ်ကျော်စိုးလင်းဦးစီးသော မူးယစ်တပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် ကွမ်းဘော်ကျေးရွာနေ ရှိုင်းရှိုင်းသူနှင့် ရှိုင်းရှိုင်းဦးတို့၏ နေအိမ်များအား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ရှိုင်းရှိုင်းသူ နေအိမ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် အရှည် ၄၁ လက်မရှိ တရားမဝင် တူမီးသေနတ်တစ်လက်၊ ရှိုင်းရှိုင်းဦး နေအိမ်မှ ဘိန်းဖြူ ၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားနှင့် ငွေစက္ကူရောရာ ၂၃၀၀၀၀ တို့အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ရှိုင်းရှိုင်းသူနှင့် ရှိုင်းရှိုင်းဦးတို့ ညီအစ်ကိုနှစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဆွာဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေစီးနောက်မျောပါသွားခဲ့သော တပ်မတော်အရာရှိတစ်ဦး၏ရုပ်အလောင်း တွေ့ရှိ

**ရေတာရှည် စက်တင်ဘာ ၂၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရွှေကဖောင်းကျေးရွာနှင့် သဖန်းစင်ကျေးရွာသွား လမ်း၏မြောက်ဘက် စစ်တောင်းမြစ်ကမ်းတောင်ဘက်ခြမ်းတွင် ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီက ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေစီးနောက်မျောပါသွားကြသူများအနက် ခြောက်ဦးမြောက်ဖြစ်သော ဗိုလ်မှူးမြတ်စံ ၄၁ နှစ် ဒုတပ်ရင်းမှူးအား စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်က တွေ့ရှိရပြီဖြစ်ကြောင်း ဆွာနယ်မြေရဲစခန်းမှ သိရသည်။

စစ်တောင်းမြစ် အတွင်း ငါးရှာဖွေသူများက စစ်ယူနီဖောင်းဝတ်ထားသော အလောင်း တစ်လောင်းတွေ့ရရှိရကြောင်း ရွှေကဖောင်းကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်း ပို့ခဲ့ပြီး ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် နေလင်းအောင်ဦးစီးအဖွဲ့သည် နယ်မြေခံတပ်မှ တပ်ရေးအရာရှိ ဦးစီးအဖွဲ့နှင့် သွားရောက်စစ်ဆေးခဲ့ရာ ဝတ်ဆင်ထားသည့် ယူနီဖောင်းအရ ရေကြီးရေလျှံမှုဖြစ်စဉ်မှ ပျောက်ဆုံး၍ လိုက်လံရှာဖွေနေသော ဗိုလ်မှူးမြတ်စံဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ဗိုလ်မှူး မြတ်စံသည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာဆည်တမံ ပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရေများလုံးဆင်းလာချိန် ဒေသခံပြည်သူများအား ကူညီဆောင်ရွက်မှုများပေးနိုင်ရန် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ သတင်းပို့ခဲ့ပြီး ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ဆွာမြို့ဘက်သို့ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် ရေဦးနှင့်တိုးခဲ့သဖြင့် ၁၂ ဘီးကုန်တင်ယာဉ်အား တွယ်စီးထားချိန် မော်တော်ယာဉ်ရောလုပါ မျောပါသွားခဲ့ခြင်းဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ဗိုလ်မှူးမြတ်စံအပါအဝင် မျောပါသွားသည့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၊ ကလေးတစ်ဦး၊ အမျိုးသားသုံးဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ပြီးဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မိုင်းဆတ်မြို့၌ ဘိန်းဖြူ ၂၈၆ ဂရမ် သိမ်းဆည်းရမိ

**မိုင်းဆတ် စက်တင်ဘာ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု လွယ်ပါရင်(၁) ကျေးရွာအနီးတွင် စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီက နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့အား မိုင်းတွမ်း-တာချီလိတ်သွား လမ်းမပေါ်အတိုင်း ဆိုင်ကယ်တစ်စီး မောင်းနှင်လာသူတို့မှာ စစ်ဆေးမှုကိုတွေ့ရှိသဖြင့် ဆိုင်ကယ်အားထားရစ်ခဲ့ကာ တောအတွင်းသို့ ထွက်ပြေးကြသည်။ အဆိုပါကျန်ရစ်ခဲ့သည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးခဲ့ရာ ဆိုင်ကယ်အတွင်း မည်သည့်ပစ္စည်းမျှ မတွေ့ရသော်လည်း အဆိုပါအမျိုးသားနှစ်ဦး ထွက်ပြေးသွားသည့် ကိုက် ၂၀၀ ခန့်အကွာ တောင်စောင်းအနီး ရှင်းလင်းရှာဖွေမှုများ ဆက်လက်ပြုလုပ်ခဲ့ရာတွင် ကျောပိုးအိတ်တစ်လုံးအတွင်း ဘိန်းဖြူ စုစုပေါင်းအလေးချိန် ၂၈၆ ဂရမ် သိမ်းဆည်းရမိခဲ့သည်။ ဖမ်းမိသော ဘိန်းဖြူများအား မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်သို့ လွှဲပြောင်းပေးလိုက်ပြီး မိုင်းတွမ်းနယ်မြေရဲစခန်းက ဥပဒေအရ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "စည်းမျဉ်း(၁၀)ချက်ဂန္ဓာရုံ အသက်"(အပိုင်း-၁) |
| ၈း၃၅ | တရုတ်ကာတွန်း "တောပျော်မြောက် ကလေးကျွမ့်ကျွမ့်"(အပိုင်း-၈) |
| ၉း၁၅ | ဇာတ်လမ်းအတိုအထွာပြိုးစရာ "မောင်တုံးနှင့်မယ်တုတ်" (ဆလိုင်းလွမ်း၊ အောင်ကျော်ကျော်၊ ကံမိုးဆန်း၊ ဖြူခင်ချို) (ဒါရိုက်တာ-ဆလိုင်းလွမ်း) |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ"အဖိုးပေးတဲ့အမွေ" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာဂန္ထဝင်ရုပ်ရှင် "မောင်မောင်နဲ့ပထမအချစ်" (ဇော်ဦး၊ မေဆွိ) (ဒါရိုက်တာ-ကြီးမြင့်) |
| ၁၅း၃၀ | "တိတ်ဆိတ်ခြင်း၏နောက်ကွယ်" (မိုးဇတ်၊ စိုးနန္ဒာကျော်) (ဒါရိုက်တာ-ကျော်နှင်းဆီ) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "မျှော်လင့်ခြင်းနေ့သစ်များ" |
| ၁၇း၃၀ | Sunday Talk |
| ၁၈း၂၀ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ရိုးရာအလှနှင့်မှုန်းကာခြယ် မြတ်နိုးစဖွယ်မြို့ရွှေဆည်" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၂၇) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း "စေညွှန်ရာ"(နေဒွေး၊ ချစ်စနိုးဦး၊ မေဘရက်ဇော်၊ ဖူးပွင့်သခင်) (ဒါရိုက်တာ-ကျော်နှင်းဆီ) -In & Out "China ခရီးစဉ်" (အပိုင်း-၅)(လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၂၅) -ပြည်သူ့နီတိ "နှစ်ဖက်ရှုံး အာဃာတ"(လွင်ဘုန်းအောင်၊ ဦးစိုးမြင့်၊ အောင်မိုး၊ ချိုချိုအောင်) (ဒါရိုက်တာ-မိုးဇော်ကို) -အစီအစဉ်ပြီး၏။ |

# ၂၀၁၈ – ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

**ဇယား(၇)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၀၃၇၄. ၀၀၀ | | | | | | | | | ၂၀၃၇၄. ၀၀၀ |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | | | ၃၁၁၄၄၃. ၉၉၇ | | | | ၂၁၇၃၃. ၉၆၈ | | ၅၂၁၃၄၆. ၄၄၂ | | | ၈၅၄၅၂၄. ၄၀၇ |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၈၇၁၆၇. ၈၀၀ | | | | ၃၄. ၀၀၀ | | | | | ၄၈၇၂၀၁. ၈၀၀ |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | | | ၄၂၅၉၆၇၄. ၃၃၂ | | | | ၂၅၁၀၇. ၅၉၄ | | ၂၈၁၆၄၃. ၀၄၅ | ၄၀၀၀၀. ၀၀၀ | | ၄၆၀၈၆၂၄. ၉၇၁ |
| | ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၈၁၂၀၇. ၁၄၅ | | | | | | | | | ၈၁၂၀၇. ၁၄၅ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | | | ၆၈၉၉၄၈. ၄၄၈ | | | | ၆၄၄၆. ၁၈၅ | | ၂၁၃၉၈၇. ၈၉၃ | | | ၉၁၀၃၈၂. ၇၂၆ |
| | | **ပေါင်း** | | | | **၅၈၄၉၈၁၅. ၇၂၂** | | | | **၅၃၅၂၁. ၉၄၇** | | **၁၀၁၈၉၇၇. ၃၈၀** | **၄၀၀၀၀. ၀၀၀** | | **၆၉၆၂၃၁၅. ၀၄၉** |

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

**ဇယား(၈)**
**(ကျပ်သန်းပေါင်း)**


| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ: သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ): သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၄ မှ ၈ ထိ) | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅(၁၀ မှ ၁၄ ထိ) | ၁၆(၉+၁၅) |
| | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | ၂၂၈၃၃.၅၂၇ | ၇၁၉.၉၃၁ | | | | ၂၃၅၅၃.၄၅၈ | ၂၃၅၅၃.၄၅၈ |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၅၉၁၁.၆၄၁ | ၆၀၇၈၂၂.၈၂၅ | | ၂၇၀၈၆.၃၄၅ | | ၇၄၀၈၂၀.၈၁၁ | ၁၄၄၇၇၈.၂၅၁ | ၁၂၈၈၀၉.၂၈၃ | | ၆၇၉၁.၈၅၄ | | ၂၈၀၃၇၉.၃၈၈ | ၁၀၂၁၂၀၀.၁၉၉ |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၈.၈၀၀ | | | | | ၂၈.၈၀၀ | ၂၉၀၂၄၉.၀၇၇ | ၃၅၃၃.၄၅၃ | | | | ၂၉၃၇၈၂.၆၃၀ | ၂၉၃၈၁၀.၄၃၀ |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၉၃၁၃၅၄.၂၆၇ | ၄၀၅၄၅၈.၄၃၂ | | ၆၅၄၆၉.၀၅၇ | | ၁၄၀၂၂၈၀.၇၅၆ | ၃၁၈၇၉၉၄.၈၇၂ | ၃၆၂၉၃.၁၆၂ | | ၁၀၄၅၈၄၃.၄၁၄ | | ၃၇၇၀၁၃၀.၄၄၈ | ၄၉၇၂၄၁၁.၂၀၄ |
| | ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၇၅၉၉.၇၃၀ | ၈၄၉၁၄.၃၃၃ | | ၁၂၀၁၂၆.၄၇၇ | | ၂၂၃၆၄၀.၅၄၇ | ၁၂၂၅၉၆.၄၅၉ | | | | | ၁၂၂၅၉၆.၄၅၉ | ၃၄၆၂၃၇.၀၀၆ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၆၉၇၅၁၈.၀၇၀ | ၃၀၅၅၅.၈၆၇ | ၆၄၅၈၄.၅၅၀ | | ၁၃၂၀၇၅.၃၈၀ | ၉၂၄၇၇၇.၈၇၇ | | | | | | | ၉၂၄၇၇၇.၈၇၇ |
| | | ပေါင်း | | ၁၇၅၂၄၁၁.၂၅၀၀ | ၁၁၂၈၇၅၁.၀၈၆၇ | ၆၄၅၈၄.၅၅၀ | ၂၁၃၆၈၀.၈၇၅ | ၁၃၂၀၇၅.၃၈၀ | ၄၂၉၀၅၀၅.၇၅၂ | ၃၉၆၈၄၄၀.၂၈၆ | ၁၆၉၃၅၅.၈၂၉ | | ၁၃၂၆၄၃.၂၆၈ | | ၄၂၉၀၄၄၀.၃၈၃ | ၇၅၈၀၉၄၇.၀၇၅ |


## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

**ဇယား(၉)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| | ၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၅၅၇၄၁. ၀၃၆ | | | | | | ၁၃၅၂၅၃. ၇၉၇ | | | ၃၉၀၉၉၄. ၈၃၃ |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၆၄၁၃၃၉. ၄၀၉ | | | | | | ၁၃၇၄၅. ၉၅၈ | | | ၆၅၅၀၈၅. ၃၆၇ |
| | ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၂၇၁၁၃၆၉. ၃၄၅ | | | | | | ၇၃၉၉. ၉၉၃ | | | ၂၇၈၇၆၉. ၃၃၈ |
| | | **ပေါင်း** | | | | **၁၁၆၈၄၄၉. ၇၉၀** | | | | | | **၁၅၆၃၉၉. ၇၄၈** | | | **၁၃၂၄၈၄၉. ၅၃၈** |

**(ဆက်လက်ဖော်ပြပါမည်)**















# ဆီဝေါ်မတည့် တွဲဖက်မညီ အိုင်စီစီ

**à ကိုရင်ညြ**

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး(အိုင်စီစီ) သည် တရားဥပဒေနှင့်အညီ တရားစီရင်ပိုင်ခွင့်မရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး တရားစီရင်မှု၏အခြေခံမူများအားလုံးကို ချိုးဖောက်လျက်ရှိသည်ဟု သမ္မတဒေါ်နယ်ထရန့်က ပြောကြားလိုက်ခြင်းသည် သူ၏ အစိုးရအဖွဲ့အနေဖြင့် အိုင်စီစီအပေါ် တင်းမာသော သဘောထားရပ်တည်ချက်ကိုင်စွဲထားပုံကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား လှစ်ဟလိုက်ခြင်းဖြစ်သည်။

## တရားစီရင်ပိုင်ခွင့်မရှိ

အမေရိကန်ပြည်ထောင်စု၏ စိုးရိမ်ပူပန်မှုအပေါ် အခြေခံ၍ အလေးအနက်ပြုပြောဆိုရမည်ဆိုရလျှင် အိုင်စီစီသည် တရားဥပဒေနှင့်အညီ တရားစီရင်ပိုင်ခွင့် မရှိ၊ ဥပဒေအရ အဆုံးအဖြတ်ပေးပိုင်ခွင့် မရှိ၊ အခွင့်အာဏာမရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၂၅ ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲတွင် အိုင်စီစီနှင့်ပတ်သက်၍ ဝေဖန်ပြော ကြားခဲ့သည်။

အိုင်စီစီသည် ကမ္ဘာ့နိုင်ငံတိုင်းရှိ နိုင်ငံသားတိုင်းအပေါ် တရားဥပဒေအရ စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟုဆိုခြင်းမှာ တရားစီရင်မှု၊ သမာသမတ်ရှိမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားသောအခွင့်အရေးများအပေါ် အခြေခံသည့် တရားစီရင်မှုတို့၏ အခြေခံမူများ အားလုံးကို ချိုးဖောက်ရာရောက်ကြောင်း၊ မိမိတို့သည် ရွေးကောက်တင်မြှောက်ထားခြင်းမရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော ကမ္ဘာ့ ဗျူရိုကရေစီယန္တရားဖြစ်သည့် အိုင်စီစီအား အမေရိကန်ပြည်ထောင်စု၏ အချုပ်အခြာ အာဏာပိုင်စိုးမှုအတွက် မည်သည့်အခါတွင်မျှ အညံ့ခံမည်မဟုတ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးအား ထောက်ခံအားပေးမည်မဟုတ်သည့်အပြင် အသိအမှတ်ပြုမည်လည်း မဟုတ်ကြောင်း သမ္မတ ထရန့်က ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်က စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ၂၀၁၄ ခုနှစ်တွင် အစ္စရေးက ဂါဇာ၌ ရာဇဝတ်ပြစ်မှုများ ကျူးလွန်ခဲ့သည်ဟုဆိုသော စွပ်စွဲချက်များအတွက် အိုင်စီစီက စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းကို ရပ်ဆိုင်းပေးရန် သမ္မတထရန့်၏ အစိုးရအဖွဲ့က တောင်းဆိုလျက်ရှိသည်။

အိုင်စီစီ၏ ၂၀၁၆ ခုနှစ် အစီရင်ခံစာတစ်ရပ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်က ဆိုးရွားသော ရာဇဝတ်ပြစ်မှုများကိုကျူးလွန်ခဲ့သည်ဟု စွပ်စွဲဖော်ပြခဲ့သည်။ အမေရိကန်က ကျူးလွန်ခဲ့သည်ဟုဆိုသော ပြစ်မှုများတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်း၊ လူသားဂုဏ်သိက္ခာထိခိုက်အောင် ပြုမူခြင်း နှင့် အဓမ္မပြုကျင့်ခြင်းတို့ ပါဝင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့နှင့် အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)တို့က စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းကို ခွင့်ပြုပေးရန် အိုင်စီစီ၏ ရှေ့နေချုပ် ဖာတူး ဘန်ဆူဒါက ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မေတ္တာရပ်ခံခဲ့သည်။ ဖာတူးဘန်ဆူဒါ သည် ဂမ်ဘီယာနိုင်ငံမှ တရားသူကြီးတစ်ဦးဖြစ်ပြီး အိုင်စီစီ၏ ရှေ့နေချုပ်အဖြစ် ၂၀၁၂ ခုနှစ်မှစ၍ တာဝန်ယူဆောင်ရွက်လာခဲ့သူဖြစ်သည်။

ဖာတူးဘန်ဆူဒါ၏ လက်ထက်တွင် အိုင်စီစီက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ထောက်လှမ်းရေးအရာရှိများအား စုံစမ်းစစ်ဆေးခွင့် ရရှိရေးအတွက် မေတ္တာရပ်ခံချက်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ပြီး စီအိုင်အေက လျှို့ဝှက်ထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ခဲ့သည်ဆိုသော စွပ်စွဲချက်များကို မိမိတို့စုံစမ်းစစ်ဆေးထိုက်ကြောင်း ဖာတူးဘန်ဆူဒါက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော အဖြစ်သနစ်များနှင့်ပတ်သက်၍ စုံစမ်း စစ်ဆေးရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စီအိုင်အေထောက်လှမ်းရေးသမားများသာ အကျုံးဝင်မည်မဟုတ်ဘဲ တာလီဘန်အဖွဲ့နှင့် ယင်းအဖွဲ့နှင့် ဆက်နွယ်မှုရှိသော ဟက်ကာနီကွန်ရက်တို့နှင့် ပတ်သက်နေသော စွပ်စွဲချက်များ၊ အာဖဂန်အမျိုးသားလုံခြုံရေးတပ်ဖွဲ့နှင့်ပတ်သက်နေသော စွပ်စွဲချက်များကိုလည်း စုံစမ်းစစ်ဆေးလိုသည်ဆို၏။

## အိုင်စီစီ တောင့်ခံနိုင်မည်လော

အမေရိကန်ပြည်ထောင်စုနှင့် ပတ်သက်နေသော စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ အိုင်စီစီက စုံစမ်းစစ်ဆေးခွင့်ရရှိရန် ကြိုးပမ်းနေခြင်းသည် အမေရိကန်အစိုးရကို အကြီးအကျယ်စိန်ခေါ်ရာရောက်သော်လည်း အိုင်စီစီအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အပီအပြင် မရရှိပါက ယင်းစိန်ခေါ်ချက်မှာ အကောင်အထည်ပေါ်လာနိုင်ဖွယ် မရှိကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

အိုင်စီစီတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်သောနိုင်ငံများ၏ ညီလာခံအမည်ရှိ အဖွဲ့အစည်းသည် ပြီးခဲ့သည့်ဒီဇင်ဘာလက နယူးယောက်မြို့၌ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာတွင် အိုင်စီစီ၏ လက်ရှိရပ်တည်ချက်အနေအထားနှင့် အနာဂတ်အလားအလာတို့နှင့် ပတ်သက်၍ သံတမန်များ၊ ရှေ့နေရှေ့ရပ်များနှင့် လေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းများမှ လှုပ်ရှားသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

ပကတိအနေအထားအရ အမေရိကန်တာဝန်ရှိသူတစ်ဦးအား အိုင်စီစီက အောင်မြင်သော စုံစမ်းစစ်ဆေးမှုကို မည်သည့်အခါတွင်မျှ ပြုလုပ်နိုင်လိမ့်မည်မဟုတ်ဟု သုံးသပ်မှုများပေါ်ထွက်ခဲ့သည်။ အမေရိကန်အစိုးရအဖွဲ့သည် ယင်း၏ အကျိုးစီးပွားများနှင့် ကိုက်ညီမှုရှိသော ကိစ္စရပ်များတွင်သာ အိုင်စီစီနှင့် ပူးပေါင်းဆောင်ရွက်ဖွယ်ရှိကြောင်း၊ အာဖဂန်နစ္စတန်အရေးနှင့်ပတ်သက်၍ အိုင်စီစီက စစ်ဆေးလိုသည့်တိုင်အောင် အမေရိကန်အစိုးရ၏ပူးပေါင်းဆောင်ရွက်မှု မရရှိပါက အထမြောက်နိုင်မည် မဟုတ်ကြောင်း သံတမန်များက ပြောကြားကြသည်။

အမှုတည်ဆောက်ခြင်းနှင့် ဖမ်းဝရမ်းများထုတ်ပေးခြင်းတို့ကဲ့သို့သော ကိစ္စရပ်များတွင် ကမ္ဘာ့နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုမရရှိပါက အိုင်စီစီ၏ ဂုဏ်သတင်းမှာ ထိခိုက်ရန် သေချာလှသည်။

အတွေ့အကြုံအရ ပြန်လည်သုံးသပ်ရလျှင် အိုင်စီစီနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမရှိခဲ့သော ဖြစ်စဉ်များကို တွေ့မြင်နိုင်သည်။ ၂၀၀၈ ခုနှစ်က ဂျော်ဂျီယာနှင့် ရုရှားနိုင်ငံတို့အကြား ဖြစ်ပွားခဲ့သော စစ်ပွဲနှင့်ပတ်သက်၍လည်းကောင်း၊ ဘူရွန်ဒီနိုင်ငံ၌ စစ်ရေးအရ စွက်ဖက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍လည်းကောင်း ရုရှားအစိုးရအဖွဲ့နှင့် ဘူရွန်ဒီအစိုးရအဖွဲ့တို့က အိုင်စီစီနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုဘဲနေခဲ့ကြရာ အမှုများမှာ တစ်ပိုင်းတစ်စဖြင့် ရပ်ဆိုင်းလိုက်ရသည့် အနေအထားသို့ ကျရောက်ခဲ့သည်။

## အိုင်စီစီသမိုင်းကြောင်း

၂၀၀၂ ခုနှစ်တွင် အိုင်စီစီတရားရုံး စတင်အာဏာသက်ဝင်လာခဲ့သည်။ စစ်ရာဇဝတ်မှုများကျူးလွန်ခြင်း၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်ခြင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်း စသည်တို့နှင့်ပတ်သက်၍ တရားစွဲဆိုခွင့်အာဏာရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်လာခဲ့သည်။

အိုင်စီစီကို ရုရှား၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့သော နိုင်ငံများက အားပေးထောက်ခံမှု လွန်စွာနည်းပါးခဲ့သည်။ ယင်းမှာ ဖော်ပြပါ နိုင်ငံကြီးများအနေဖြင့် အိုင်စီစီအပေါ် တိုက်ရိုက်ထိန်းချုပ်နိုင်မှု မရှိခြင်းကြောင့် ဖြစ်နိုင်သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အစိုးရအဖွဲ့လက်ထက်တွင် အိုင်စီစီအား မည်သည့်အကူအညီမျှ မပေးရေးကိုဖော်ပြသည့် ဥပဒေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အိုင်စီစီက ထိန်းသိမ်းထားသော မည်သည့် အမေရိကန်နိုင်ငံသားကိုမဆို မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့်နည်းလမ်းအရပ်ရပ်ကို အသုံးပြု ခွင့်ရှိသည်ဟု အဆိုပါ ဥပဒေတွင် အမေရိကန်အစိုးရအဖွဲ့အား အခွင့်အာဏာ အပ်နှင်းထားသည်။

အမေရိကန် ပြည်ထောင်စုသည် အမေရိကန်နိုင်ငံသားများ တရားစွဲဆိုခံရခြင်းမှ လွတ်ငြိမ်းခွင့်ပြုရေး သဘောတူညီချက်အား အခြားနိုင်ငံများနှင့်အတူ နှစ်နိုင်ငံအလိုက် လက်မှတ်ရေးထိုးမှုများကိုလည်း ဘုရှ်၏အစိုးရအဖွဲ့က သံတမန်ရေးနည်းလမ်းအရ လုပ်ဆောင်ခဲ့သေးသည်။ အမေရိကန်နိုင်ငံသားများကို အိုင်စီစီက မည်သည့်အခါတွင်မျှ စုံစမ်းစစ်ဆေးခွင့်မရှိဟု ဘုရှ်အစိုးရအဖွဲ့က ကြေညာခဲ့သည်။

## သမ္မတထရန့် ရပ်တည်ချက်

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်နိုင်ငံသားများက ကျူးလွန်ခဲ့သည်ဟုဆိုသော စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်မည်ဆိုပါက အိုင်စီစီ တရားသူကြီးများအား အရေးယူဒဏ်ခတ်မည်ဟု သမ္မတထရန့်၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က စက်တင်ဘာ ၁၀ ရက်က မြို့တော်ဝါရှင်တန်၌ Federalist Society ၏ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာတွင် အတိအလင်း ဖော်ပြခဲ့သည်။

ဥပဒေအရ စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိသော အိုင်စီစီက မိမိတို့၏ နိုင်ငံသားများနှင့် မိမိတို့၏ မဟာမိတ်များကို တရားမျှတမှုကင်းမဲ့စွာ တရားစွဲဆိုခြင်း မပြုနိုင်အောင် မိမိတို့က လိုအပ်သည့် နည်းလမ်းများအားလုံးကို အသုံးချဆောင်ရွက်သွားမည်ဟု ဘော်လ်တန်က တဲ့တိုးကြီးပြောကြားခဲ့သည်။

အိုင်စီစီက ရှေ့တိုးဆောင်ရွက်လျှင် အိုင်စီစီ တရားသူကြီးများနှင့် တရားစွဲဆိုရေးမှူးများ အမေရိကန်သို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခြင်းနှင့် ၎င်းတို့ကို ဖမ်းဆီးခြင်း၊ အမေရိကန် ဘဏ္ဍာရေးစနစ်အတွင်း လည်ပတ်နေသော အိုင်စီစီနှင့် ဆက်နွယ်မှုရှိသည့် ငွေကြေးများကို ထိန်းချုပ်ခြင်း၊ အိုင်စီစီ၏ ဘက်တော်သားများကို အမေရိကန်တရားရုံးများတွင် တရားစွဲဆိုခြင်းစသည့် နည်းလမ်းများဖြင့် အမေရိကန်အစိုးရက တုံ့ပြန်မည်ဆို၏။

အိုင်စီစီသို့ အမေရိကန်နိုင်ငံသားများကို လွှဲပြောင်းပေးအပ်ခြင်းမှ တားမြစ်နိုင်ရေးအတွက် အမေရိကန်နှင့် အခြားနိုင်ငံများအကြား နှစ်နိုင်ငံအလိုက် ရရှိထားသော သဘောတူညီချက်များနှင့် ပတ်သက်၍လည်း အမေရိကန်အစိုးရက ပြန်လည်ညှိနှိုင်းသွားဖွယ်ရှိသည်။

၂၀၀၂ ခုနှစ်တွင် အိုင်စီစီထူထောင်မှုကို လမ်းဖွင့်ပေးသော ရောမစာချုပ် (Rome Statute) ကို အမေရိကန်က အတည်ပြုခြင်းမရှိခဲ့ချေ။

လုပ်ပိုင်ခွင့်အာဏာ တစ်ပုံတစ်ခေါင်းရရှိထားသော အိုင်စီစီကို ထိန်းချုပ်ကန့်သတ်နိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမေရိကန်က ကြိုးပမ်းမည့် နည်းလမ်းကိုလည်း အမေရိကန် အစိုးရက စဉ်းစားသုံးသပ်လာဖွယ်ရှိသည်။

## လူ့အခွင့်အရေး ကောင်စီအရေး

စက်တင်ဘာ ၂၅ ရက်က ကုလသမဂ္ဂ စင်မြင့်တွင် မိန့်ခွန်းပြောကြားသူ သမ္မတထရန့်သည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ အမေရိကန် နုတ်ထွက်ရန် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း ကာကွယ်ပြောကြားခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ‘ကြောင်သူတော်’ ပမာ ပြုကျင့်နေကာ အစ္စရေးနိုင်ငံအရေးတွင် ဘက်လိုက်နေသည်ဟု အမေရိကန်အစိုးရက စွပ်စွဲခဲ့ပြီးနောက် ဇွန်လ ၁၉ ရက်တွင် ယင်းကောင်စီမှ နုတ်ထွက်မည့် ကိစ္စကို သမ္မတထရန့် အစိုးရအဖွဲ့က ကြေညာခဲ့သည်။

လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေး ချိုးဖောက်သူများအား ကာကွယ်စောင့်ရှောက်ပေးနေသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ပေးခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက အမေရိကန် နိုင်ငံခြားရေးဌာနတွင် ဇွန် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင် ၄၇ နိုင်ငံပါဝင်ပြီး ဇွန်လ ၁၈ ရက် အစည်းအဝေးတွင် သမ္မတထရန့်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးခဲ့ကြပြီးနောက် သမ္မတထရန့်၏ ဆုံးဖြတ်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန် အမျိုးသား လုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ယူစဉ်ကပင် လူ့အခွင့်အရေးကောင်စီ ထူထောင်ခြင်းကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီတွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံအချို့သည်ပင်လျှင် လူ့ အခွင့်အရေးမှတ်တမ်းများ ညံ့ဖျင်းနေသည်ဟု သံအမတ်ကြီးနစ်ကီဟာလေကလည်း ဝေဖန်ပြောကြားခဲ့သည်။

လူ့အခွင့်အရေးကောင်စီသည် သမ္မတထရန့်၏ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍လည်း ဝေဖန်ခဲ့ရာ သမ္မတထရန့် အစိုးရအဖွဲ့၏ တုံ့ပြန်မှုနှင့် ရင်ဆိုင်လာရခြင်းဖြစ်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့အစည်းကြီးအား ဣန္ဒြေပျက် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်ခဲ့သည်ဟု လွန်ခဲ့သည့် နှစ်ကပင် ကုလသမဂ္ဂရှေ့မှောက်တွင် မိမိသတိပေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်သူများကို ယင်းကောင်စီက အကာအကွယ်ပေးနေပြီး အမေရိကန်နှင့် မိမိတို့၏ မဟာမိတ်များကို ယင်းကောင်စီက ပြစ်တင်ရှုတ်ချနေကြောင်း၊ လူ့အခွင့်အရေးကောင်စီ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို မိမိတို့၏ သံအမတ်ကြီး နစ်ကီဟာလေက ရေးဆွဲခဲ့ပြီး သတိပေးမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ကောင်စီက အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ကောင်စီမှ နုတ်ထွက်ရန် မိမိဆုံးဖြတ်ခဲ့ရကြောင်း၊ ကောင်စီအနေဖြင့် ပြုပြင်ပြောင်းလဲမှု မလုပ်သမျှ ကာလပတ်လုံး ကောင်စီ၏ အဖွဲ့ဝင်အဖြစ် ပါဝင်မည်မဟုတ်ကြောင်း သမ္မတထရန့်က အတိအလင်းပြောကြားခဲ့သည်။

မိမိ၏ နိုင်ငံသားများကို ထိပါးလာမည်ဆိုလျှင် ပြင်းထန်စွာ တုံ့ပြန်မည်ဆိုသော အမေရိကန်၏ သဘောထားရပ်တည်ချက်သည် အိုင်စီစီ၏ ရပ်တည်ချက်ကို ချည့်နဲ့စေမည့် စိန်ခေါ်မှုအဖြစ် ရှုမြင်ရသည်။ အချုပ်အခြာအာဏာ ပိုင်စိုးသော နိုင်ငံများအနေဖြင့် မိမိ၏ ကိုယ်ပိုင်ဥပဒေများအရသာလျှင် တရားစီရင်ဆုံးဖြတ်မည်ဆိုသော သမ္မတထရန့်၏ ရပ်တည်ချက်ကို အလေးမူမိရင်း “ဆီဝေါ်မတည့် တွဲဖက်မညီ အိုင်စီစီ” ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:

ICC has no jurisdiction legitimacy or authority (CNBC)

# ၂၀၁၈ – ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေ ပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၇)**
**ဝင်ငွေခွန်**

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်းဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန်ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀၀၀၀၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆိုမြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်း ဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင်ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင်ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁-၃၀၀၀၀၀၀၀ | ၁၅ % |
| (ခ) | ၃၀၀၀၀၀၀၁-၁၀၀၀၀၀၀၀၀ | ၂၀ % |
| (ဂ) | ၁၀၀၀၀၀၀၀၁ နှင့်အထက် | ၃၀ % |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း(၁၀၀၀၀၀) အထိ | ၄၀ % |
| (၂) ညီမျှကျပ်သန်းပေါင်း(၁၀၀၀၀၀) အထက်မှ (၁၅၀၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀၀၀၀) အထက် | ၅၀ % |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

**(ဆက်လက်ဖော်ပြပါမည်)**

# သက်ကြီးသူတို့အခွင့်အရေး အစွမ်းဆောင်နိုင်ဆုံးဖြည့်ဆည်းပေး

ကြည်ထွန်း(လူမှု)

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုချမှတ် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights-UDHR) ၏ သက်တမ်းကား နှစ်ပေါင်းခုနစ်ဆယ်နီးပါးရှိလာပြီ။ ဤကာလအတွင်း အဆိုပါလူ့အခွင့်အရေးကြေညာစာတမ်းအပေါ် အခြေပြု၍ ထိခိုက်လွယ်ပြီး အားနည်းသည့် Vulnerable အုပ်စုဝင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကွန်ဗင်းရှင်း (သဘောတူစာချုပ်) များ သီးသီးသန့်သန့် ထွက်ပေါ်လာခဲ့ပြီးဖြစ်သည်။

## အမျိုးသမီးအခွင့်အရေး

သမိုင်းတစ်လျှောက် ဆယ်စုနှစ်များစွာ ရှည်ကြာခဲ့ပြီဖြစ်သော အမျိုးသမီးအခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုများသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် ပိုမိုအသိအမှတ်ပြုခံလာရသည်။ ၁၉၆၆ ခုနှစ်တွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်နှင့် နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်တို့ ပေါ်ပေါက်လာသည်။ ၁၉၆၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းကို အတည်ပြုချမှတ်ခဲ့သည်။ ထို့နောက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women-CEDAW) ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့သည်။ ယခုအချိန်အထိ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၇ နိုင်ငံက စာချုပ်အဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်ပြီး အမျိုးသမီးအခွင့်အရေးများကို ဖော်ဆောင်လျက်ရှိကြသည်။

## ကလေးသူငယ်အခွင့်အရေး

ကလေးသူငယ်များအတွက် သီးခြားအခွင့်အရေးများကို အာမခံချက်ပေးသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်တစ်ရပ်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child – CRC) ပင်ဖြစ်သည်။ CRC ပေါ်ပေါက်လာပုံမှာ ၁၉၂၄ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ပထမအကြိမ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်းတစ်စောင်ကို ပထမဦးဆုံးအတည်ပြုခဲ့သည်။ ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းထွက်ပေါ်ပြီး ၁၀ နှစ်ကျော်အကြာ ၁၉၅၉ ခုနှစ်တွင် အချက် (၁၀) ချက်ပါ ဒုတိယအကြိမ် ကလေးသူငယ်အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ၁၉၇၉ ခုနှစ် အပြည်ပြည်ဆိုင်ရာကလေးများနှစ်တွင် ကမ္ဘာ့နိုင်ငံများက တင်သွင်းသော ကွန်ဗင်းရှင်းမူကြမ်းများအပေါ် စိစစ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးသည်။ ထိုအဖွဲ့က ၁၀ နှစ်တာကာလကြိုးပမ်းမှု၏ ရလဒ်အဖြစ် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် CRC ကို အတည်ပြုချမှတ်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ၁၉၁ နိုင်ငံက CRC အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ကြလျက် ကလေးသူငယ်တိုင်း အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ဟူသော အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်အောင် ဆောင်ကြဉ်းလျက်ရှိကြသည်။

## မသန်စွမ်းသူများအခွင့်အရေး

မသန်စွမ်းသူများ၏ လူ့အခွင့်အရေးလှုပ်ရှားမှုများကို လွန်ခဲ့သော ၂၀ ရာစု နှောင်းပိုင်းကာလကတည်းက ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအာရုံစိုက်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်တွင် ဉာဏ်ရည်မမီသူများ၏ အခွင့်အရေးဆိုင်ရာ ကြေညာချက်၊ ၁၉၇၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကြေညာချက်တို့ ထွက်ပေါ်လာသည်။ ကုလသမဂ္ဂက ၁၉၈၁ ခုနှစ်ကို 'အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနှစ်' ဟု သတ်မှတ်ပေးခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် 'မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းစဉ်' ကိုချမှတ်ပေးခဲ့သည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ၁၀ နှစ်ကို ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို 'အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့' ဟု သတ်မှတ်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် 'မသန်စွမ်းသူများအတွက် အခွင့်အရေးတန်းတူညီမျှစေခြင်းဆိုင်ရာ စံပြုအပ်သောစည်းမျဉ်း' ကို ချမှတ်ခဲ့သည်။

မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ ညီမျှစွာအပြည့်အဝရရှိရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သေချာစေရန်နှင့် မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန် ရည်ရွယ်၍ ကုလသမဂ္ဂအထွေထွေညီလာခံက မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယခုအချိန်အထိ မြန်မာနိုင်ငံအပါအဝင် စာချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၇ နိုင်ငံ ရှိလာပြီဖြစ်ပြီး မသန်စွမ်းသူများအတွက် စစ်မှန်သော အခွင့်အရေးများရရှိအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြသည်။

## မျက်မှောက်ခေတ်သက်ကြီးရွယ်အိုများဘဝ

အထက်ဖော်ပြပါဥပဒေအရ စည်းနှောင်မှုရှိသည့် CEDAW, CRC, CRPD ဟူသည့် အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်ကြီးများက အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အာမခံချက်ပေးထားသော်လည်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို အာမခံချက်ပေးနိုင်သော သဘောတူစာချုပ်တစ်ရပ်ထွက်ပေါ်လာခြင်း မရှိသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ An Aging World: 2015 အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အသက် ၆၅ နှစ်နှင့် အထက်ရှိသူဦးရေ ၆၁၇ သန်းရှိလာပြီ။ ယင်းအရေအတွက်သည် ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ မျက်မှောက်ခေတ်၌ တစ်ဖက်တွင် သက်ကြီးရွယ်အို တိုးပွားနှုန်းမြင့်မားလာသော်လည်း အခြားတစ်ဖက်တွင် လူမှုစီးပွားဘဝပြောင်းလဲမှု၊ ရုပ်ဝတ္ထုအသစ်အဆန်းများ၊ ကာမဂုဏ်အသစ်အဆန်းများအပေါ် ငြိတွယ်ကာ လူနေမှုပုံစံများ ပြောင်းလဲရှုပ်ထွေးနေသည်။ ဤသို့ဖြစ်သည်နှင့်အမျှ မိဘဘိုးဘွား သက်ကြီးရွယ်အိုများအပေါ် သားသမီးမြေးမြစ်များက တာဝန်ယူစောင့်ရှောက်မှုများ ပေါ့လျော့ပျက်ယွင်းမှုများ ရှိလာသည်။ အမျိုးမျိုးသော ပစ်ပယ်ခွဲခြားဆက်ဆံမှုများက သက်ကြီးရွယ်အိုတို့၏ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့ကို ခြိမ်းခြောက်လျက် ရှိလေပြီ။

> ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ လူမှုရေးပင်စင် အဖြစ် အသက် ၉၀ နှင့်အထက် သက်ကြီးရွယ်အို တစ်ဦးလျှင် လစဉ်ကျပ် ၁၀၀၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အို ၄၅၀၀၀ ကျော်ကို ထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်သစ်အစ အောက်တိုဘာလမှစ၍ အသက် ၈၅ နှစ်သို့ ပြောင်းလဲလျှော့ချကာ သက်ကြီးရွယ်အိုအရေအတွက် ၁၅၀၀၀၀ ကျော်ကို လစဉ် ထောက်ပံ့မှုများပြုမည်ဟု သိရ...

## ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များ

သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ တစ်နည်းအားဖြင့် သက်ကြီးသူတို့ လူ့အခွင့်အရေးကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လွန်ခဲ့သောနှစ်ပေါင်း ၄၀ နီးပါးကပင် စတင်အာရုံစိုက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာ ညီလာခံကြီးတစ်ရပ် ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို 'အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့' ဟု သတ်မှတ်ပေးသည်။ ၁၉၉၁ ခုနှစ်တွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အောက်ဖော်ပြပါ အခြေခံမူငါးရပ်ကို ချမှတ်ပေးသည် -

(၁) အခြေခံ လိုအပ်ချက်များ ပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင် ရပ်တည်နိုင်ရေး (Independent)
(၂) လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေး (Participation)
(၃) ကြီးသူငယ်သူ အပြန်အလှန် စောင့်ရှောက်မှုပြုရေး (Care)
(၄) ၎င်းတို့၏ စွမ်းရည်နှင့် ၎င်းတို့၏ အခွင့်အလမ်းများကို ၎င်းတို့ကိုယ်တိုင် ဖြည့်ဆည်းနိုင်ရေး (Self-Fulfillment)
(၅) ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး (Dignity) တို့ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် ၁၉၉၉ ခုနှစ်ကို 'အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်' ဟု သတ်မှတ်ပေးသည်။ ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒုတိယအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံကို ကျင်းပကာ အောက်ပါ မဒရစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များ (Madrid International Plan of Action on Ageing-MIPAA) ကိုချမှတ်ခဲ့သည်။ ၎င်းတို့မှာ -

(၁) သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊
(၂) သက်ကြီးရွယ်အိုများ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာရေး၊
(၃) သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးမည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေး တို့ဖြစ်သည်။

ကုလသမဂ္ဂက နှစ်စဉ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဦးတည်ချက်ဆောင်ပုဒ် (Theme) ကို ချမှတ်ပေးလေ့ရှိသည်။ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ပေးသော ဦးတည်ချက်ဆောင်ပုဒ်မှာ 'Celebrating Older Human Rights Champions' ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာခြင်းကြောင့် လူသားတို့၏ မွေးရာပါဂုဏ်သိက္ခာနှင့် အခွင့်အရေးများ သေးသိမ်မှေးမှိန်မှုမဖြစ်စေဘဲ သက်ကြီးသူတို့ ရရှိခံစားထိုက်သော အခွင့်အရေးများအားလုံးကို အစွမ်းဆောင်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် ချန်ပီယံများပေါ်ထွန်းလာစေရန် ဤဆောင်ပုဒ်က တပ်လှန့်နိုးဆော်လိုက်ခြင်းပင်ဖြစ်သည်။ ဤဆောင်ပုဒ်၏ ရည်သန်ချက်များကား -

(၁) MIPPA လုပ်ငန်းအစီအစဉ်ပါ ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်သုံးရပ်ကို တိုးမြှင့်ဖော်ဆောင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုများ နိစ္စဓူဝကြုံတွေ့နေရသော အတားအဆီး အခက်အခဲများကို ကျော်လွှားနိုင်ရန်၊
(၂) လူမှုအသိုက်အဝန်းအတွင်း နယ်ပယ်အသီးသီးတွင် သက်ကြီးရွယ်အိုများ လူ့အခွင့်အရေး အပြည့်အဝ ရရှိခံစားနိုင်အောင် ဆောင်ရွက်ရာတွင် သက်ကြီးရွယ်အိုများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊
(၃) သက်ကြီးရွယ်အိုများ၏ အခြေခံလွတ်လပ်ခွင့်နှင့် အခွင့်အရေးများကိုသာ တူညီမျှ ရရှိခံစားနိုင်အောင်ဆောင်ရွက်ရာတွင် တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို အလေးအနက်ထည့်သွင်းစဉ်းစားရန် တို့ဖြစ်သည်။

## သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအစ မြန်မာက

မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို 'သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစ မြန်မာက' ဟု ဆိုရလောက်အောင် ရှေးမြန်မာမင်းများလက်ထက်ကတည်းက စတင်ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်သည်။ ကိုလိုနီခေတ်တွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော လူမှုဝန်ထမ်းအမျိုးသမီး အာဇာနည်၊ တစ်နည်းအားဖြင့် ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများအတွက် လူအိုရုံများ စတင်တည်ထောင်ပေးသော အမျိုးသမီးချန်ပီယံတစ်ဦး ပေါ်ထွန်းခဲ့သည်။ ချန်ပီယံဘွားဦးဇွန်း မျိုးစေ့ချပေးခဲ့သော ဘိုးဘွားရိပ်သာများသည် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၈၀ ကျော်မျှ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ၁၉၉၉ ခုနှစ် နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် သမားရိုးကျ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများအပြင် နိုင်ငံတကာတွင် ဆောင်ရွက်နေသော နည်းစနစ်အသစ်များအနက် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းကို စမ်းသပ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစ၍ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတစ်ခုကို ရန်ကုန်မြို့၌ စံနမူနာပြအဖြစ် ဖွင့်လှစ်ခဲ့သည်။

## သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ

နိုင်ငံတော်အစိုးရက 'သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း' ကို ၂၀၁၄ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ သက်ကြီးရွယ်အိုများကို လူမှုရေးပင်စင်ပေးအပ်ရေးနှင့် သက်ကြီးသူချင်း ကူညီထောက်ပံ့ရေးအဖွဲ့များကို ပံ့ပိုးမှုပေးရေးဟူသည့် လုပ်ငန်းစဉ်များပါရှိသော မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ချမှတ်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခြင်းဖြင့် မြန်မာ့သက်ကြီးရွယ်အိုလောကကို တစ်ခေတ်ဆန်းစေသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ လူမှုရေးပင်စင်အဖြစ် အသက် ၉၀ နှင့်အထက် သက်ကြီးရွယ်အို တစ်ဦးလျှင် လစဉ်ကျပ် ၁၀၀၀၀ နှုန်းဖြင့် တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အို ၄၅၀၀၀ ကျော်ကို ထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်အစ အောက်တိုဘာလမှစ၍ အသက် ၈၅ နှစ်သို့ ပြောင်းလဲလျှော့ချကာ သက်ကြီးရွယ်အိုအရေအတွက် ၁၅၀၀၀၀ ကျော်ကို လစဉ် ထောက်ပံ့မှုများပြုမည်ဟု သိရ၍ ဝမ်းမြောက်ကြည်နူးမိပါသည်။

**စာမျက်နှာ ၂၁ သို့**

# မြန်မာ့ပုလဲမွေးမြူရေးစခန်းငါးခုကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ပြီ

**မြိတ် စက်တင်ဘာ ၂၉**

ဒေသတွင်း ခရီးသွားလုပ်ငန်းပိုမိုအားကောင်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ပုလဲမွေးမြူရေးလုပ်ငန်းခွင် ၁၂ ခု အနက် ငါးခုကို လာမည့် အောက်တိုဘာ ၁ ရက်မှစတင်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို လာရောက်လေ့လာခွင့်ပြုတော့မည်ဖြစ်သောကြောင့် ယင်းနှင့်ပတ်သက်၍ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြိတ်မြို့ ကမ်းနားလမ်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(မြိတ်) ရုံး၌ သတင်းစာရှင်းလင်းပွဲကျင်းပသည်။

"မြန်မာနိုင်ငံမှာ ပုလဲမွေးမြူရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်က စတင်လုပ်ကိုင်လာခဲ့တာပါ၊ ဒီလုပ်ငန်းက အချိန်နဲ့ ငွေအများကြီးရင်းနှီးရတယ်၊ မုတ်ကောင်လေးတွေမထိခိုက်အောင် ဂရုစိုက်ရတယ်၊ အရမ်းထိလွယ် ရှလွယ်ပါတယ်၊ ပုလဲတစ်လုံးရရှိဖို့ အချိန် လေးနှစ်ကြာပါတယ်၊ ပတ်ဝန်းကျင်ရေမြေ သန့်ရှင်းသပ်ရပ်မှုကို အလွန်အလေးထားဆောင်ရွက်ရတဲ့အတွက် ခရီးသွားခွင့်ပြုတဲ့အခါမှာ လုပ်ငန်းခွင်နှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိဖို့၊ ထိခိုက်ဆုံးရှုံးမှုမရှိဘဲ ရေရှည် လုပ်ကိုင်သွားလို့ရအောင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတွေရော ခရီးသွားဧည့်သည်တွေပါ ဝိုင်းဝန်းထိန်းသိမ်းကြဖို့လိုပါတယ်" ဟု မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်-နေပြည်တော်)မှ အထွေထွေမန်နေဂျာ ဦးမြင့်သူက ပြောသည်။

ပုလဲမွေးမြူရေးစခန်းသို့ လာရောက်လည်ပတ်ရာတွင် ပြည်တွင်းခရီးသွားဧည့်သည် တစ်ဦးလျှင် မြန်မာငွေကျပ် ၁၅၀၀၀ နှင့် နိုင်ငံခြားခရီးသွားဧည့်သည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာ ကျသင့်မည်ဖြစ်ကာ ကုန်ကျသည့်ငွေနှင့် ထိုက်တန်သည့် လုပ်ငန်းခွင်ဆိုင်ရာ ရှင်းလင်းပြသမှုများနှင့် ဝန်ဆောင်မှုများပေးမည့်အပြင် ပုလဲမွေးသည့် ကမာအခွံများဖြင့် ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့် ပုလဲများကို ပြသရောင်းချပေးမည်ဖြစ်ပြီး လက်ဆောင်ဝယ်ယူသည့် ပုလဲများကို အကောက်ခွန် ဥပဒေနှင့်အညီ ပြည်တွင်းပြည်ပသယ်ယူနိုင်ရေး တစ်ပါတည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (မြိတ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင်က ပြောသည်။



မြိတ်ဒေသသည် လှပသောပင်လယ်ကျွန်းများစွာကို ပိုင်ဆိုင်ထားသဖြင့် လွန်ခဲ့သည့်နှစ်များမှစ၍ လာရောက်လည်ပတ်သည့် ခရီးသွားများ၏ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိရာ ယခုကဲ့သို့ လူအများစိတ်ဝင်စားသည့် ပုလဲမွေးမြူရေးစခန်းများကို လေ့လာခွင့် ထပ်မံပေးလိုက်ခြင်းက ခရီးသွားလုပ်ငန်းကို ပိုမိုအားကောင်းလာစေသော်လည်း ပုလဲလုပ်ငန်းခွင်ကို ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် လေ့လာချိန်ကို နှစ်နာရီကြာမျှပေးထားကာ လုံခြုံရေးအတွက် ညအိပ်ရပ်နားခွင့်နှင့် တချို့သော အချက်အလက်များကို ကန့်သတ်ချက်များ သတ်မှတ်ထားသည်။

ယခုလာရောက်လည်ပတ်ခွင့်ပြုပေးသည့် ပုလဲမွေးမြူရေးစခန်းငါးခုအနက် လေးခုမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး တစ်ခုမှာ နိုင်ငံတော်ပိုင်လုပ်ငန်းခွင်ဖြစ်ကာ ကော့သောင်းခရိုင်အတွင်းရှိ ပုလဲကျွန်း၊ ဂျလန်းကျွန်း၊ ရွှေကျွန်း၊ ငလုံးလဖယ်ကျွန်းနှင့် မြိတ်ခရိုင်အတွင်းရှိ ဒုံးပုလဲအော်ကျွန်းတို့ကို အပတ်စဉ် တနင်္လာ၊ ကြာသပတေး၊ စနေနေ့များတွင် သွားလာခွင့်ပေးမည်ဖြစ်၍ တစ်ရက်ကြိုတင်လက်မှတ်ဝယ်ယူရမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများလုပ်ကိုင်သည့် အေဂျင်စီများနှင့်လည်း ချိတ်ဆက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(မြိတ်ခရိုင်ပြန်/ဆက်)**

# သုဝဏ္ဏဝတီမြို့၌ ရော်ဘာအစေး လှီးနည်းပညာသင်တန်း ဖွင့်လှစ်

**သုဝဏ္ဏဝတီမြို့ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ရွာကြားရပ်ကွက်တွင် GRO Myanmar က ကြီးမှူး၍ ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သထုံမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက စက်တင်ဘာ ၂၅ ရက်မှစတင်၍ သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရော်ဘာစိုက်တောင်သူ ၃၅ ဦးအား ရော်ဘာအစေးလှီး နည်းပညာသင်တန်းကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။

"လက်တွေ့ ရော်ဘာခြစ်နေတဲ့သူတွေဆိုတော့ ရော်ဘာခြစ်ပုံခြစ်နည်းကတော့ သိပြီးသားပါ။ ဒါပေမယ့် သီအိုရီမရှိတဲ့အတွက် ပင်စည်ဖွဲ့စည်းပုံ၊ အစေးလမ်းကြောင်းက ဘယ်လိုရှိသလဲ၊ အစေးလှီးရမယ့် ဒီဂရီ (၃၅ ဒီဂရီ) ရှိရမယ်၊ အပင် မနာအောင်၊ မပေါက်အောင်အပြင် အစေးပိုရအောင် ဘယ်လိုလုပ်ရမယ်၊ လုပ်ငန်းကို ပိုမိုကျွမ်းကျင်လာစေဖို့အတွက် စာတွေ့၊ လက်တွေ့ သင်ကြားပေးတာပါ" ဟု သင်တန်းနည်းပြ ဒေါ်သဲမာကပြောသည်။

GRO Myanmar အဖွဲ့သည် မွန်ပြည်နယ်အတွင်းရှိ ၁၀ မြို့နယ်မှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းများနှင့် ချိတ်ဆက်၍ မြေယာသင်တန်း၊ အဆင့်မြင့်ရော်ဘာထုတ် လုပ်ရေးသင်တန်း၊ ရော်ဘာအစေးလှီးသင်တန်း၊ ပျိုးခင်းတည်ထောင်ရေးသင်တန်းများအား နေရာအနှံ့ လိုက်လံ၍ အခမဲ့သင်တန်းများပေးလျက်ရှိပြီး တက်ရောက်လာသူ သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးလျှင် တစ်နေ့ကျပ် ၃၀၀၀ ပေးအပ်ချီးမြှင့်ပေးပါကြောင်း သထုံမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းမျိုးက ပြောသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၂၉ ရက်ထိ ငါးရက်တာသင်တန်းဖြစ်ကြောင်းသိရပြီး သင်တန်းဆရာမသုံးဦးက စာတွေ့၊ လက်တွေ့ သင်ကြားပေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# နေပြည်တော်တွင် လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးတို့ပူးပေါင်း၍ လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်များအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတများနှင့် ပြည့်စုံသော လူကောင်းလူတော်များအဖြစ် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကို အကောင်အထည်ဖော် တည်ဆောက်နိုင်စေပြီး အတွေးအခေါ် ဉာဏ်ပညာထူးချွန်ထက်မြက်၍ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်၊ လူငယ်များအနေဖြင့် ထွန်းလင်းတောက်ပသော အနာဂတ်ကို ရယူပိုင်ဆိုင်နိုင်စွမ်းရှိလာစေရန်၊ ပါဝင်ဆွေးနွေးတတ်သောအလေ့အထကောင်းများ လေ့ကျင့်ပေးရန်နှင့် အများပရိသတ်ရှေ့တွင် သိလိုသမျှမေးခွန်းများအား ရဲရဲဝံ့ဝံ့မေးတတ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ စာရေးဆရာမ ဒေါ်သက်သက်နွယ် (သက်သက်နွယ်)၊ စာရေးဆရာ ဦးအောင်နိုင်ဦး (အောင်မိုး-ပျဉ်းမနား)၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစံမင်းအောင်၊ နေပြည်တော် မူးယစ်တပ်ဖွဲ့မှ ဒုရဲအုပ်အောင်ဖြိုးဝေတို့က ဦးဆောင်ကာ လူငယ်တို့၏အနာဂတ်ကို ပိုမိုတိုးတက်စေရန် မိမိတို့၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ပျောက်ပျက်မသွားစေရန် သက်ဆိုင်သည့်ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော စက်တင်ဘာ ၂၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ်အဖြစ် နို့တိုက်ကျွေးခြင်းကို ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ပိုက်ထွေးက နို့တိုက်ကျွေးခြင်းကို အခြေခံပညာကျောင်းနေအရွယ် ကလေးငယ်လေးများ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ဖွံ့ဖြိုးသော လူငယ်လူရွယ်များ ဖြစ်ပေါ်လာစေရန်၊ School Milk Program အား ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ကလေးငယ်များ နို့သောက်ခြင်း အလေ့အကျင့်ဖြစ်ပေါ်စေရန်နှင့် နို့စားနွားများ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တိုက်ကျွေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မူလတန်းအဆင့် ကလေးသူငယ် ၂၀၀ ကျော်အား တက်ရောက်လာကြသူများက ကိုယ်တိုင်တိုက်ကျွေးခဲ့ကြသည်။

**အောင်မြင့်(ပန်းတောင်း)**

## သက်ကြီးသူတို့အခွင့်အရေး အစွမ်းဆောင်နိုင်ဆုံးဖြည့်ဆည်းပေး

စာမျက်နှာ (၂၀) မှ

### သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေး

သက်ကြီးရွယ်အိုများကို ထိခိုက်လွယ်သူများဟူ၍ တရားသေ မမှတ်ယူသင့်ပေ။ ထိုသို့ မှတ်ယူဆက်ဆံကြမည်ဆိုပါက ၎င်းတို့လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နိုင်မှုအခွင့်အလမ်းများ လွဲချော်သွားနိုင်ပါသည်။ အထီးကျန်မှုနှင့် သီးခြားနေထိုင်ရမှုများသည် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ အားငယ်ဝမ်းနည်းစိတ်ဖြင့် မိမိကိုယ်ကိုယ်မိမိ ယုံကြည်မှု နည်းသွားတတ်သကဲ့သို့ မိမိပတ်ဝန်းကျင်၌ ရှိနေသူများအပေါ်တွင်လည်း ယုံကြည်မှုနည်းသွားတတ်ပါသည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းများအတွင်း တတ်နိုင်သမျှ ပါဝင်လှုပ်ရှားခွင့်ရရှိမှသာ စိတ်ဓာတ်ကျမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ (Older Peoples' Self-Help Groups-OPSHGs) များစွာပေါ်ထွန်းလာဖို့ လိုသည်။ အဆိုပါအဖွဲ့များအတွင်းရှိ ပရဟိတ သင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့ကြခြင်းဖြင့် စိတ်ပျိုကိုယ်နု ဇရာကို အန်တုသူများဖြစ်လာကြပေမည်။ ကျေးလက်ဒေသများတွင်သာမက မြို့ပြများတွင် ဌာနဆိုင်ရာ အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ပင်စင်စားများ စုစည်းဆောင်ရွက်နေသော ဝန်ထမ်းဟောင်းအသင်းများသည်လည်း OPSHGs တွင် အကျုံးဝင်သင့်ပေသည်။ လူမှုဝန်ထမ်း ဝန်ထမ်းဟောင်းများအသင်းအပါအဝင် ဝန်ထမ်းဟောင်းအသင်းတော်တော်များများ၌ အသင်းပိုင်ရုံးခန်းဟူ၍ သတ်သတ်မှတ်မှတ် မရှိကြပေ။ သင်းလုံးကျွတ်အစည်းအဝေး မဆိုထားဘိ အလုပ်အမှုဆောင်အဖွဲ့ လစဉ်ပုံမှန်အစည်းအဝေး ကျင်းပနိုင်ရန်ပင် နေရာထိုင်ခင်း အခက်အခဲများရှိနေကြသည်။ အဆိုပါအသင်းအဖွဲ့များ ကြုံတွေ့နေရသည့် အခက်အခဲများကို အမျိုးသားအဆင့် သက်ကြီးရွယ်အိုဆိုင်ရာကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထား၍ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

### အစွမ်းဆောင်နိုင်ဆုံးဖြည့်ဆည်းပေး

သက်ကြီးရွယ်အိုများ ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးများ ပိုမိုရရှိလာစေရေးအတွက် အထောက်အကူဖြစ်စေမည့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေတစ်ရပ် မကြာမီထွက်ရှိတော့မည်ဟု ကြားသိရ၍ ဘဝတူသက်ကြီးရွယ်အိုများအားလုံးအတွက် အားတက်ကြည်နူးမိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၌ပင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသော သက်ကြီးရွယ်အိုအခွင့်အရေးများကို မြန်မာနိုင်ငံ၌ စတင်ဖော်ဆောင်နေပြီ။ ဤသို့သော သက်ကြီးသူတို့ဘဝ စိုပြည်လှပရေးအစီအမံများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် နိုင်ငံတကာနှင့် ကမ္ဘာ့အလယ်တွင် သက်ကြီးသူတို့အခွင့်အရေးကို အစွမ်းဆောင်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်သော ချန်ပီယံနိုင်ငံတစ်ခုအဖြစ် မှတ်ကျောက်တင်ခံရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

CREATOR · VANSON · bsc · Giordano · NOBODY · Amby LONDON · SWEET BAGS · bossini · KMA · 22 Corner · Gioven Kelvin · Chilli Lady Footwears · SHIROI BARA · Casablanca · LITTLE BABY · Bio-essence · AURA · Snazzy · LiLy · GLAMOUR · USHIDO · C'CARE · OO-PP OO DOUBLE P · Schwarzkopf · DANIEL LEWIS · SHOE GALLERY · B.COOL · CATRICE COSMETICS · kidplanet · Monsca · camella

# အောင်ရွှေ
## 23rd Birthday
# SALE
UP TO
# 20% OFF

OASIS · Mizz · L'ORÉAL PARIS · Kracie · Iris Beauty · Sabina · Sweetie kids · AUSTINO · limelight · REVLON · DIVA · ZANOTTI · CACHERA · FARLIN · Praco · PERSONA Executive Wear · FREEWAY · kiddo ALL AROUND · Dr.madino · y.e.t. · PUPA MILANO · DCash · Kanebo · POLICE · FOLLOW ME · REFORM · Fujiko · Platinum Fashion · essence Footwear & Bag · KOSÉ · LADARNO · LIFE · Anakku · Crocodile International

● Sep 28 to Oct 7 - 2018 ( All Branches )
● ဂမုန်းပွင့်ဆိုင်များ၏အရောင်းကောင်တာများတွင် တစ်ရက်အတွင်းကျပ် (၁၀၀၀၀)ဖိုးဝယ်ယူသူတိုင်း Lucky Draw ကူပွန်တစ်စောင်ရရှိမှာဖြစ်ပါတယ်....
● TOSHIBA TV 43" ★ TOSHIBA TV 32" ★ Samsung Hand Set ★ Air Cooler နှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများကိုကံစမ်းမဲဖောက်ပေးသွားမှာဖြစ်ပါတယ် ...



23 မသဏ (ခင်ခင်အေးဖျော်ရည်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၇) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၅၆၃၂၂ ၀၉၇၃၀၀၁၅၆၀၈၊ ၀၉၅၀၃၆၁၇၁၅ ၀၉၂၅၀၃၉၉၅၇၂၆



GRACE
(English for Test Preparation)
* IELTS (Special Class)
* TOEFL အမြန်သင်သည်။
ဖုန်း - ၀၉-၄၃၀၂၀၇၂၈၊
- ၀၉-၇၉၅၈၈၃၈၇၈



ခရုသင်း၊ သမင်ဖြူ
ညောင်း၊ ဖေး၊ ယား၊ နာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၃၉၊ ၀၁-၂၄၃၈၅၅



Q.A.E
QUALITY ACADEMIC EDUCATION
- Primary and Secondary School
- IGCSE 'O' Level and 'A' Level
- Edexcel and Cambridge Course
- SAT, AP, IB
- တက္ကသိုလ်ဝင်တန်း၊ ၉တန်း၊ ၈တန်း အစိုးရကျောင်းသူကျောင်းသားများအတွက်လည်း ဘာသာစုံသင်ကြားပေးလျက်ရှိပါသည်။
No(401), U ZANA Street 9, 11 Quarter, South Okkalapa Township.
Ph No: 0943041668,09-420011867,09-770639421,09-770639422
Facebook Page: Q.A.E/Gmail:bobbyzawminaung@gmail.com



မင်းမိဘ-မင်းဘဝ-မင်းနားလည်ပါ
ဦးမင်းဇော် (သချ်ာ) B.E (CIVIL)
(၅)လပြတ် နေ့တက်အထူး Oct(8) ရက် စမည်
၁၀တန်း ဘာသာစုံ (Bio/Eco)တွဲ
နံနက် (၉)နာရီမှ ည (၇:၃၀)နာရီအထိ၊ တပတ် (၆)ရက်တက်
အမှတ် (၆၅)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်၊ Y.M.B.A အနီး
09-421066545



GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



ဝယ်လို၊ ငှားလိုသည်
* NGO ကုမ္ပဏီရုံးခန်းဖွင့်ရန်၊ လုံးချင်းအိမ်နှင့်အဆင့်မြင့် စားသောက်ဆိုင်နှင့် ShowRoom ဖွင့်ရန် လမ်းမတန်းမြေကွက်ကျယ် ဝယ်လို/ငှားလိုပါသည်။
* အုံရန်ကင်း၊ ဗဟန်း၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်မြို့နယ်များတွင် အဆင့်မြင့် Condo များ ဝယ်လို/ ငှားလို ပါသည်။
09- 420139326, 09- 402726983






ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်

MAB MOBILE BANK
Available on the App Store
GET IT ON Google Play

MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ

Finger Print · Peek Balance · QR Pay · Instant Opening of wallet Account · Bill Payment · Prepaid Topup · P2P QR transfer

Call Centre
+95 (1) 861 0612

# Mandalay Yatanar Mall

## ကျောက်မျက်ရတနာဈေးကြီး

"မိုးကုတ် ပတ္တမြား/နီလာ (ထာပွဲ) လစဉ်ဈေးရောင်းပွဲတော်"

မိုးကုတ်မြို့ ပတ္တမြား / နီလာ ထာပွဲ (ကျောက်မျက်ဝိုင်း)မှ ကုန်သည်များအား ဖိတ်ကြားစည်းပြီး Mandalay Yatanar Mall ကျောက်မျက်ရတနာဈေးကြီးတွင် (၃)ရက်နေ့မှ (၇)ရက်နေ့အထိ ထာပွဲ (ကျောက်မျက်ဝိုင်း) အား လစဉ်ပြုလုပ်သွားမည်ဖြစ်ပါ၍ ပတ္တမြား၊ နီလာ ချစ်မြတ်နိုးသူများနှင့် ရောင်းဝယ်ဖောက်ကားလိုသောကုန်သည်များအားလုံး မိုးကုတ်သဘာဝတွင်းထွက် ကျောက်မျက်ရတနာ အစစ်အမှန်များကို ဒေသပေါက်ဈေးဖြင့် လာရောက်ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ထာပွဲ (ကျောက်ဝိုင်း) ဖွင့်ချိန်**

လစဉ် (၃) ရက်နေ့မှ (၇) ရက်နေ့ အထိ နေ့လည် (၁) နာရီမှ ည (၉) နာရီ အထိ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။



"တွင်းထွက်ကျောက်မျက်ရတနာအစစ်အမှန်များကိုသာ ရောင်းဝယ်ခွင့်ပြုမည် ဖြစ်ပါသည်။" ၇၈လမ်း နှင့် ၃၄လမ်းထောင့်၊ ရတနာပုံစုပါစင်တာ၊ ဒုတိယထပ် ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ ၀၉-၂၅၀၀၀၇၇၇၁ ~ ၃



ခေါင်းဆောင်မှုဗဟုသုတများ ပုံမှန်မျှဝေလျက်ရှိသော U Naing Win Aung (Business & Executive Coach) မှ စီးပွားရေး လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းတစ်ခုခုတွင် ဦးဆောင်နေသူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသူများအတွက်

## မြန်မာနိုင်ငံမှာ အအောင်မြင်ဆုံး / လူကြိုက်အများဆုံး / လက်တွေ့အကျဆုံး ခေါင်းဆောင်မှုသင်တန်း

**TRANSFORMATIONAL LEADERSHIP JOURNEY (TLJ)**
တိုးတက်ပြောင်းလဲစေသော ခေါင်းဆောင်မှု ခရီးစဉ်

(၃)ရက်တာ သင်တန်းကို **ရန်ကုန် နှင့် မန္တလေး** မြို့များတွင် ပြုလုပ်ပါမည်။
သင်တန်းတစ်ခုချင်းစီအတွက် Early Bird အစီအစဉ်များ ရှိသည့်အတွက် အမြန်ဆုံးဆက်သွယ်အပ်နှံနိုင်ပါသည်။

| | |
|---|---|
| **မန္တလေး** | **အောက်တိုဘာ (၅၊ ၆၊ ၇)** နေရာ - MCC ခန်းမ<br>(၆၉) လမ်းနှင့် (၇၂) လမ်းကြား၊ သိပ္ပံလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |
| **ရန်ကုန်** | **အောက်တိုဘာ (၁၉၊ ၂၀၊ ၂၁)** နေရာ - လှိုင်မင်္ဂလာခန်းမ<br>၂၂(အေ)၊ အောင်ဇေယျာရိပ်သာလမ်း၊ သခိုင်းလမ်းဆုံအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |

TRANSFORMATIONAL LEADERSHIP JOURNEY



သင်၏ **စီးပွားရေး အလုပ်အကိုင်နှင့် ဘဝ**၏ ကဏ္ဍအသီးသီးကို တိုးတက်ပြောင်းလဲစေမည့် **(၃) ရက်တာ** ခရီးစဉ်

BREAKTHROUGH
MAKE MYANMAR A BETTER PLACE

**CALL NOW : 09 765 222 107, 09 765 222 108, 09 765 222 109**




# ACE® PE WATER TANK
WITH HI-TECH



သန့်ရှင်းခေတ်မီ ACE ရေတိုင်ကီ

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
- နှစ်(၁၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ
anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ

**HORIZONTAL TYPE (အလျားလိုက်)**
70, 110, 170, 220, 250 GAL
**VERTICAL TYPE (ဒေါင်လိုက်)**
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

**Ph: 01-3684743, 09-450048469, 09-443094221**

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



**PANDA Engineering Group** Since 1999
e-mail: knw@pandaaircon.com

- Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း။
- Air-Con အဟောင်းများကို အသစ်ဖြင့်လဲလှယ်တပ်ဆင်ပေးခြင်း။
- ရေခဲသေတ္တာနှင့် အတင်လျှော်စက်များ ပြုပြင်ပေးပါသည်။
- ဖုန်းသာဆက်လိုက်ပါ၊ ကားမေယူပါ။

(1) အမှတ် ၁၃၀၊ မြေညီ၊ ၉၄ လမ်း၊ ...သိမ်တင်ဘက်၊ တောင်ဥက္ကလာ ☎ 09 515 8803, 09 732 29024
(2) အမှတ် ၁၂ မြေညီ၊ ယမုံနာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတ၊ ☎ 09 253 582510, 09 69 5198402



ကလေးများအတွက်



ထွက်ပါပြီ

ရွှေယမင်း

ဂျယ်ရီနဲ့ဝင်ဘူသုစေး

ဖုန်း 09 5163144
ဖုန်း 09 5124754



**တရုတ်ပြည်ပေကျင်းပြန်တိုင်းရင်းအကြောထောက်/အကြောဖွင့်**

တရုတ်ကျန်းမာရေးသမားတော် ဦးဘုန်းအောင် 中醫師 劉火炎

ဖုန်း - 09 5052951



# သတ္တိမောင်

အထူးထုတ် အမှတ်တံဆိပ်

ရှားစောင်းလက်ပတ် ဝမ်းပျော့ဝမ်းမှန်ဆေး

TMR012605(0320)



Home
Since 1996

## ပါကေးအစားထိုး ကြမ်းခင်း

16~30.9.2018

Grade အလိုက်

| Grade A | Grade B | Grade C | Grade D | Grade E |
|---|---|---|---|---|
| ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် | ၃ ကျင်း ဝယ်လျှင် |
| Shoe rack | Side Table | Glass Mirror | Book Shelf | Wall Covering (1) လိပ် |



☎ 09-950 950 950
☎ 09-79 700 70 70

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ်(၅၀၃-စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၈း၄၀ နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတရုံးမှ**
**အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ်(၅၀၃-စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၈း၄၀ နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ်(၅၀၃-စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၈း၄၀ နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့် ဇနီး ဒေါ်ခင်မြတ်မြတ်ထွန်း**

---

### ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း)
**O.T.S (၆၈)**
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (နေပြည်တော်)**
**အသက် (၅၈) နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဈေးတောင်ဘက်နေ (ဦးစိန်မောင်-ဒေါ်ခင်ညွန့်)တို့၏သားထွေး၊ သုံးဆယ်မြို့နေ ဦးမြတ်စိုး-(ဒေါ်မြင့်မြင့်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်း၊ ဂရိတ်ဝေါလ်ကွန်ဒို၊ အမှတ်(၅၀၃)နေ မောင်ကောင်းခန့်ကျော်၏ဖခင်၊ ဒေါ်စန္ဒာစိုး၏ခင်ပွန်း သည် ၂၉-၉-၂၀၁၈ ရက် နံနက် ၈း၄၀ နာရီတွင် ခုတင်(၅၀၀)၊ အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်ကျော် (B.A-Myanmar)
**ရေနံ/ဓာတု**
**အ. ထ. က(၄) အလုံကျောင်းသားဟောင်း**
**အသက် (၅၅) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်(၂၁)၊ အခန်း(၃၀၂)နေ (ဦးငွေအောင်)-ဒေါ်တင်ပုတို့၏သား၊ ဦးတင်ငွေဦး(ဦးစီးအရာရှိ-ငြိမ်း၊ ကကဌေ)-ဒေါ်သိဂီထွေး(ကကဌေ)၊ ဦးဇော်လွင်-ဒေါ်မိမိငွေ(ဦးစီးအရာရှိ-ငြိမ်း၊ ဟိုတယ်/ခရီး)၊ (ဦးကျင်တင့်)-ဒေါ်တင်တင်ငွေ၊ ဒေါ်စုစု(လ/ထ ညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး)၊ ဦးသန့်ဇင်-ဒေါ်အေးအေးခိုင်၊ ဦးဝင်းထွဋ်ထွေးတို့၏ ညီ/အစ်ကို၊ စိုးသက်ပိုင်-မေဖြိုးဇော်၊ ချိုးဝေအောင်-တင်နီလာဝင့်၊ အဥ္စလီ ချောပို၊ စိုင်းဇော်ဇော်၊ စိုင်းညီညီတို့၏ဦးလေး၊ မြင့်မြတ်စိုး၊ သူသူဟန်၊ ချိုးစန္ဒာ သော်တို့၏အဘိုး ဦးအောင်ကျော်သည် ၂၈-၉-၂၀၁၈ ရက် ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**
### ဦးသိန်းဝင်း
**အသက် (၅၄) နှစ်**
**(ခေတ္တ-စင်ကာပူ)**
**KTC CIVIL ENGINEERING & CONSTRUCTION PTE LTD**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ ရန်ပြေလမ်း၊ (၂၀)အရှေ့၊ အမှတ်(၂၂)နေ ဦးညို-ဒေါ်လှသောင်းတို့၏သား၊ (ဦးကျော်မြင့်-ဒေါ်အုန်းရွှေ)တို့၏သားသမက်၊ (ဦးအုန်းထွန်း)-ဒေါ်ခင်ဝင်းတို့၏ ညီ/မောင်၊ ကိုမျိုးထွန်း-မတင်တင်မာ၊ (ကိုကျော်ဝင်းနိုင်)-မကေသီမြင့်၊ ကိုတင်မောင်အေး-မအိခိုင်တို့၏အစ်ကို၊ ဒေါ်မိုးမိုးကျော်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မိုးထက်ကျော်၏ မွေးသဖခင်ကျေးဇူးရှင် ဦးသိန်းဝင်းသည် ၂၈-၉-၂၀၁၈ (သောကြာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကျိစုအအေးတိုက်မှ ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းစိုး
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**အသက် (၄၉) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၇)လမ်းနေ (ဦးရဲညွှန့်)-ဒေါ်အေးကြိုင်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးသန်းတင်)-ဒေါ်နော်ဖောလေးလေတို့၏သားသမက်၊ ဦးကြည်လင်-ဒေါ်အေးညွန့်တို့၏မောင်၊ ကိုအောင်စိုးမိုး-မအေးအေးခိုင်၊ မလေးလေးမြိုင်၊ ကိုစိုးဟိန်း၊ ဦးမိုးဝင်းစိုး(ပြည်တွင်းအခွန်)-မတင်တင်ထွေး၊ ကိုထက်အောင်တို့၏အစ်ကို၊ တိုက်(၁၃၉)၊ အခန်း(၀၃)၊ ခရေအိမ်ရာနေ မခင်သက်မွန်၏ဖခင်၊ ဒေါ်နော်ကြူကြူခိုင်(လ/ထညွှန်မှူး၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
**နှောင်းခေတ်တေးသံရှင်**
### ပုံပမာ ဦးမင်းသူ
**အသက် (၉၃) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့၊ မန်းကျည်းတန်းရပ်နေ (ဦးဖိုးခ-ဒေါ်မမလေး)တို့၏သား၊ (ဦးဖိုးပျော့-ဒေါ်ငွေဖြူ)တို့၏ သားသမက်၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ပုသိမ်မြို့နေ ဦးမောင်မောင်အုန်း-ဒေါ်ခင်ငွေးသူ၊ (ဦးမောင်မောင်နိုင်)-ဒေါ်ခင်မြင့်သူ၊ (ဦးအောင်သူ)-ဒေါ်စန်းစန်းဝေ၊ ဦးစန်းမြင့်-ဒေါ်မြမြသူ၊ ဦးမျိုးသူ-ဒေါ်ရည်ရည်မွန်၊ ဒေါ်ဝင်းပပသူတို့၏ မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ် ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၉-၂၀၁၈ ရက် နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဒေါ်မြင့်မြင့်ဆွေ(မော်ကျွန်း)
**အကောက်ခွန် (ငြိမ်း)**
**အသက် (၇၃) နှစ်**

မော်လမြိုင်ကျွန်းမြို့နေ (ဦးကိုကိုကြည်-ဒေါ်အေးသိန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၃)လမ်းအောက်၊ အမှတ် (၆၀၅-B)နေ (ဒု-ဗိုလ်မှူးကြီးစိုးနိုင်)-ဒေါ်ညွန့်ညွန့်ငွေးတို့၏အစ်မကြီး၊ ဗိုလ်မှူးစိုးပိုင်-ဒေါ်ဇွန်သစ်နိုင်(အကောက်ခွန်)၊ ဦးစောဆန်းသူ (အကောက်ခွန်)-ဒေါ်မြတ်သဇင်နိုင်(အကောက်ခွန်)တို့၏ကြီးကြီး၊ မဇွန်သက်မျှုးပိုင်(ပထမတန်း-G၊ ဒဂုံ-၁)၊ မောင်ရဲရင့်နိုင်လင်း (Nursery-1 NIEC)တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်သန်းရီ
**အသက် (၇၀)**

ဦးလှမောင်၏သမီး ဒေါ်ခင်သန်းရီသည် နံနက် ၇း၃၀ နာရီတွင် အမှတ်(၂၁၉)၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
### ဦးကျင်စိန် (ဦးကျင်စိန် ဆိုင်ကယ်ပစ္စည်းဆိုင်)
**အသက် (၉၈) နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ အနောက်လမ်း၊ အမှတ်(၁၅၅)နေ (ဦးအဆောင်-ဒေါ်သာနု)တို့၏သား၊ (ဦးအဝမ်-ဒေါ်မေချစ်)၊ (ဦးကျင်စိုင်-ဒေါ်ထူးကျင်)တို့၏မောင်၊ (ဒေါ်ထွေးကျင်)၊ [ဦးအထောက်-ဒေါ်ညွှန့်(ထိုင်ဝမ်)]၊ ဒေါ်ငွေကျင်၊ ဦးစိန်စူး၊ ဦးအတစ်၊ ဒေါ်ယူမွှေး၊ ဒေါ်လင်မွှေး၊ ဦးအဒူတို့၏အစ်ကိုသည် ၂၇-၉-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်လတ်(ခ) ဦးရေး (မလက်တိုကျေးရွာ)
**အသက် (၇၈) နှစ်**

ဧရာဝတီတိုင်းဒေသကြီးနေ (ဦးစံဖေ-ဒေါ်ငွေရင်)တို့၏သား၊ (ဦးဘကြည်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၆၆)၊ ဥဇ္ဇနာ(၁၀)လမ်းနေ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (ဦးမောင်အေး-ဒေါ်ဝင်းစိန်)၊ (ဦးစံတင်-ဒေါ်အမာ)၊ (ဦးငွေး-ဒေါ်ထွေးရင်)၊ (ဒေါ်ခင်အေး)တို့၏ညီ/မောင်၊ (ဦးစိုးကျော်ထွန်း)၊ ဒေါ်ငွေးအောင်တို့၏အစ်ကို၊ ဦးအေးဝင်း (ကျောင်းအုပ်ကြီး၊ ထ-၁၊ တာမွေ)-ဒေါ်မီမီလတ်(မ-၁၈၊ မ/ဥ)၊ ဦးကိုကိုလတ် (3/O-CSL)-ဒေါ်ကြည်ကြည်လွင်၊ ဦးနိုင်နိုင်လတ်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သီတာလတ်၊ ဦးညီညီအောင်(Uniteam)-ဒေါ်ဝါဝါလတ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈(စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်ဇော်ဝင်း (ဗန်းမော်မြို့)
**အသက် (၆၄) နှစ်**

ဗန်းမော်မြို့၊ မင်းကုန်းရပ်နေ (ဦးတင်စော-ဒေါ်ကြင်မြိုင်)တို့၏သား၊ နောင်ခိုရပ်နေ (ဦးသိန်းမောင်)-ဒေါ်စိန်နုတို့၏ သားသမက်၊ ဒေါ်ချိုချိုတင်၊ (ဦးဝင်းမြင့်စော)တို့၏ညီ/မောင်၊ ဦးအောင်နိုင်ဝင်း၊ (ဦးအောင်ကျော်မင်း)၊ ဦးအောင်မော်လင်း၊ ဦးအောင်ကျော်သူ၊ (ဦးအောင်ဖြူလွင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ခြောက်လွှာ(အေ)၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်ပြုံးကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူသန်း-ဒေါ်ဇွန်သန္တာဇော်၊ ဦးရဲထွဋ်ဇော်တို့၏ချစ်လှစွာသောဖခင်၊ မောင်ညာဏ်လင်းထွန်း၊ မောင်ဘုန်းမြတ်စည်သူတို့၏အဘိုးသည် ၂၈-၉-၂၀၁၈ (သောကြာနေ့) ည ၇း၃၆ နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သီတာလမ်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယိကာမကြီး**
### ဒေါ်အေးအေးမင်း (၅၇)နှစ်
**B.Sc (Maths), RL**
**ဒုတိယညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**အောင်ဆန်း-၁၂**

ပဲခူးမြို့၊ ညောင်ဝိုင်း(၁၁)လမ်း၊ အမှတ်(၁၅၇/၁၅၈)နေ (ဦးဝင်းမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးလှထွန်း-ဒေါ်ခင်မေတာ)တို့၏ သမီး၊ ဒေါ်တင်နွယ်ဦး (ကျောင်းအုပ်-ငြိမ်း၊ အထက-၃၊ ပဲခူး)၊ (ဦးမျိုးသန့်)-ဒေါ်အေးအေးခန့်၊ ဦးမြင့်အောင်-ဒေါ်ချယ်ရီထွန်းတို့၏ ညီမ၊ ဦးဗိုလ်သိန်း-ဒေါ်ယဉ်ယဉ်ထွန်း၊ ဗိုလ်မှူးကြီးသက်နိုင်ထွန်း(ငြိမ်း)-Dr.လဲ့လဲ့ဝင်း၊ ဗိုလ်မှူးနန်းထွန်း(ငြိမ်း)-ဒေါ်ခိုင်ခိုင်မြင့်တို့၏ အစ်မ၊ ကိုသော်ထွန်းဦး(3rd MB ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဒေါ်စောစုလတ် (နည်းပြ-Japanese, YUFL)၊ မောင်သော်ထွန်းဒွေး (စတုတ္ထနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)တို့၏ မိခင်၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ ဦးစောမော်ထွန်း (ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခိုင်ဖြိုးပါတီ)၏ဇနီး ဒေါ်အေးအေးမင်းသည် ၂၈-၉-၂၀၁၈ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယိကာမကြီး**
### ဒေါ်အေးအေးမင်း (၅၇)နှစ်
**B.Sc (Maths), RL**
**ဒုတိယညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**အောင်ဆန်း-၁၂**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၄၂)နေ (ဦးဝင်းမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးလှထွန်း-ဒေါ်ခင်မေတာ)တို့၏ သမီး၊ ဦးအောင်မင်း(Research Director, MMRD Co.,Ltd.)၊ ဦးကျော်မင်း တို့၏ ညီမ၊ ဦးမြင့်သိန်း(အသင်းမန်နေဂျာ၊ Yangon United FC)-ဒေါ်အေးအေးသန့် (အထက-၂၊ စမ်းချောင်း)၊ ဦးသက်ဆွေတို့၏ အစ်မ၊ ကိုသော်ထွန်းဦး(3rd MBဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဒေါ်စောစုလတ် (နည်းပြ-Japanese, YUFL)၊ မောင်သော်ထွန်းဒွေး (စတုတ္ထနှစ်၊ ဥပဒေ၊ ဒဂုံတက္ကသိုလ်)တို့၏ မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ ဦးစောမော်ထွန်း (ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခိုင်ဖြိုးပါတီ)၏ ဇနီး ဒေါ်အေးအေးမင်းသည် ၂၈-၉-၂၀၁၈ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်ညို (ချိုမြစားစရာ)
**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ (၁၄-ဘီ)၊ အောင်မင်းခေါင်ဘုရားလမ်း၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးကြည်ညို-ဒေါ်ကြူ)တို့၏သား၊ (ဦးစိန်ဆိုင်-ဒေါ်မြသွင်)၊ (ဦးသောင်းစိန်-ဒေါ်မြအိုး)၊ (ဦးကံစိန်)၊ (ဒေါ်မြပို)၊ ဒေါ်မြပေါတို့၏ ညီ/မောင်၊ ဦးတင်စိုး-ဒေါ်နုရှင်၊ (ဦးသန်းစိုး)၊ ဦးဝင်းစိုး-ဒေါ်စန်းကျင်၊ ဒေါက်တာဦးသန်းဦး-ဒေါ်မြမြစိန်၊ ဒေါ်စီစီ၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်သီတာ၊ (ဦးလှမင်းဦး)-ဒေါက်တာဒေါ်ထွေးထွေးစိန်၊ ဦးခင်မောင်ဦး-ဒေါ်မိုးတို့၏ ချစ်လှစွာသောဦးလေး၊ မြေး ၁၃ ယောက်၊ မြစ် ၁၁ ယောက်၊ တီနှစ်ယောက်တို့၏ ဘိုးဘိုးလေးသည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာဒေါ်မေကြည်
**ငှက်ဖျားရောဂါဆိုင်ရာဆရာဝန်ကြီး-ငြိမ်း**
**အသက် (၉၁) နှစ်**

အမှတ်(၇)၊ သီရိရတနာလမ်း/ရိပ်သာ-မိကျောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးတင်ကြည်(ကုန်သွယ်ရေးမန်နေဂျာ-ငြိမ်း)၏ဇနီး၊ (ဦးကိုကိုဦး)၊ ဦးညီညီမောင်-ဒေါ်စီစီစိုးတို့၏မိခင်၊ မထားအိသော်တာကြည်၊ မသဇင်ဝင်းလဲ့လဲ့တို့၏အဘွားသည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၈း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်လှမြင့်
**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၈၉)လမ်း၊ အမှတ်(၆)၊ ပထမထပ်(ဝဲ)နေ (ဦးထွန်းဖေ-ဒေါ်နက်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးမောင်မောင်စိန်)၏ဇနီး၊ ဒေါ်ရီစီဖေ၏အစ်မ၊ ဦးမောင်အောင် (New Day Energy Co., Ltd.)-ဒေါ်သက်သက်ဆွေ၊ ဦးထွန်းထွန်း-ဒေါ်ဇင်ဇင်ဆွေတို့၏မိခင်၊ မောင်ကောင်းမြတ်အောင်၊ မောင်ချမ်းငြိမ်းအောင်၊ မောင်ပြည့်စုံ၊ မချစ်သီရိအောင်၊ မခင်ခင်ဆင့်တို့၏အဘွားသည် ၂၉-၉-၂၀၁၈ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးနေအောင်
**B.Sc (Forestry)**
**ဒု-မန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈၅၉)၊ မြိတ်လမ်း၊ (၂၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏ဒုတိယသား၊ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းဇင်-ဒေါ်ဝေမာထွေး၊ ဦးပြည့်စုံအောင်-ဒေါ်အေးအေးထွန်း၊ ဦးကျော်ဇင်လတ်-ဒေါ်သိမ့်သိမ့်အောင်၊ မရည်ရည်အောင်တို့၏ ချစ်လှစွာသောဖခင်၊ (မောင်အောင်ကောင်းမြတ်)၊ မဆုရတီဦး၊ မောင်ဟိန်းထက်နေအောင်၊ မောင်သော်ဟိန်းခန့်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈(စနေနေ့) နံနက် ၈း၂၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးနေအောင်
**B.Sc (Forestry)**
**ဒု-မန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈၅၉)၊ မြိတ်လမ်း၊ (၂၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏ဒုတိယသား၊ ဦးစစ်ကြည်-ဒေါ်ငွေငွေသန်း၏ညီ၊ ဦးလှမြင့်၊ ဒေါ်မြင့်သိန်း၊ ဦးလှရီ-ဒေါ်သောင်းကြည်၊ ဦးခင်ထွန်း-ဒေါ်ကျင်လှ၊ ဦးကိုကိုနိုင်-(ဒေါ်ကျင်သိန်း)၊ ဦးလှကြည်၊ ဦးလှငြိမ်းတို့၏အစ်ကိုသည် ၂၉-၉-၂၀၁၈(စနေနေ့) နံနက် ၈း၂၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးတင့်လွင်ဦး (ဒေးဒရဲမြို့)
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ(၈)လမ်း၊ အမှတ်(၃၂)နေ (ဦးခင်မောင်-ဒေါ်စိန်မြင့်)တို့၏သား၊ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ မစောသန္တာလွင်၊ မမေစံပယ်လွင်၊ မတင်ဇာလွင်၊ မောင်ရဲဇော်ထက်တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် ၁၀ ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နိုင်ငံတကာငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗိုစတုတ်မြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် "၁၀ ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ် (10th Asia-Pacific International Legal Forum)"သို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ဆွေးနွေး**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အဆိုပါ အာရှ-ပစိဖိတ် နိုင်ငံတကာ ဥပဒေဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr.Vyacheslav Lebedev၊ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဆက်လက်ကျင်းပသည့် ပထမနေ့ဆွေးနွေးပွဲအစီအစဉ်၌ "နိုင်ငံတကာငွေကြေးခဝါချမှုများကို တိုက်ဖျက်ရာတွင် တရားရုံးများ၏အခန်းကဏ္ဍ" (Role of Courts in the Fight Against International Money Laundering) ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဖိုရမ်တွင် "နိုင်ငံတွင်းတရားမျှတမှုနှင့် နိုင်ငံများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုအသစ်များ" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ကြပြီး အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ တရားရုံးစနစ်များအတွင်း တရားမျှတမှု ဖွံ့ဖြိုးလာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး အထောက်အကူရရှိစေရန်အတွက်လည်း ဆွေးနွေးဖလှယ်ကြခြင်းဖြစ်သည်။ ယင်းဖိုရမ်သို့ အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဥပဒေပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ လေ့လာသူများ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး "နိုင်ငံတကာငွေကြေးခဝါချမှုများကို တိုက်ဖျက်ရာတွင် တရားရုံးများ၏အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

ချင်းတွင်းရေတိမ်သွား ရေယာဉ်များတည်ဆောက်ခြင်း စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ - ၄

YBS ကားများပေါ်တွင် စာရွက်စာတမ်းများ ဖြန့်ဝေတောင်းရမ်းနေသူများ၏ နောက်ကွယ်မှ ခိုင်းစေသူများကို ဖော်ထုတ်အရေးယူရန် လိုကြောင်း ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးပြော

စာမျက်နှာ - ၉

နော်ဝေနိုင်ငံအခြေစိုက် ငါးသယံဇာတ သုတေသနသင်္ဘော ကျော့သောင်းမြို့ရောက်ရှိ

စာမျက်နှာ - ၁၀

# မြန်မာနိုင်ငံ လျှော်ကော်မတီမှ ယုဇနဥယျာဉ်မြို့တော်ရှိ လူနေတိုက်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေစစ်ဆေးမှုများ ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မြန်မာနိုင်ငံ လျှော်ကော်မတီ)က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်ရှိ လူနေတိုက်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လျှော်ကော်မတီမှ သိရသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ တိုက်တစ်လုံး၊ နှစ်လုံးလောက်ပဲ ကြည့်လိုက်နိုင်တယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖


ယုဇနဥယျာဉ်မြို့တော် လူနေတိုက်ခန်းများကို တွေ့ရစဉ်။

# ရန်ကုန်နှင့် ဟံသာဝတီ အားပြိုင်မည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဗိုလ်လုပွဲ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၁၈ ရာသီ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရှုံးထွက်ချန်ပီယံဆုကို ဒုတိယအကြိမ် ရယူနိုင်ရန် ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း အားပြိုင်ကြမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲအစကာလတွင် ဗိုလ်စွဲခဲ့သည့်အသင်းများတွေ့ဆုံခြင်းဖြစ်ပြီး ချန်ပီယံဆုကို ၂၀၁၀ ပြည့်နှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်အသင်းတို့က ရယူထားသည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးထားပြီး ရှုံးထွက်ချန်ပီယံဆု ထပ်မံရယူနိုင်ပါက တစ်ရာသီအတွင်း ဖလားနှစ်လုံးရရှိမည်ဖြစ်သည်။ ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "ဟံသာဝတီအသင်းက အသင်းကောင်းတစ်သင်းပါ။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○



## ဝါလကင်းလွတ်သီတင်းကျွတ်

မိုးတွေလေတွေ ကင်းလွတ်ပြီ
မိုးကုန်ဆောင်းဦး စတော့မည်။
ကြာပန်းစုံညီ ဖူးပွင့်ကြ
ပွင့်လင်းရာသီ ကြည်လင်စ။
မြတ်ဗုဒ္ဓအား ဆီးလို့ကြို
ဆီးမီးထွန်းညှိ ပူဇော်သကို။
အိမ်တိုင်းလိုလို ဝါရှေ့မီး
ဝင်းဝင်းပပ ထိန်ထိန်ညီး။
ဘုရားပွဲများ အလွန်စည်
မြို့ရွာအနှံ့ စုံစုံညီ။
စတုဒိသာ ဒါနပွဲ
လှူကြစားကြ တူတူနွှဲ။
လူကြီးမိဘ ဆရာတွေ
သွားရောက်ရှိခိုး ကန်တော့မလေ။
ပျော်ရွှင်စွာပေ ကလေးများ
မြူးမြူးကြွကြွ ဆော့ကစား။
ဟိုမှာဒီမှာ မီးတန်ဆာ
မြင်သူငေးလို့ ကြည့်မဝပါ။
မီးပုံးဝါဝါများကလည်း
ကောင်းကင်ထံသို့ ပျံဝဲဆဲ။
ဒီချိန်ကာလ မည်တွင်သည်
ဝါလကင်းလွတ်သီတင်းကျွတ်ရည်။
ရောင်ဝါစုံညီ မီးထွန်းပွဲ
ညဏ်တန်ဆာ အလှပဲ။ ။

**ဆောင်းနေရောင် (အဖျောက်)**

## အနန္တဂိုဏ်းဝင် မြတ်ဆရာ

ကာယ ဉာဏ စာရိတ္တ
ဘက်စုံသူပြည့်ဝ။
စိတ်ထားလှလို့ ပြုံးပန်းဆင်
မျက်နှာပီတိရှင်
မေတ္တာဂုဏ်အင် တုနှိုင်းမဲ့
ဆရာမည်ထိုက်ခဲ့။
တပည့်များရဲ့ ဘဝကို
အမြင့်မြှင့်တင်လို
ကြိုးစားမှုကို ရှေ့တန်းထား
အမြဲသူသင်ကြား။
ကျောသားရင်သား မခွဲပါ
တန်းတူညီမျှစွာ
သွေးသားပမာ သွန်သင်ကြ
လမ်းမှန်ကိုညွှန်ပြ။
အနန္တဂိုဏ်း ငါးခုတွင်
တစ်ဂိုဏ်းသူပါဝင်
ကျေးဇူးဂုဏ်အင် ကြီးမြတ်ထူး
ပမာမြင်းမိုရ်ဦး။ ။

**ဆရာစိုး**

ဆောင်းပါး

# ရင်သွေးဘဝစာအလှ

**သူဝေး(တမာမြေ)**

ကျွန်တော်တို့သည် သားသမီးများကို အမျိုးမျိုး အလှဆင်တတ်ကြပါသည်။ သားသမီးရတနာများကို လှသည်ထက်လှ တင့်သည်ထက်တင့်စေချင်သည်မှာ မိဘတိုင်း၏ ဆန္ဒပင်ဖြစ်သည်။သို့သော် စိတ်အလှထက် ရုပ်အလှကို ပိုမိုဦးစားပေးမိတတ်ကြပေသည်။ ခရီးဝေးကပြန်လာသည်ဖြစ်စေ၊ ဈေးကပြန်လာသည်ဖြစ်စေ သားသမီးများအတွက် အဝတ်အထည်၊ ရွှေငွေအဆင်တန်ဆာများ၊ အထူးအဆန်း စားဖွယ်လေးများကို မကြာခဏ ဝယ်ပေးတတ်ကြသော်လည်း စိတ်ဓာတ်ကို အလှဆင်ပေးတတ်သော စာအုပ်စာပေလေးများ ဝယ်လာရန် မေ့လျော့ပေါ့တန်နေတတ်ကြပါသည်။ ကလေးများ၏ စိတ်ဓာတ်လှစေဖို့ မိဘနှစ်ပါးသာမက ဆွေမျိုးသားချင်းများမှာလည်း တာဝန်မကင်းပေ။ ငါ့တူ၊ တူမများအတွက်ဆိုပြီး စာအုပ်လက်ဆောင်ဝယ်ပေးသော ဦးကြီး၊ အဒေါ်တွေရှားသလို ငါ့ညီ၊ ညီမများအတွက် စာအုပ်လက်ဆောင်ဝယ်ပေးသော အစ်ကို၊ အစ်မများလည်း မမြင်မတွေ့ရသလောက်ပင်ဖြစ်ပါသည်။မိခင်များက ပို၍ဆိုးပါသည်။ အသက်အရွယ်လိုက်၍ ကစားစရာ၊ အဝတ်အထည်လောက်သာ အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်တတ်ကြသည်။

> **“ ခရီးဝေးကပြန်လာသည် ဖြစ်စေ၊ ဈေးကပြန်လာသည်ဖြစ်စေ သားသမီးများအတွက် အဝတ်အထည်၊ ရွှေငွေအဆင်တန်ဆာများ၊ အထူးအဆန်း စားဖွယ်လေးများကို မကြာခဏ ဝယ်ပေးတတ်ကြသော်လည်း စိတ်ဓာတ်ကို အလှဆင်ပေးတတ်သော စာအုပ်စာပေလေးများ ဝယ်လာရန် မေ့လျော့ပေါ့တန် နေတတ်ကြပါသည်။**

ကျွန်တော်တို့၏ မျိုးဆက်သစ်ရင်သွေး၊ ခေတ်လူငယ်တွေရဲ့ စိတ်ကိုမည်သို့ ပြုစုပျိုးထောင်ကြမည်နည်း။ကလေးတို့၏အသက်အရွယ်ကိုလိုက်၍ ပုံပြင်၊ ရုပ်ပြ၊ ဂျာနယ် စသည်ဖြင့် သင့်တော်ရာစာအုပ်လေးများကို ခရီးပြန်၊ ဈေးပြန်အခါများတွင် တစ်အုပ်စ၊နှစ်အုပ်စ ဝယ်ပေးသင့်ပါသည်။ အချို့သောမိဘများမှာလည်း မိမိကလေးအသက်အရွယ်ဦးနှောက်နှင့်မမျှ မြင့်မားနေသောစာအုပ်များကို ပေးဖတ်ခိုင်းတတ်ပါသည်။ ကျွန်တော်က “စာအုပ်က မြင့်နေတယ်။ အဲဒီစာအုပ်ထဲက အကြောင်းအရာတွေကို ကလေးနားမလည်လောက်ဘူး” လို့ အကြံပေးဖူးပါသည်။ အဲဒီမှာ မိဘက “ဒါမှကျုပ်သားက အတွေးအခေါ်မြင့်မားလာမှာ”ဟု ရှေ့ရောက်ချင်ကြသည်။ အရွယ်နှင့်မမျှ အတွေးအခေါ်တွေ ဇွတ်အတင်းကြီး တွေးတောစေခြင်းကို ကျွန်တော်မကြိုက်၊ သူ့အိုးနှင့်သူ့ဆန် တန်သည်လောက်ဖြစ်စေချင်ပါသည်။ အခြားမိဘတစ်ဦးက သူ့သမီးကို စာအမြဲဖတ်မှတ်စေချင်သည် သို့သော် ကျောင်းစာမှအပ အခြား ဘယ်စာအုပ်မှ မဖတ်ခိုင်းပါ။ ကလေးလွယ်အိတ်ထဲက ကျောင်းစာနှင့်မပတ်သက်သော စာအုပ်တစ်အုပ်တွေ့ပါက ဆူပူကြိမ်းမောင်းပါတော့သည်။ ကလေးအများစုသည် ကျောင်းစာအပြင် အခြားစာပေ၊ ကဗျာ၊ ရသ စာစုလေးများ ဖတ်ချင်ကြရှာသည်။ ဖတ်ခိုင်းစေခြင်းဖြင့် စာပေအသိ၊ အတွေ့များလာစေမည်။ စာပေအဆိပ်သင့်စေမည့် စာအုပ်မျိုးကို မဖတ်မိစေရန် သတိဖြင့် ဂရုတော့စိုက်ပေးရမည်။ ကျောင်းစာကြည့်တိုက်မှာ ဖတ်ရသော်လည်း စာဖတ်ချိန်နည်းပါသည်။ သူတို့ကြိုက်သော စာအုပ်လေးများကို ကိုယ်ပိုင်ဝယ်ပေးပါက ပို၍သင့်တော်ပါမည်။ သူတို့လေးတွေ အားတဲ့အချိန် စိတ်အေးလက်အေးဖတ်ခွင့်ရမည်ဖြစ်သည်။ “ငါ့သားလေး၊ ငါ့သမီးလေးအတွက် အဖေ ပုံပြင်စာအုပ်တွေဝယ်လာတယ်၊ အမေရုပ်စုံဂျာနယ်တွေ ဝယ်လာတယ် ဖတ်ပြီးရင် အဖေတို့၊ အမေတို့ကို ပြန်ပြောပြနော်” စသည်ဖြင့် စာဖတ်စွမ်းရည်ကို မြှင့်တင်ပေးသင့်ပါသည်။ သားသမီးတွေ အာဟာရပြည့်စေဖို့ မုန့်ပဲသရေစာ ဝယ်ပေးသလို စိတ်အာဟာရအတွက် စာအုပ်လေးများ ကြုံရင်ကြုံသလို ဝယ်ပေးသင့်ပါသည်။ ရုပ်အလှအတွက် အဝတ်တန်ဆာဆင်ပေးသလို စိတ်အလှအတွက် စာပေတန်ဆာဆင်ပေးသင့်ပါသည်။

တောသူတောင်သားမိဘများက ဘယ်လိုစာအုပ်၊ စာပေကို ရွေးချယ်ဝယ်ပေးတတ်မည်လဲဟု မေးစရာရှိပါသည်။ လူဆိုသည်မှာ ရပ်နှင့်ရွာနှင့် မြို့တည်အုပ်စုဖွဲ့နေပါသည်။ အိမ်နီးချင်းရှိပါသည်။ ရွာတစ်ရွာ၊ ရပ်ကွက်တစ်စုမှာ စာဖတ်သူ၊ စာအုပ်ထားသူရှိပါသည်။ မိမိသာမက အခြားသူများကိုလည်း စာဖတ်တတ်စေရန် မိမိစာအုပ်လေးများကို ပေးဝေဖတ်ပေးသင့်ပါသည်။ စာမတတ်သော၊ စာဖတ်အားနည်းသော မိဘများ၏ သားသမီးများကို စာဖတ်အားကောင်းမွန်စေရန် မိမိတွင်ရှိသော သင့်တော်ရာ စာအုပ်၊ ပုံပြင်၊ ဂျာနယ်များကို ပေးဖတ်စေချင်ပါသည်။

လူတိုင်းစာဖတ်တတ်၊ စာပေတန်းဖိုးနားလည်စေရန် လူတိုင်းမှာတာဝန်ရှိပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည်၊ အလိမ္မာ စာမှာရှိဆိုသလို ရင်သွေးဘဝတွေစာပေနှင့်လှစေတင့်စေ၊ မြင့်မြတ်စေချင်ပါသည်။ လူငယ်တွေကို စာပေဖြင့် အလှဆင်ခြင်းက တိုင်းပြည်ကို မြှင့်တင်ပေးခြင်းလည်း ဖြစ်ပါသည်။

စာပေတန်ဖိုးနှင့် ပတ်သက်၍ ဝမ်းနည်းစရာအဖြစ် မျက်မြင်ကိုယ်တွေ့လေး ပြောပြချင်ပါသည်။ ကျွန်တော့်သူငယ်ချင်းက စာအုပ်၊ စာရွက်အဟောင်းများကို ပိဿာချိန်ဖြင့် ဝယ်ပါသည်။ သူဝယ်ယူခဲ့သော ပိဿာချိန်တွေထဲမှာ နာမည်ကျော်စာရေးဆရာကြီးများရဲ့ ဂန္ထဝင်စာအုပ်များ၊ ကဗျာစာအုပ်များ ပါတတ်ပါသည်။ စာအုပ်အမည်တွေ ပြောပြရင် ထိုစာအုပ်ရေးသားသူများကို အားနာ၍ ဖော်မပြချင်ပေ။ သူတို့တွေများသိရင် ရင်ထုပြီး ငိုချင်းပင်ချလေမလား။ ကျွန်တော်စာဖတ်သူတောင် အင်မတန်ဝမ်းနည်းကြေကွဲရသည်။ ကျွန်တော်တို့နိုင်ငံမှာ စာပေအသိမရှိတော့ဘူးလား၊ စာပေကို တန်းဖိုးထားရကောင်းမှန်းမသိ၊ စာပေဖြင့်ပတ်သက်၍ ဆုံ့အသွားကြပြီလား။ လားပေါင်းများစွာနဲ့ မချိတင်ကဲဖြစ်ရပါသည်။

ကျွန်တော်တာဝန်ကျသော ကျောင်းမှစာကြည့်တိုက်မှူးက ကလေးများကိုစာဖတ်စေရန် “စာမဖတ်မှာပဲစိုးရိမ်တာ စာအုပ်စုတ်မှာမစိုးရိမ်ဘူး၊ သားတို့၊ သမီးတို့ စာကြည့်တိုက်မှာ စာအုပ်တွေရှိတယ် လာဖတ်၊ လာငှားကြပေ့ါ” ဟု အားတက်သရော ပြောကြားသည်။ ထိုကဲ့သို့ ဆရာတွေမြင်ရတော့ လေးစားမိသလို၊ အားလည်းရှိမိပြန်သည်။ အချို့ကျောင်းတွေဆို တန်းဖိုးကြီးသော စာအုပ်များကို ကလေးများအား မငှား၊ ဗီရိုထဲပြတိုက်သဖွယ် စစ်ဆေးရေးပြရုံလောက်သာ ရည်ရွယ်ဟန်တူပါသည်။ ကျွန်တော်သိသောဆရာက အဲ့လိုမဟုတ် ကျောင်းစာကြည့်တိုက်သည် ကျောင်းသားတွေအတွက်ဟု ယူဆထားသည်။

အဲ့ဒီလိုဆရာတွေ များများရှိပါက ကျွန်တော်တို့ တိုင်းပြည်မှာ ဘယ်လောက်တောင်ကောင်းလိုက်မည်နည်း။

ကလေးနဲ့စာပေကို သွေးခွဲစေသောအဓိကအရာသည် ဖုန်းတွေပေါ်များလာခြင်းပင်ဖြစ်သည်။ အခုခေတ်မှာ ဖုန်းကို စကားပြောဆိုဖို့ထက် အင်တာနက်မှာ အချိန်ဖြုန်းဖို့သာ အသုံးချတတ်ကြသည်။ သုံးနှစ်အရွယ်ကလေးများပင် ဖုန်းကိုကျွမ်းကျင်စွာ အသုံးပြုတတ်နေသည်မှာ ဝမ်းမြောက်စရာလော၊ ရင်မောစရာလော မပြောတတ်။ ကျောင်းမှပြန်လာပြီဆိုတာနဲ့ ဖုန်းကိုအရင်ရှာသုံးတတ်တာ အကျင့်ဖြစ်နေပြီလား မေးခွန်းထုတ်စရာပင် ဖြစ်လာသည်။ မိဘများကလည်း ဖုန်းကို အချိန်အကန့်အသတ်ဖြင့်သာ ပေးကိုင်သင့်ပါသည်။ အင်တာနက်မှ ဗဟုသုတရသည်ဆိုသော်လည်း စိတ်ဓာတ်ပျက်စီးစေသော အရာများလည်း များစွာပါဝင်နေပါသည်။ ဂိမ်းများကလည်း အသက်အရွယ်အလိုက် အမျိုးမျိုးတီထွင်၍ မြူဆွယ်နေပါသည်။

ကလေးကောင်းမှ လူကြီးကောင်းမှာဆိုလျှင် စာအုပ်စာပေဖြင့် ကင်းကွာမနေသင့်ပေ။ အိမ်တစ်အိမ်၊ တစ်ရွာတစ်မြို့၊ တစ်တိုင်းပြည်လုံး စာကောင်းပေကောင်းများ ဖတ်ရှုနိုင်ရေး အာရုံစိုက်မြှင့်တင်ပေးကြမှသာ ရင်သွေးငယ်တို့၏ဘဝ ပြည့်စုံသောအလှတရားတို့နှင့် ဝေဆာနိုင်ကြပေမည်။ ပန်းတို့မည်သည် သူ့အဆင်းနှင့်သူ အချိန်တန်ပွင့်ကြမည်ဖြစ်သော်လည်း ပွင့်သောပန်းတိုင်း အဆင်းရော၊ အချင်းပါ ပြည့်စုံစေချင်ပါသည်။ ။

## မြတ်ဆရာ

နာသုံးနာ တံဆိပ်ခတ်
မွန်မြတ်တဲ့ ဆရာသခင်။
တပည့်မရှားပါဘု
တစ်ပြားမရှိပင်။
အနန္တဂိုဏ်းဝင်
နှိုင်းယှဉ်စရာ ရှာမှရှား။
ပြုကာမသွေ
လူ့ကမ္ဘာမြေ ကောင်းကျိုးအတွက်
မျိုးဆက်ဖြန့်ထား။ ။

**နိုင်လင်းစိုး (ချင်းတွင်းမြေ)**

## မြန်မာ့ရိုးရာ ထိန်းသိမ်းပါ

ရှို့မြေကို ပုံဖော်သွင်း
ထွင်းထုတဲ့ အတတ်ပညာ။
အိုးပုတ်ရယ် ငှက်ချိုးရုပ်တို့
ပြုလုပ်နေတာ။
သောက်ရေအိုး အင်တုံပါ
ဟင်းချက်ရာ ရှို့မြေအိုး။
မြေအစို အပူမီးပေးလို့
ဖန်တီးမှု အနုပညာဟာ
အမြင်မှာ တကယ်ဆန်းတယ်
အစဉ်သာ မပျောက်ပျက်ရအောင်
စောင့်ရှောက်လျက် ထိန်းသိမ်းကာဖြင့်
တို့ရိုးရာ အမွေအနှစ်ကို
ချစ်လျက်မြတ်နိုး။ ။

**နှင်းစက်(ရွှေကြို့)**

## ပညာပန်းများ ပွင့်စေသူ

ငါးပါးမှာက အနန္တ
တစ်ပါးဝင်တာ အာစရိယ။
ကျောင်းသူ ကျောင်းသား အဖြူအမည်း
ပညာသင်ချိန် အတူမကွဲ။
သွေးမကွဲတဲ့ သားသမီးပမာ
ဘက်စုံထူးချွန် စေချင်တာ။
တပည့်မရှားသော် တစ်ပြားမရှိ
ဆရာများစား အားပီတိ။
ကျင့်ဝတ်သုံးဖြာ နာသုံးနာ
အမြဲမပျက် စောင့်ထိန်းတာ။
ကောင်းရာလမ်းကို ညွှန်ကာပြ
ဆရာများရဲ့ သဘာဝ။
အမှောင်လမ်းကို မလျှောက်ရေး
လမ်းပြသွန်သင် ဆုံးမပေး။
အများလေးစား အတုယူ
ပညာပန်းများ ပွင့်စေသူ။ ။

**ဝေယံဦး(သနပ်ပင်)**

မျိုးဆက်သစ်ရှင်ပြင်


ကြေးမုံ

အထူးကဏ္ဍ

စက်တင်ဘာ ၃၀၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# လင်းညို(ရွှေလင်းမြေ)



(၁)

စံလှတို့ လက်ယဉ်ချက်ကတော့ ဟင်းခန်းဆို ခွပ်ခနဲပဲ။ ဒါကြောင့်လည်း စံလှတို့ နာမည်ရနေတာပေါ့။ စီခနဲဆို စံလှပဲ။ ရွာလူကြီး ဦးသာပေါ ထိပ်တုံးက သူ့အတွက် လုပ်ထားသလားမှတ်ရ။ စံလှက မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ ဖဲရိုက်တယ်၊ ကြက်တိုက်တယ်၊ အရက်သောက်တယ်၊ ကွမ်းတဖွတ်ဖွတ်၊ ဆေးလိပ်တထောင်းထောင်းနဲ့ပေါ့။ တစ်သက်နဲ့တစ်ကိုယ် ဘုန်းကြီးကျောင်း မုန့်ဟင်းခါးကျွေးမှ တစ်ခေါက်ရောက်တတ်တဲ့ ကောင်စားမျိုး။ ကျုပ်နဲ့စံလှက ငယ်သူချင်းတွေလေ။ သူက ကျုပ်ထက် တစ်ရက်ပဲကြီးတာ။ ကျုပ်နဲ့ ငယ်သူငယ်ချင်းဆိုပေမယ့် ကျုပ်က သူ့လောက်တော့ မကောင်းတာမလုပ်ဘူးဗျ။ ညတိုင်းဘုရားရှိခိုးတယ်၊ မေတ္တာပို့ အမျှဝေပေါ့ဗျာ။ ဘာသာရေးလိုက်စားတယ် ဆိုပါတော့ဗျာ။ သို့ပေမယ့် စံလှနဲ့ ဆုံမိရင်တော့ စံလှသွားသမျှ ပျော်ပျော်ကြီး လိုက်လံအားပေးနေကျဗျ။

စံလှရဲ့ မိုက်ဂုဏ်မြောက်ပုံများ ရွာနီးချုပ်စပ်က မိုက်ပေ့ဆိုတဲ့ လူတောင် ဖိန့်ဖိန့်တုန်အောင်ပဲ။ ကုန်ကုန်ပြောရရင် စံလှဟေ့ဆိုရင် ခွေးတောင် အမြီးကုပ်သွားရလောက်တဲ့အထိပဲ။ ကြောက်ဆို တွေ့သမျှ ကြက်ဝိုင်း၊ ဖဲဝိုင်းရန်ဖြစ်ပြီဆို စံလှက အရင်ဦးအောင် ဆော်လိုက်တာလေ။ အနည်းဆုံးလေးချက်ကတော့ သာသာလေးချုပ်ရောပဲ။ ဒါကြောင့် စံလှလာပြီဆို ဝိုင်းသိမ်းထားရတဲ့အထိ ကြောက်ရတယ်လေ။

ကျုပ်ကတော့ စံလှကို ထိန်းတဲ့အခါထိန်း၊ မြှောက်ပေးတဲ့အခါ မြှောက်ပေးနဲ့ ကပ်မြှောင်စားသောက်နေတာပေါ့။ စံလှ အရှိန်အဝါကြီးလိုက်ပုံများ စံလှနဲ့ပေါင်းတဲ့ ကျုပ်တောင် ဘယ်သူမှ စေ့စေ့မကြည့်ရဲကြဘူးလေ။ စံလှက လူပေါင်းစုံပေါင်းတယ်လေ။ သူ အခုတစ်လော အထက်အညာဘက်က မြွေအလမ္ပာယ် ဆရာကြီးတစ်ယောက်နဲ့ ပေါင်းနေလေရဲ့။ ဒီနောက်ပိုင်း စံလှ အဲဒီဆရာကြီးပေးထားတဲ့ လက်ဖွဲ့ဆိုလား ဘာဆိုလား အဲဒါနဲ့ ပိုဆိုးနေတာပေါ့။ တုတ်ပြီး ခားပြီးတယ်ဆိုလားပဲ။ နဂိုကမှ မိုက်သွေးကြွနေတဲ့အထဲ သိဒ္ဓိဆေးပေးထားတော့ မြင်းကို ချီတပ်ပေးသလို ဖြစ်နေတာပေါ့။ အခုဆို စံလှနဲ့ပေါင်းရမှာတောင် ကျုပ်ခပ်လန့်လန့်ဖြစ်နေပြီလေ။

(၂)

ကျုပ်ဒီနေ့ ရွာထဲသွားတော့ ကျုပ်ကိုမြင်တဲ့သူတိုင်းက ရှောင်ဖယ်ရှောင်ဖယ်နဲ့ ဘယ်သူမှ အဖက်မလုပ်ကြဘူး။ စံလှကိုမုန်းသလို စံလှနဲ့ပေါင်းတဲ့ကျုပ်ကိုလည်း ရွံ့ကြောက်ကြောက်နေတယ်ထင်ပါရဲ့။ ဒါပေမယ့် ကျုပ်စိတ်ဓာတ်ကို သူတို့သိနေကြတာပဲ။ ဒီလောက်ဖြစ်စရာလား။ ကျုပ် စံလှပေါင်းတာက ငယ်သူငယ်ချင်းမို့ ပေါင်းတာလေ။ စံလှရဲ့ မိုက်ကျင့်တွေကို ပေါင်းတာမှမဟုတ်တာ။ ကဲပါဗျာ သူတို့အရေးမလုပ် ကျုပ်ကအရေးလုပ်စရာလား။ ဒါပေမယ့် ကျုပ် စံလှနဲ့တော့ ခပ်ခွာခွာနေနိုင်သရွေ့ နေဦးမှပါလို့ ဆင်ခြင်မိပါရဲ့။

ဒီနေ့ ညောင်ကန်ရွာမှာ အသုဘရှိလို့ စံလှ ကျုပ်ကို လာခေါ်တယ်။

“ဖိုးလုံး လာပါကွ၊ အခုအသုဘက ဆွေကြီးမျိုးကြီးတွေထဲကကွ။ လာတဲ့သူတွေကလည်း မြို့ကသူဌေးတွေတဲ့။ အဲဒီကောင်တွေနဲ့ ဝိုင်းဖြစ်ရင် သုံးရက်လောက် ရေမီးအစုံပဲလိုက်ခဲ့ပါအနမ့်”

စံလှရဲ့ မစားရဝခမန်း ပြောနေတဲ့လေသံကြား ကျုပ်ရုန်းထွက်ချင်ပါတယ်။ ဒါပေမယ့် ငယ်ငယ်လေးထဲက ခင်ခင်မင်မင်ပေါင်းလာတာဆိုလို့ ဒီကောင်ပဲရှိတာ။ နောက်အခုချက်ချင်း သူ့ကို ရှောင်လိုက်လို့လည်း ဘယ်ဖြစ်မလဲ။ ဒါကြောင့် ကျုပ် စံလှနဲ့လိုက်ခဲ့လိုက်တယ်။ ကျုပ်တို့ အသုဘအိမ် မသွားခင် ရွာထိပ်က အတီးဆိုင်မှာ မီးတောက်တစ်လုံးဝင်မော့လာခဲ့သေးတယ်။ တစ်လုံး နှစ်ယောက်ဆိုတော့ စံလှတို့ နံကြားတောင် ညပ်မယ်မထင်။ အပြန် ဖဲနိုင်မှ အတီး တစ်ဆိုင်လုံးဝယ်သောက်မယ်လို့ စံလှ ကြုံးဝါးခဲ့သေးရဲ့။

ကျုပ်တို့ ညောင်ကန်ရောက်တော့ သူငယ်အိပ်ချိန်ရောက်နေပြီ။ အသုဘအိမ်ရောက်တော့ ညောင်ကန်ရွာ ကာလသားခေါင်းထင်ပါရဲ့ စံလှကို ထွက်ခေါ်တယ်။

“ဟာ စံလှ လာမှလာပါ့မလားလို့ကွာ”

“အေးဗျာ ဒီဆရာကို ပင့်နေရတာနဲ့ ကြာနေတာ”

စံလှက ကျုပ်ကိုမေးငေါ့ပြရင်း ပြောတယ်။ ကျုပ်ဘာမှ ပြန်မပြောဘဲ သူတို့နောက်က အသာလေးတက်လိုက်သွားတယ်။ အိမ်နောက်ဘက် အခန်းထဲရောက်တော့ လူလေးယောက်ထိုင်နေတယ်။ စံလှက အဲဒီလူတွေကြားဝင်ထိုင်လိုက်တယ်။ ကျုပ်ကတော့ စံလှနောက်မှာထိုင်ရတာပေါ့။ သူတို့ရဲ့ ဖဲကိုင်သံ တဖြောင်းဖြောင်း အသံတွေကြား ကျုပ်အိပ်ငိုက်ချင်လာတယ်။ ဒါနဲ့ ဒူးပေါ်မေးတင်ပြီး ခဏလေး မှေးနေလိုက်တော့တယ်။

“ဝုန်း”

“ခွပ်”

“ဘုတ်”

“အား”

အသံတွေကြားမှ ကျုပ်လန့်နိုးလာတယ်။ စံလှဆိုတဲ့ကောင်ပေါ့၊ လေးယောက်တစ်ယောက် ချနေတာ။ သူကချည်း လိုက်ထိုးနေတာ။ကျုပ်နဲ့ အိမ်သူအိမ်သားတွေ ဝိုင်းဆွဲမှ ရတော့တယ်။ ဟိုလူတွေ မျက်နှာမှာ သပြေသီးတွေ မှည့်သွားတယ်။ တစ်ယောက်ကတော့ ခေါင်းကွဲသွားတယ်ထင်တယ်။ ခေါင်းမှာ သွေးဆိုတာ ချင်းချင်းရဲ၊ စံလှဆိုတဲ့ကောင်ကတော့ ခပ်ပြုံးပြုံးပဲ။ သူပြောနေကျ စကားတောင်ပြောလိုက်သေးတယ်။

“စံလှကို စံလာမပြနဲ့၊ နာလန်ပါမထနိုင်ဖြစ်သွားမယ်၊ မှတ်ထား ငါ့နာမည်စံလှတဲ့ကွ”

ကျုပ်တို့ မသာအိမ်ဖဲဝိုင်းမှာ ရိုက်မှုနဲ့ အချုပ်ထဲမှာ တစ်ပတ်လောက်အိပ်လိုက်ရသေးတယ်။ ကျုပ်အမေကတော့ စံလှဆို ဝေးဝေးကရှောင်ဖို့ပြောတာ အာပေါက်မတတ်ဘဲ။ ကျုပ်အတတ်နိုင်ဆုံး ရှောင်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမယ့် ငယ်ငယ်တည်းက လည်ပင်းဖက်ပေါင်းလာတဲ့ သူငယ်ချင်းကို ချက်ချင်းရှောင်ရမယ်ဆိုတော့ ခက်ပေဖူးလား။ စံလှကလည်း ကျုပ်ကိုတွေ့ရင် ဖဲဝိုင်းခေါ်၊ ကြက်ဝိုင်းခေါ်နဲ့။ စံလှ လာခေါ်တိုင်း ကျုပ် ဆင်ခွေ့ရန်ရှောင်လုပ်တာ နှစ်ခါလောက်တော့ အဆင်ပြေသွားတယ်။ ကျုပ်လည်း စံလှကို မိုက်ဇာတ်သိမ်းစေချင်ပါပြီဗျာ။

(၃)

“စံလှရယ် နင်နဲ့တော့ ခက်ပါတယ်ဟယ်။ နင့်ကိုလေ ငါဘယ်လို ဆုံးမရမှန်းကို မသိတော့ဘူး။ ငါတို့မျိုးထဲမှာလေ နင့်လိုကောင် ဘယ်သူမှ မပါဘူး။ နင်တစ်ယောက်တည်း စုန်းပြူးပါလာတာဟဲ့ အကောင်ရဲ့”

“အမေကလည်းဗျာ ကျုပ်ကိုဆို ပြောမယ်ဆိုမယ်ဆိုတာချည်းပဲ။ အဲဒါကြောင့် ကျုပ်အိမ်ပြန်မလာချင်တာ။ အမေချက်တဲ့ထမင်းစားရတာနဲ့မကာမိဘူး။ နားငြီးလိုက်တာလွန်ရော”

“အောင်မလေး နားငြီးရင် ကြွ ကြွ။နင့်ကိုမွေးရတာ ဝမ်းရေစပ်တယ်ဟဲ့ ငမိုက်သားရဲ့”

“သွားမယ်ဗျာ အဲဒါကြောင့် အိမ်မှာ မနေချင်တာ”

“ကြွပါတော် ကြွ ကြွ”

စံလှတို့သားအမိ ပြောနေကျ စကားရယ်ပါ။ သူ့အမေပါးစပ်အမြုပ်ထွက်တောင် အချိုးပြင်မယ့်ကောင်မဟုတ်။ စံလှတို့က သားအမိနှစ်ယောက်တည်းရယ်လေ။ အဖေလုပ်သူက သုံးနှစ်လောက်ကမှ ပိုးထိပြီးဆုံးသွားတာ။ စံလှအမေ ဒေါ်လေးညို ခင်မျာလည်း သားဆိုးအမေတပေပေ ဖြစ်နေရှာတာပေါ့။ အခုဆို ပိုတောင်ဆိုးနေသေး။ ဟိုနေ့က ဟိုဘက်ရွာက ကွမ်းတောင်ကိုင် မထားနွယ်ကို ဆွဲလားရုန်းလားလုပ်လို့ ဦးသာပေါတို့အိမ်မှာ ညဥ့်အိပ်ခဲ့ပြီးပြီ။ ဒီကောင် အချိုးတွေ ပြင်ရင်တော့ သိပ်ကောင်းမှာပေါ့ဗျာ။ အလမ္ပာယ်ဆရာ ဦးသာချမ်းကြီးရဲ့ ကာယသိဒ္ဓိလက်ဖွဲ့အားကိုးနဲ့ အရင်ထက်ကို ဆိုးနေပြီ။ ကြာရင် ဖမ်းဝရမ်းတောင် အထုတ်မခံရရင် ကံကောင်းတယ်မှတ်ရမယ်။

“ဟာ ဖိုးလုံးရာ လာစမ်းပါကွာ။ မင်းက နှေးလိုက်တာ လိပ်ခြေကျိုးကမှ မင်းထက်မြန်ဦးမယ်”

စံလှက အရေးတကြီး ကျုပ်ကိုခေါ်နေတယ်။ ကျုပ်ကလည်း ကျုပ်ပဲ ဘယ်တော့ဖြစ်ဖြစ် အမြဲနောက်က။ ဒီနေ့ကျုပ်နဲ့ စံလှ သပြေကုန်းက ရဲကြီးတို့နဲ့ ကြက်တိုက်ဖို့ ချိန်းထားတယ်လေ။ အချိန်က မွန်းလွဲချိန်ဆိုတော့ ပူချက်ကလွန်ရော။ နေတအားပူတော့ စိတ်မြန်တဲ့စံလှက ကျုပ်ကို စိတ်မရှည်ဘူး ထင်ပါရဲ့။

“အေးပါကွာ ဖြည်းဖြည်းပေါ့ စံလှရ၊ ဟိုကောင်တွေလည်း ရောက်လောက်ဦးမယ် မထင်ပါဘူး”

ကျုပ်လည်း အေးအေးပဲ ပြန်ပြောလိုက်တယ်။ စံလှကတော့ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းနဲ့ သွားနေသလားမှတ်ရ။ မြန်ချက်က ကျုပ်အပြေးလိုက်မှ မီတယ်။

“နောက်တစ်ခါဆို မင်းမလိုက်နဲ့ ဖိုးလုံး၊ ရတဲ့အချိန် အလုပ်လုပ်ရမှာကွ၊ အချိန်ကောင်းမှာ ရဲတွေလာဝိုင်းမှ နန်းစံနေရမယ် သိလား”

“အေးပါ စံလှရာ ဒါဆိုလည်းသွား”

ကျုပ်တို့ သပြေကုန်းရောက်တော့ နှစ်နာရီထိုးတော့မယ်။ ရဲကြီးတို့အုပ်စုကတော့ ရောက်နှင့်နေပြီ။ ကျုပ်တို့ရဲ့ ကြက်ငထိန်ကြီးကလည်း ပြိုင်ဘက်မြင်ကတည်းက လည်ဆံမွှေးပွနေပြီ။ သို့ပေမယ့် ငထိန်ကြီးက ခွပ်လက်နှစ်ဖလောက်ပဲရှိသေးတာ။ ဟိုဘက်ကြက်ကြီးက ရှစ်ဖလောက် နိုင်ပြီးသားဆိုပဲ။ ကျုပ်ဖြင့် သိပ်တောင်အားမရလှဘူး။ စံလှကတော့ အားသန်နေပုံပဲ။ ကြက်နိုင်တိုင်း သူဆိုနေကျ သီချင်းကို ခပ်တိုးတိုးလေး ညည်းနေလေရဲ့။

“ကိုကြီးဖိုးလုံး ကိုကြီးဖိုးလုံး”

နောက်ကခေါ်သံကြောင့် ကျုပ်လှည့်ကြည့်လိုက်တော့ ဆိတ်ကျောင်းသားမောင်စိန်။ ကျုပ်တို့ဆီ အပြေးအလွှားပြေးလာနေတယ်။

“မောင်စိန် ဘာဖြစ်လို့လဲ”

“ကိုကြီးဖိုးလုံးအမေ အိမ်ပေါ်ကချော်ကျလို့ဗျ”

“ဟေ ဟုတ်လား အေးအေး ညီလေး ငါ အခုလိုက်ခဲ့မယ် အနမ့်”

ကျုပ်စံလှကို အကျိုးအကြောင်းပြောပြပြီး အိမ်ပြန်လာခဲ့တယ်။ တော်သေးတယ် အမေ ဘာမှမဖြစ်လို့။ ခေါင်းတော့နည်းနည်းလေး ပေါက်သွားတာပေါ့။ ဆေးမှူးလေးပေးတဲ့ ဆေးနဲ့ အမေသက်သာနေတော့ ကျုပ်အမေ့ကို နောက်တစ်ခါ အမေ့နားက ဘယ်မှမသွားတော့ဘူးလို့ ကတိပေးလိုက်ရတယ်။ ဒါမှ အမေ စိတ်ချမ်းသာမှာလေ။ ကျုပ် ညနေစောင်းတော့ အိမ်မှာရေထမ်းနေရင်း စံလှပြန်လာမယ့် ရွာလမ်းအတိုင်း မျှော်နေမိသေးတယ်။ ဩော် စံလှ စံလှ . . . ။

(၄)

“ဟုတ်လို့လား အမေရာ”

“ဟုတ်ပါတယ် ဖိုးလုံးရယ် ခုနကမှ ငါးသည် ချိုဝင်း ပြောသွားတာ”

အမေ့စကား ကျုပ်မယုံနိုင်ပါ။ စံလှလိုလူကို ဘယ်သူ သတ်ရဲမှာလဲ။ ကျုပ်နားထဲ မယုံနိုင်သလို ကျုပ်စိတ်ထဲလည်း ဝမ်းနည်းသလိုလိုပဲ။

“အမေရယ် စံလှကို သတ်ရဲတဲ့လူ ရှိပါ့မလားဗျာ”

“ဟဲ့ ရဲကြီးတို့က အုပ်စုလိုက် သတ်သွားတာတဲ့။ ခုတ်ထစ်ထားတာ လူမြင်လို့တောင် မကောင်းဘူးဆိုလား။ နင်ပါ မသေတာ ကံကောင်းတယ်မှတ်”

ဟုတ်ပေသား ကျုပ်ပါဆက်ရှိနေရင် ကျုပ်ပါသေမလို့၊ အမေ အိမ်ပေါ်ကချော်ကျတာ ကျုပ်အတွက် ကံကောင်းတယ် ဆိုရမလား။ ကျုပ် ခုမှ တကယ့်နောင်တတွေ ရမိတယ်။ စံလှအဖြစ်ကိုလည်း သင်ခန်းစာရမိတယ်။

ဩော် စံလှ စံလှ လူမိုက်ကြီး စံလှ။ အခုတော့ လူမိုက်လည်း လူမိုက်လမ်းသွားရတာပဲ။ သူ့ဆရာ အလမ္ပာယ် ဦးသာချမ်းလည်း ဟိုနေ့ကမှ သူဖမ်းလာတဲ့ မြွေက သူ့ပြန်ကိုက်လို့ ဆုံးရှာပြီတဲ့။ သူတို့ ဆရာတပည့်နှစ်ယောက် တစ်နေရာရာမှာ ဆုံနေလောက်ပြီ ထင်ပါရဲ့။

* * *

## မျိုးဆက်သစ်ရှင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရှင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရှင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

ဝတ္ထုတို




■ ပုလဲသွင်

ဒီရက်ပိုင်းဘာရယ်မသိ။ ချောမေ တစ်ယောက် ခံပြင်းစိတ်တွေနဲ့ ပြည့်နေတယ်။

အနားမှာစကားလာပြောနေတဲ့ မိအေးကို သူ့စိတ်ထဲပါးကို ၁၀ ချက်လောက်ရိုက်ပြီးပြီ။

တကယ်လည်း ရိုက်ပစ်လိုက်ချင်လို့ လက်ဖဝါးတွေလည်း ယားနေတယ်။

အခုတစ်မျိုး တော်ကြာတစ်မျိုး မလိုတစ်မျိုး လိုတစ်မျိုး အဲဒီလိုမျောက်စိတ်တွေကို ချောမေ သိပ်မုန်းတာ။ ဒီမိသားစုနဲ့ပတ်သက်ပြီး ဒီလို စကားတွေပဲ လာပြောနေတဲ့သူတွေကို ယားနေတဲ့ လက်ဖဝါးကို ဘရိတ်အုပ်ပြီး အံကြိတ်နေရတာ မနည်းတော့။ သူများ အတင်းဆို ချောမေတို့လည်း ပြောတာပေါ့။ သူများအတင်းပြောရမယ်ဆိုရင် ချောမေတို့က ရထားလာလို့ မတိမ်းဘူး။

ချောမေအကြောင်း တစ်ရွာလုံးလည်း မသိရိုးလား။ ကလေးနှစ်ယောက် အမေ။ လည်နေတာမှမှတ်လို့ ပန်ကာအထက်က ဝက်အူ။

တခြားသူတွေ လည်တယ်ဆိုတာ ချောမေ အိပ်နေသလောက်ပဲရှိသေးတာ။

အခုကိစ္စမှာတော့ ချောမေအတင်း ပြောဖော်မလုပ်ချင်တော့။ လူတွေကိုလည်း ချောမေ တော်တော်စိတ်ကုန်လာပြီ။ သင်းတို့မှာ ပြောစရာတခြားအကြောင်း မရှိတော့ဘူးလား။ လာသမျှလူတိုင်း ဒီအကြောင်းတွေပဲ ထပ်လို့။

အခုလည်း မိအေးကအားရပါးရမဲ့လိုက် ရွဲ့လိုက်နဲ့ ပါးစပ်အရသာခံနေပြန်ပြီ။

“မိချောမေ နင်ဟိုနားကဘုတ်ဆုံမအိမ်ကို သွားသေးလား။ ငါတော့မသွားပေါင်။ သူ့ယောကျ်ားငရွှေကို ဆရာဝန်က အာမခံချက်မရှိတော့လို့ ပြန်လွှတ်လိုက်တာတဲ့။ မသနားပေါင်တော်။ မနက်မှောင်မှောင်ကနေ ညမှောင်မှောင်ထိ ဒီအရက်ပဲ ဗိုက်ထဲထည့်နေတာ။ သင်းဒီလိုဖြစ်တာနည်းတောင် နည်းသေးတယ်။ ဆရာဝန်က သွေးစစ်ကြည့်တော့ စီပိုးတဲ့လေ။ ဘုတ်ဆုံမတော့ သနားပါတယ်အေ။ လင်ယောကျ်ားက သုံးစားမရတော့ အခုဗိုက်တစ်လုံးနဲ့ ကျန်ရစ်တော့မှာ။

သူလည်း ဒီယောကျ်ားနဲ့ပေါင်းနေမှတော့ ဒီရောဂါကူးနေလောက်ပြီ။ ယောကျ်ားတွေများ စိတ်ကုန်ပါတယ်အေ။

သင်းတို့ဒီအရက်သောက်တာနဲ့ မိန်းမတွေလည်း ရောဂါကူးရတယ်။”

မဲ့ရွဲ့ပြောနေတဲ့ မိအေးကိုကြည့်ပြီး ချောမေ စိတ်ထဲကနေကျိန်ဆဲနေတယ်။

ဟိုတုန်းကတော့ ဘုတ်ဆုံမ ဘုတ်ဆုံမနဲ့ ပါးစပ်ဖျားက မချ။ ရှိသမျှ အစားအသောက် အကုန်သွားစားပြီးရင် အတင်းပြော။

သူ့ယောကျ်ားထွန်းတင်ကရောအသောက် အစားတွေ တော်တော်ကင်းနေလို့လား။

ဘာထူးမှာလဲ။ ဒီပုပ်ထဲကဒီပဲ။ အခုတော့ သင်းတို့ပါးစပ်တွေက ဒီစကားတွေထွက်လာပြီပေါ့။

လူတွေများ တကယ်ကို တရားကျဖို့ ကောင်းတယ်။

“အမယ်လေး မိအေးရယ် ဟောဒီရွာထဲ မှာရှိတဲ့ ယောကျ်ားမှန်သမျှ အရက်သမားနဲ့ ဖဲသမားချည်းပဲလေ။

ခြောက်ပစ်ကင်းသဲလဲစင်ဆိုတာ ဘယ် လက်ညှိုးထိုးလို့မှ မတွေ့ဘူး။

အရက်သမားတိုင်း ဒီရောဂါရှိမယ်ဆိုရင် တော်တို့ယောကျ်ားတွေမှ မဟုတ်ဘူး၊ ကျုပ်ယောကျ်ားလည်း အရက်သမားပဲလေ။

နောက်ပြီးတော့ ကျုပ်တို့အကုန်လုံး ဘုတ်ဆုံမအိမ်ကို နေ့တိုင်းဝင်ထွက်နေကြတာပဲ။

စားလိုက်သောက်လိုက် စကားတွေ ပြောလိုက်နဲ့။ ကျုပ်တို့လည်း ဒီပိုးမကူးနိုင်ဘူးလို့ ပြောနိုင်လို့လားတော်။ ဆရာဝန်ဆီ မစစ်ဆေးလို့သာပေါ့။”

“မိချောမေ ငါကတော့ ပြောနိုင်တယ်တော်။

ဒီလိုပိုးမျိုး ငါ့မိသားစုမှာ လုံးဝမရှိဘူး။

ဒီရောဂါမျိုးနဲ့တော့ မသေနိုင်ပေါင်။ လူညွန့်တုံးပါတယ်။

အခုပဲကြည့်လေ။ ဘုတ်ဆုံမနဲ့ မွေးလာမယ့် ကလေး ရှေ့ဆက်ပြီး ဘယ်လိုလူလုပ်ကြမလဲ။

သူတို့ကို ဘယ်သူမှစိတ်သန့်သန့်နဲ့ ဆက်ဆံကြတော့မှာမဟုတ်ဘူး။

ကျန်တဲ့လူတွေမပြောနဲ့ သူတို့ဆွေမျိုးတွေတောင် တစ်ယောက်မှ အားပေးဖော်မရှိဘူး။ ငရွှေ ဆေးရုံက ဆင်းလာပြီဆိုတာနဲ့ မသိသလို နေကြတော့တာလေ။

သင်းတို့နဲ့ယှဉ်ကြည့်ရင် ငါတို့က အနေသာကြီး။”

ချောမေ စကားတစ်ခွန်းမှမပြောတော့။

ထောင်ထားတဲ့ဒူးပေါ် လက်ထောက်ပြီး မေးထောက်ထိုင်နေလိုက်တယ်။

ဘယ်သူဘာပြောပြော ဘုတ်ဆုံမဆီတော့ သွားရဦးမယ်။

(၂)

တောထဲကပြန်လာတဲ့ ယောကျ်ားဖြစ်သူ ဖိုးလုံးကို တစ်ချက်ကြည့်လိုက်တယ်။

နေပူပူနဲ့မောပန်းလာလို့ ထင်တယ်။

ရေအိုးထဲက ရေတွေကို ခွက်နဲ့အပြည့် နှစ်ခွက်သောက်လိုက်တယ်။ ဖိုးလုံးဆီက သက်ပြင်းချသံကြားမှ ချောမေမေးခွန်းထုတ်လိုက်တယ်။

“ကိုဖိုးလုံး တော် ဘုတ်ဆုံမတို့အိမ်ဝင်ခဲ့သေးလား။

ငရွှေကိုဘယ်နှရက်ထားမှာတဲ့လဲ။”

“အိမ်ထဲတော့ မဝင်ခဲ့ပါဘူးဟာ။

ခဏနေ မြေမြုပ်သင်္ဂြိုဟ်မယ်လို့တော့ ကြားခဲ့တာပဲ။ ဒီလိုမှလည်း ကောင်းမှာလေ။

ဒီရောဂါကြီးနဲ့ဆုံးတာဆိုတော့ ကြာကြာထားလို့မသင့်တော်ဘူး။ ကျန်တဲ့သူတွေ အန္တရာယ်ရှိနိုင်တယ်။

အခုအခေါင်းရိုက်ဖို့ အေးရွှေက ရွာထဲက လူငယ်တွေ လိုက်ခေါ်နေတယ်။ ငါ့တောင် ခေါ်လိုက်သေးတယ်။”

အေးရွှေဆိုတာက ဘုတ်ဆုံမရဲ့ယောက်မ ငရွှေရဲ့နှမပေါ့။ ငယ်ငယ်ကတည်းက ကိုကြီးရွှေ ကိုကြီးရွှေနဲ့ အစ်ကိုဖြစ်သူကို သည်းသည်းတုန်အောင် ချစ်ခဲ့တဲ့နှမ။

ငရွှေအနားက ခွာတယ်လို့မရှိ။

ဖအေနဲ့ မအေဆုံးပြီး အမွေခွဲကြတော့လည်း မောင်နှမတွေအကုန်လုံး ကျေကျေနပ်နပ်နဲ့သဘောတူခဲ့ကြတာပဲ။ အေးရွှေနဲ့ ငရွှေကတော့ မျက်နှာချင်းဆိုင် ဟိုဘက် ဒီဘက်တစ်ဝင်းတည်းနေကြတယ်။

ကျန်တဲ့သူတွေကတော့ သူတို့ဝင်းနဲ့သူတို့ သီးခြား။ ဆွေမျိုးဆိုတဲ့အတိုင်း စည်းစည်းလုံးလုံးနဲ့ လုပ်ကိုင်စားသောက်ကြတော့ ချောမေတစ်ယောက် ဝမ်းသာမိခဲ့ပါရဲ့။

အခုဒီကနေ့ကျမှ ငရွှေ့ယောက်ဖတွေ ဘယ်ဆီဘယ်ဒေသ ကွမြန်းနေကြလို့လဲ။

အေးရွှေယောကျ်ား အောင်နိုင်ကရော ဘယ်ရောက်နေလို့လဲ။

အရေးထဲဆို ကြက်ပျောက်ငှက်ပျောက် ပျောက်နေကြတယ်။

ချောမေသက်ပြင်းမောတစ်ခုကို ချလိုက်ပြီး ခုတင်ပေါ်မှာ အပန်းဖြေလဲလျောင်းနေတဲ့ ယောကျ်ားကို ခပ်တွေတွေတစ်ချက်ကြည့်လိုက်တယ်။

“ကိုဖိုးလုံး တော့်ကလေးနှစ်ယောက်လည်း ဘယ်သွားဆော့နေမှန်းမသိဘူး။

မနက်ကတည်းက အိမ်မကပ်တာ။

ဟိုအိမ်များရောက်နေသလားမသိဘူး။

ခဏနေသွားရှာပြီး အိမ်ခေါ်ခဲ့ဦး။ ပြန်လာရင် တော်လည်းရေချိုးပြီးနားနားနေနေ အိပ်တော့။

နေကပူပူနဲ့ ဘယ်မှမသွားတော့နဲ့။ ကျုပ် အဝတ်တွေလျှော်လိုက်ဦးမယ်။”

(၃)

“မိချောမေ တစ်ပြည်ဆန်သွားဝိုင်းရအောင် ပြင်ပြီးပြီလား။

မိအေးမရော လိုက်မယ်ပြောတယ်။

ခဏလောက် စောင့်ကြဦးစို့။ နင့်ယောကျ်ား ဖိုးလုံးရော ဘယ်သွားတာလဲ။ အဲဒီတရားနာအိမ်မှာပဲလား။ နင်တို့တစ်အိမ်လုံး အဲဒီသာသွားနေကြ။ ကလေးတွေလည်း ဂရုမစိုက်ဘဲ ဒီအတိုင်းသာ လွှတ်ထား။ နင်တို့တော့မလွယ်ဘူး သတိသာထားနေ။”

စကားကြောကိုလိုက်ကတည်းက မခင်ညို ရဲ့ စကား ဘယ်ဆီဦးတည်နေတယ်ဆိုတာ ချောမေသိလိုက်တယ်။ မခင်ညိုဆိုတာက အပျိုကြီး။

ဇီဇာကြောင်တဲ့နေရာ၊ အတင်းပြောတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး။

မဟုတ်တာတွေရော ဟုတ်တာတွေရော ရှိသမျှအကြောင်း အမှန်အမှားမခွဲ အကုန်ရောသမမွှေပြောတာ။

အခုတလောနာမည်ကြီးနေတဲ့ သတင်းဆိုတာ တခြားဘယ်အကြောင်းမှမဟုတ်။

ဘုတ်ဆုံမတို့ရာဇဝင်ပဲရှိတာလေ။

သူ့စကား ထောက်ကြည့်ကတည်းက ဘာဆိုတာ ချောမေချက်ခနဲဆို နားခွက်က မီးတောက်ပြီးသား။

ဒီအကြောင်းတွေကြောင့်ပဲ ချောမေ နားတွေလည်းပူနေပြီ။ ပြောရင်လည်း ကြားထဲကနေ သူတော်ကောင်းမကြီးဝင်လုပ်ရာ ကျမယ်။

တကယ်ဆို လူတွေတော်တော်လေးကို ကိုယ်ချင်းစာတရား သနားကြင်နာမှုတွေ ခေါင်းပါးကြတာ။

ဟိုနေ့ကပဲ မိအေးမကို ပါးတွေဖြိုးဖြိုး ဖြန်းဖြန်းရိုက်ချင်စိတ်တွေ ပေါက်မိတာ။

လက်ဖဝါးကယားလို့မှ မပြီးသေးဘူး။

ဒီအပျိုကြီးက လာပြန်ပြီ။ အသက်ရှည်ဦးမယ်။ ပြောရင်းဆိုရင်းပဲ မိအေးမ ဆန်တစ်ပြည်နဲ့ လာနေပြီ။

“လာ လာ မိအေးရေ ဒီမှာမိချောမေလည်း ပြင်လို့ပြီးပြီ။

ဝိုင်းပြီး ပြီးတာပဲ။ မြန်မြန်သွားပြီး မြန်မြန်ပြန်လာကြရအောင်။ ဘုတ်ဆုံမလည်း သွေးစစ်ကြည့်တာ ရှိတယ်တဲ့လေ။ ဗိုက်ထဲက ကလေးရော ကူးစက်ခံရတယ်တဲ့။

ယောကျ်ားကသေ ကလေးတစ်ယောက်နဲ့ နောက်ဒီရောဂါကြီးနဲ့ ဘယ်လိုလူလုပ်ကြမတုန်းအေ။ ငါတော့ရင်လေးပါတယ်။”

“ဟုတ်တယ်မခင်ညိုရေ၊ ကျုပ်လည်း အဲဒါ တွေးနေတာပဲ။

ဆွေမျိုးတွေကလည်း ရှိတယ်လို့သာ ပြောရတာ ဂရုမှမစိုက်ကြတော့ဘဲ။ ဘယ့်နှယ်တော်။

လူ့ပြည်လာပြီး ဒီလိုကြီးအသက်ရှင်ရတယ်လို့၊ ကျုပ်တို့တော့ဘဝကို ဒီလိုမျိုး အဆုံးမသတ်နိုင်ပေါင်။

သားသမီးတွေ လုပ်ကျွေးတာစားပြီး သက်သောင့်သက်သာလေး ဖြတ်သန်းဦးမှာ။

ဒီပိုးတွေနဲ့ကတော့ဝေးဝေးနေမယ်။

သေချင်းသေ ကောင်းကောင်းမွန်မွန် သေမှာပေါ့တော်။

လူညွန့်တုံးတဲ့ဘဝမျိုးနဲ့တော့ မိအေးတို့ ဒီတစ်သက်အသေမခံနိုင်ဘူး။ ဟိုနေ့ကငရွှေဖို့ အခေါင်းရိုက်ပေးမယ့်သူတောင် မရှိဘူးတဲ့လေ။

ဘုတ်ဆုံမတော့ သနားပါတယ်။ ယောကျ်ားကဒီလိုဆိုတော့ သူလည်း မျက်နှာငယ်ရှာမှာပေါ့။”

မခင်ညိုနဲ့ မိအေးမကတော့ နှစ်ယောက်သား အတိုင်အဖောက်ညီညီနဲ့ ခံတွင်းရှင်းနေကြတယ်။

ချောမေကတော့ ဘေးကလိုက်ပါလာပြီး တစ်ခွန်းတစ်ပါဒမှ ဝင်မပြော။

ပါးစပ်ပိတ်ပြီး နားထောင်နေလိုက်တယ်။

အတင်းတွေပြောတာ အင်း အဲ မလုပ်ဘဲ လိုက်လာရင်း ဘေးကနှစ်ယောက်ကလည်း ပါးစပ်အရသာခံပြီးလာလိုက်ကြတာ တရားနာအိမ်တောင်ရောက်လာပြီ။

လက်ဖက်စား ဆေးလိပ်သောက်ဖို့ လူလည်း သိပ်မရှိဘူး။ ဘေးအိမ်တွေကနေ အဝိုင်းအကိုင်းလေး ခေါ်ထားပုံရတယ်။

အလွန်ဆုံးရှိလှ တစ်ယောက်စ နှစ်ယောက်စ။

လက်ဖက်လေး ဘာလေး နယ်ပေးသုပ်ပေးတဲ့ လူနဲ့၊ ဒီလောက်ပဲ ရှိတာ။

တစ်ပြည်ဆန်လာဝိုင်းတဲ့ သူတွေကလည်း ကြာကြာထိုင်သွားကြပုံမရဘူး။

ဆန်ဝိုင်းပြီး ပြန်သွားကြတာချည်းနေမှာ။

အာလွှာပသလွှာပလေး သတင်းလေး ဘာလေးတောင် မေးသွားကြဟန် မတူဘူး။

နေ နေနိုင်လွန်းကြတယ်။ တကယ်ပါပဲအေးလေ။ တခြားသူမပြောနဲ့ ဆွေမျိုးတွေတောင် တစ်ယောက်မှမလာကြတာ။

ဘုတ်ဆုံမလည်း အားတွေငယ်ရလွန်းလို့လား မသိဘူး။

မျက်နှာလေးတော်တော်ချောင်ကျသွားတယ်။

အသားတွေလည်း အရင်ကထက်ကို ပိုမည်းနေတယ်။

မျက်လုံးလေးတွေလည်း နီရဲလို့။

သူ့ဗိုက်ကလေးကြည့်ပြီး ပွတ်နေရှာတယ်။

ဘုတ်ဆုံမ ဘာတွေတွေးနေတာလဲ။

“သြော် မခင်ညိုတို့၊ မိချောမေတို့ လာကြပါ ဒီဘက်ခုတင်ကို။ ထိုင်ကြပါဦး။

လက်ဖက်လေးစား ရေနွေးလေး သောက်ကြပါဦး။”

မပေါ့မပါးကြီးနဲ့ ထိုင်နေရာကနေ ထလာပြီး ဧည့်ခေါ်နေတဲ့ဘုတ်ဆုံမကို မခင်ညိုက ဟိုကြည့်ဒီကြည့်နဲ့ မသိမသာနှာခေါင်းရှုံ့နေတယ်။

ဘုတ်ဆုံမနဲ့ ခပ်လှမ်းလှမ်းမှာရပ်ပြီး အခြေအနေကိုအကဲခတ်နေတယ်။

“တော်ပါပြီ ရပါတယ် ဘုတ်ဆုံမရယ်။ ငါတို့မထိုင်တော့ပါဘူး။ အိမ်မှာ အလုပ်တွေ မအားဘူးလေ။ ဆန်ဝိုင်းပြီး ပြန်မှဖြစ်မယ်အေ့။”

မခင်ညိုက မဲ့သယောင်ယောင် ပြုံးသယောင်မျက်နှာနဲ့ စကားတွေ ဖာထေးနေတယ်။

မိအေးမလည်းဘာထူးမှာလဲ။ မထိုင်ချင်တာနဲ့ ဆင်ခြေတွေ အကြောင်းအမျိုးမျိုးတွေ ပေးနေတယ်။

မျက်လုံးတွေက တောင်ကြည့် မြောက်ကြည့်နဲ့ ဝေ့ဝိုက်နေတယ်။

“မိချောမေ နင်ကအားတယ်မို့လား။

လက်ဖက်လေးဘာလေးစားပြီးမှပြန်လေ။ စကားလေး ဘာလေးလည်းပြောရအောင်။”

ချောမေ ဘုတ်ဆုံမကိုရုတ်တရက်ဘာမှ မပြောသေးဘဲ ခပ်တွေတွေ တစ်ချက်ကြည့်ပြီး ဆန်တစ်ပြည်ထည့်လာတဲ့ လက်ဖက်အုပ်ကို ကမန်းကတမ်းကောက်ကိုင်လိုက်တယ်။

“ထိုင်တော့ထိုင်ချင်ပါတယ် ဘုတ်ဆုံမရေ၊

အိမ်မှာဘယ်သူမှမရှိဘူး။ ကိုဖိုးလုံးကလည်း တောထဲကနေကို မပြန်ခဲ့သေးဘူး။ နောက်ကလေးတွေကို ရေချိုးပေးရဦးမယ်။

ပြီးတော့ အဝတ်တွေလည်း လျှော်ရဦးမယ်။

မနက်ဖြန် အားမှလာခဲ့တော့မယ်အေ။”

## တောင်းဆု

ပညာ့ပန်းပွင့်
ငုံအာစွင့်
ဝင့်ကြွားမျှော်လင့် နိုင်ငံသစ်။
ပညာ့ရနံ့
မွှေးကြိုင်သန့်
ခံ့ညားပျံ့လွင့် နိုင်ငံသစ်။
ပညာအသီး
ရှုမငြီး
စည်းစိမ်ဂုဏ်တင့် နိုင်ငံသစ်။
ပညာ့ပန်းတိုင်
ဒို့လှမ်းကိုင်
နိုင်ငံအနှစ် စနစ်သစ်။
ပညာရေးပန်း
အစဉ်လန်း
တင့်ဆန်းနိုင်စေ
တောင်းဆုခြွေ
သပြေတစ်ခက် ရေတစ်ခွက်။

**တိုက်ကြည်(စဉ့်ကိုင်)**

ဆောင်းပါး

ဒေါက်ဇော်

# ထင်းတောင်းရွက် အမေကြီး

ကမ္ဘာကြီးပူနွေးလာတဲ့ ဒီခေတ်ကြီးမှာ ကမ်းနားမြို့လေးတစ်မြို့မှာ နေခွင့်ရတာကတော့ ကံကောင်းခြင်းတစ်ခုပါပေ။ အားလပ်ချိန်တွေဆို ချစ်သူနဲ့အတူ ကမ်းနားလမ်းက ထိုင်ခုံလေးမှာထိုင်ရင်း လေညင်းခံရတာ တကယ်အေးချမ်းပါတယ်။

တစ်နေ့မှာ ကျွန်တော်နှင့် ကျွန်တော့်ကောင်မလေး ကမ်းနားကထိုင်ခုံလေးမှာ ထိုင်နေရင်း စကားဖောင်ဖွဲ့နေစဉ်မှာ အမေကြီးတစ်ယောက် ထင်းတောင်းကိုရွက်ပြီး ကျွန်တော်တို့နားရောက်လာတယ်။

"လူလေး. . . အမေ့ကိုတောင်းချပေးပါဦးကွဲ့ ခဏနားချင်လို့"ဆိုမှ ကျွန်တော်လည်း အပြေးကလေးနဲ့ တောင်းကိုကူချပေးလိုက်တယ်။ အမလေး လေးလှပ့်လား။ အမေကြီး ဒီအသက်အရွယ်နဲ့ ဘယ်လိုမျှားသယ်နိုင်ပါလိမ့်။

အမေကြီးက ယောဂီထဘီဝတ်ထားတယ်၊ အင်္ကျီကမိုးပြာရောင် ရင်ဖုံးလက်ရှည်။ အဝတ်တွေကနွမ်းကြေနေပါပြီ။ ဆံပင်တွေလည်းဖြူနေပြီ။ ပိန်ပိန်ပါးပါး အသားညိုညို ပါးရေတွေလည်းတွန့်နေပြီ။ ဒီအသက်အရွယ်နဲ့ ဒီလောက်လေးတဲ့တောင်းကြီးရွက်လာတာ စိတ်မကောင်းပါ။

အမေကြီး။ ။ ဟူး. . . မောလိုက်တာ ခဏနားဦးမယ်နော် ကလေးတို့

ကျွန်တော်တို့။ ။ ဟုတ် ရပါတယ် အမေကြီးနားပါ။

ကျွန်တော်။ ။ အမေကြီးအသက် ဘယ်လောက်လဲ။

အမေကြီး။ ။ အမေကြီးအသက် ရှစ်ဆယ်ရှိပြီကွဲ့။

ကျွန်တော်နှင့် ကျွန်တော့်ကောင်မလေး နှစ်ယောက်စလုံး အံ့အားသင့်မိတယ်။ အသက်အရွယ်ကြီးပြီဆိုတာသိပေမယ့် ဒီလောက်ရှိပြီမထင်ခဲ့။ အသက်ရှစ်ဆယ်ရှိနေတာတောင် ဒီလိုအလုပ်ကြမ်းတွေ လုပ်နေရပ့်လား။

ကျွန်တော်။ ။ ဘယ်ကလာလဲ အမေကြီး။

အမေကြီး။ ။ ဒီဘက်နားကစမ်းအိုင်ရွာကကွယ်။ (မြို့နဲ့မလှမ်းမကမ်း ရွာလေးပါ) မနက်ဖြန်ဥပုသ်ရက် ကျောင်းသွားစရာဘာမှမရှိလို့ ထင်းသယ်ပြီးထွက်လာတာ။

ကျွန်တော်။ ။ ထင်းတစ်စီးဘယ်လောက်လဲ။

အမေကြီး။ ။ တစ်ရာပေါ့။

ကောင်မလေး။ ။ သားသမီးတွေမရှိဘူးလား အမေကြီး။

အမေကြီး။ ။ အင်း သမီးကသုံးယောက်၊ သားကတစ်ယောက်။ သမီးတွေက တခြားမြို့တွေမှာ အိမ်ထောင်တွေကျကုန်ပြီ။ သားလူလွတ်နဲ့ နေရတာပေ့ါ။

ကောင်မလေး။ ။ သားကလုပ်မကျွေးဘူးလား အမေကြီး။

အမေကြီး။ ။ လုပ်ကျွေးဖို့နေနေသာသာ မပြောချင်တော့ပါဘူးသမီးရယ်၊ သူကမူး။ အရက်ကြောင်ကြောင်နေတာ။ အရက်သောက်ပြီး သရက်ပင်ပေါ်အိပ်။ အပင်ပေါ်က ပြုတ်ကျပြီးကတည်းက ပိုဆိုးတာပဲ။ ကြမ်းပြီဆို ပန်းကန်တွေခွဲ ဘာတွေခွဲနဲ့၊ ထမင်းပန်းကန်ဆိုတာ အကောင်းမရှိဘူး။ ဟိုနေ့ကလည်းကြောင်ပြီး လည်ပင်းညှစ်လို့ အသက်ရှူကျပ်သွားတယ် အော်ပြေးရတယ်၊ လူမိုက်ပါကွယ်။ အဲ့ဒီတော့ အမေပဲရှာကျွေးရတာပေ့ါ။

ကျွန်တော်။ ။ ဆိုးတယ်နော်၊ သမီးတွေကရော အမေ့ကိုမခေါ်ဘူးလား။

အမေကြီး။ ။ မိတ္ထီလာဘက်ကသမီးကတော့ လာနေလှည့်ပါ ပိုက်ဆံမပေးနိုင်ပေမယ့် မျှတော့စားနိုင်ပါတယ်တဲ့ ခေါ်ပါတယ်။ ဒါပေမဲ့ အမေမရှိရင် အိမ်ကကြောင်ကို ဘယ်သူကျွေးမလဲ။ သွားလို့မဖြစ်ပါဘူးအေ။

ကျွန်တော်တို့။ ။ ဟင်. . .

ကျွန်တော်လည်းချထားတဲ့ ပိုက်ဆံအိတ်ကိုကိုင်ပြီး ကောင်မလေးကိုတစ်ချက် လှည့်ကြည့်တော့ ပြုံးပြုံးလေးနဲ့ ခေါင်းညိတ်ပြတယ်။

အမေကြီး ဒီပိုက်ဆံလေးလှူပါရစေဆိုပြီး တစ်သောင်းတန်တစ်ရွက်ကို အမေကြီးကို လှူလိုက်တယ်။ အမေကြီးက အံ့အားသင့်ပြီး "အယ်"သာခုကွယ်။ အမေလမ်းမှာ သူတော်ကောင်းနဲ့ တွေ့ပါရစေဆိုပြီး ဆုတောင်းလာတာ။ အခုတော့ တကယ်တွေ့ပါပေ့ါရော့ လိုအင်ဆန္ဒပြည့်ပါစေကွယ်။ သာခုပါ သာခုပါ သာခုပါတဲ့။

သူတော်ကောင်းလို့အပြောခံရတော့ ဝမ်းသာကြည်နူးမိပါရဲ့။ ဒါပေမဲ့ ဒီအသက်အရွယ်ကြီးမှာ ဒီလိုအလုပ်ကြမ်းတွေလုပ်နေရတဲ့ အမေကြီးဘဝကို တွေးပြီး ဝမ်းနည်းနေရတာကပိုပါတယ် အမေကြီးရယ်။ ဒီဘဝ ဒီမျှနဲ့ကြေပါစေတော့ အမေကြီးဝဋ်တွေ။

ခဏနေတော့ အမေကြီးက "ခုမှပဲအမောပြေတော့တယ်၊ ပင့်ပေးပါဦးကွယ်"ဆိုပြီး ပြောတော့ ကျွန်တော်တို့ ထင်းတောင်းကို ပြန်ပင့်ပေးလိုက်တယ်။ အမေကြီးက ထင်းတောင်းကိုရွက်ပြီး မြို့ထဲကိုဦးတည်သွားလေရဲ့။ ထင်းတောင်းကိုရွက်ပြီး ထွက်သွားနေတဲ့ အမေကြီးရဲ့ကျောပြင်ကိုကြည့်ရင်း ကျွန်တော်မျက်ရည်စို့လာတာမြင်တော့ ကောင်မလေးက ကျွန်တော့လက်ကိုလာပြီး ဖျစ်ပေးရှာပါတယ်။ ဝမ်းသာဝမ်းနည်းကြီးပါ အမေကြီးရယ်။

# စည်း

စည်းအတွင်းမှာ နေထိုင်ကြလျှင်ဖြင့်

ကင်းပလိမ့် များအန္တရာယ်။

ကျင့်ဆောင်ရန် နီတိများကို

သင်ကြားကြကွယ်။

ငါးသီလ ဆောက်တည်မယ်

သည်းပြင်ဝယ် မေတ္တာပွား။

ကမ္ဘာမြေ နိုင်ငံအဝှမ်းမှာ

အေးချမ်းစည်ကား။ ။

စိုင်းနေဝန်း

# မူးယစ်အန္တရာယ်

မြန်မာပြည် လူညွှန့်တုံးစေမယ့်

တစ်မျိုးသားလုံးရဲ့ အန္တရာယ်။

ဒို့လူငယ် မသုံးကြနဲ့

ဒုက္ခတွေ့မယ်။

အနာဂတ်ရဲ့ လင်းလက်ကြယ်

ပျောက်ကွယ်လျှင် ခက်ပေသား။

မူးယစ်မှာ သားကောင်ဖြစ်တော့

အလစ်သုတ် ခိုးယူလုမယ်

ပြည်သူ့တွင် ဂယက်ရိုက်လို့

အမိုက်မှောင် လွှမ်းခြုံကျလျှင်

နွမ်းလျဂုဏ်များ။

လင်းဝင့်မြူ(ပြင်ဦးလွင်)

# မြန်မာ့ဆိုင်းဝိုင်း

ကြေးကြိုးသားရေ လေလက်ခုပ်နဲ့

အဟုတ်ဗျ နာမည်ကျော်။

တေးတံတျာ ချိုမြမြတို့ မြူးကြွစိန်ခေါ်။

ရှင်ပြုဇာတ်ပွဲ အစုံနော်

ရွှင်ပျော်ပျော် တီးမှုတ်။

အစဉ်မကွာ ကမ္ဘာမှာ

မြန်မာဟော့လို့ ကျော်ပေ့သရုပ်။ ။

ခွန်စိုးလှိုင်(သထုံ)

# အောက်ကျ နောက်ကျ

နောင်မင်းခိုင်

(၁)

"အောက်ကျနောက်ကျ"ဆိုတာ ကောင်းတဲ့ အနေအထားတော့မဟုတ်။ နိမ့်ကျခြင်းကို အောက်ကျသည်ဟု ခေါ်လေသလား။ စိတ်ဓာတ်ယုတ်ညံ့ခြင်းကို အောက်ကျသည်ဟု ခေါ်လေသလား။ နောက်ကျဟူသည်က အချိန်မမီခြင်းကို ခေါ်လေသလား။ မည်သည့်အလုပ် မည်သည့်နေရာတွင်မဆို သူတစ်ပါး၏နောက်တွင်သာ မှေးမှိန်စွာ နေရခြင်းမျိုးလား။

အောက်ကျခြင်းနဲ့နောက်ကျခြင်းက "အောက်ကျနောက်ကျ"ဟု ပူးတွဲထားသော စကားစုဖြစ်ပေမယ့် အမှန်က အောက်ကျခြင်းနဲ့ နောက်ကျခြင်းက အဓိပ္ပာယ်တစ်မျိုးစီကို ဖော်ဆောင်နေတယ်။ ကျွန်တော့်အတွေးကတော့ တစ်ပါးသူထက် မြင့်သောနေရာတွင် နေရသော်လည်း စိတ်ဓာတ်အဆင့်အတန်းမမီပါက အောက်ကျခြင်းသဘောရှိပြီး နောက်ကျခြင်းကတော့ နေရာတကာတွင် နှေးကွေးလေးလံ၍ အချိန်တိုင်း သူတစ်ပါးထက် အမြဲခြေတစ်လှမ်းလိုနေခြင်း ဖြစ်ပေလိမ့်မည်။ ဒါကလည်း ကျွန်တော့်တစ်ကိုယ်ရေ အတွေးတစ်ခုပါ။

(၂)

ကျွန်တော် ပြည်ပမှာ ဆယ်စုနှစ်ကျော် နေထိုင်လာခဲ့ဖူးပြီး အလုပ်ကပေးသောအခန်းတွင် နှစ်များစွာနေလာခဲ့ဖူးတယ်။ မလေးရှားမှာ ကျွန်တော်တို့နေတဲ့အထပ်က ဒုတိယထပ်မို့ ကျွန်တော်တို့အပေါ်မှာ တစ်ထပ်ပဲရှိပါတော့တယ်။ မလေးရှားမှာ လူနေ Flat တွေ များသောအားဖြင့် လေးထပ်ပဲ အတွေ့များရပါတယ်။ လုံးချင်းလေးတွေ နှစ်ထပ်အိမ်လေးတွေလည်းတွေ့ရတယ်။ ကျန်တဲ့ မိုးမျှော်တိုက်တွေကတော့ အဆင့်မြင့်ကဏ္ဍပေါ့။ ကျွန်တော်က သာမန်လူနေမှုကဏ္ဍကို ပြောနေခြင်းပါ။

နိုင်ငံသားတွေကတော့ Flat တွေမှာ နေတာရှားတယ်။ လုံးချင်းတွေမှာပဲ နေကြတယ်။ Flat တွေက Foreigners တွေအတွက်ပဲ ငှားအိမ်အဖြစ် သီးသန့်သဘောမျိုး ဖြစ်နေတာ။ မလေးရှားက Foreigners များတော့ အိမ်ငှားစားတာလည်း စီးပွားရေးတစ်ခုလိုဖြစ်နေတာပေါ့။ အိမ်တိုင်းစေ့မှာ တံခါးပေါက်နှင့်တွဲလျက် အမှိုက်ပုံးရှိတယ်။ အမှိုက်ပုံးနဲ့ စာတိုက်ပုံးက အပေါ်အောက်တွဲထားတာ။ အထပ်မြင့်တိုက်တွေအတွက်ကတော့ လှေကားပေါက်နဲ့ ခပ်လှမ်းလှမ်းမှာ အမှိုက်ပုံးထားပေးတယ်။ တနင်္ဂနွေနေ့ကလွဲပြီး နံနက်တိုင်း အမှိုက်သိမ်းကားလာတော့ ပုပ်ပွနံဟောင်နေတာမျိုး တစ်ခါမှ မကြုံဖူးခဲ့ဘူး။

ကျွန်တော်က စားသောက်ဆိုင်အလုပ် လုပ်တာဆိုတော့ ငါးနာရီခွဲတာနဲ့ အိပ်ရာထ၊ မျက်နှာသစ်၊ အဝတ်လဲ၊ ဘုရားရှိခိုး ကိုယ်လုပ်နေကျအလုပ်တွေကို တိတ်ခွေအမြန်ရစ်သလို အဆက်မပြတ်လုပ်၊ ခြောက်နာရီထိုးတာနဲ့ အိမ်အောက်ဆင်းပြီး Ferry စောင့်နေကျ။

ကျွန်တော်အောက်ရောက်ရင်ကို အမှိုက်သိမ်းကားကမရှိတော့။ တစ်ခါတလေ အမှိုက်ပုံးကို လမ်းဘေးရေဘားဖွင့်ပြီး ရေတောင်ဆေးပေးခဲ့လိုက်သေးရဲ့။ ဟိုမှာအပေါ်ထပ်ကအမှိုက်ပစ်ချတာတို့ ရေသွန်ချတာတို့လည်း တစ်ခါမှ မကြုံဖူးခဲ့။ ယုတ်စွအဆုံး Aircon ကကျတဲ့ ရေကိုတောင် အောက်ထပ်တွေဆီ တဒေါက်ဒေါက် အသံမြည်မှာစိုးလို့ ပိုက်လိုင်းနဲ့ ကျကျနနသွယ်ထားပေးတာ။ မိမိကြောင့် သူတစ်ပါးစိတ်အနှောင့်အယှက်ဖြစ်စေမှုမျိုးကို အတတ်နိုင်ဆုံးကြိုးစားပြီး ရှောင်ရှားကြတယ်။

နိုင်ငံအသီးသီးက ရောက်လာကြသူတွေဆိုတော့ စရိုက်မျိုးစုံရှိကြပေမယ့် ရောက်ရှိနေတဲ့နိုင်ငံရဲ့ နေထိုင်မှုစရိုက်အတိုင်း လိုက်ပါကျင့်သုံးရတော့ အလိုလို ပြုပြင်ပြီးသား ဖြစ်သွားတယ်။ ကျောချင်းကပ် Flat နှစ်ခုရဲ့ နောက်ဖေးလမ်းကြားမှာလည်း ကားတစ်စီးဝင်နိုင်လောက်တဲ့ နေရာအကျယ်နဲ့ သန့်ရှင်းသပ်ရပ်မှု အလုံအလောက်ရှိတယ်။ ညစ်ပေပုပ်ပွနေတာမျိုးတွေ မတွေ့ရဘူး။ ပတ်ဝန်းကျင်သန့်ရှင်းသလို ကိုယ်ငှားနေတဲ့အခန်းပဲ နေချင်သလိုနေမှာပေ့ါဆိုတဲ့စိတ်မျိုးနဲ့ အော်ဟစ်သောက်စားနေမယ်ဆိုရင်လည်း မကြာခင် ရဲရောက်လာမှာ သေချာတယ်။ ပတ်ဝန်းကျင်သန့်ရှင်းသလို နေထိုင်မှုစရိုက်လက္ခဏာလည်း စနစ်ကျတယ်။

(၃)

အဲဒီလိုနိုင်ငံမှာ ဆယ်စုနှစ်လောက် နေသားကျလာခဲ့ပြီး ကိုယ့်နိုင်ငံပြန်ရောက်လာတော့ လွတ်လပ်ပျော်ရွှင်မှုကို ခံစားရပေမယ့် စိတ်ကသိကအောက်ဖြစ်စရာတွေက တော်တော်များများဆီးကြိုနေတာကို တွေ့ရတော့တယ်။

နေ့စဉ်နဲ့ညတိုင်း တွေ့ရ၊ မြင်ရ၊ ကြားရတာက စိတ်မထိန်းနိုင်သူအဖို့ အကုသိုလ်ဖြစ်ရတယ်။ ကိုယ့်အိမ်ကိုယ်နေ ကိုယ့်အလုပ်ကိုယ်လုပ် ကိုယ့်ထမင်းကိုယ်စားပြီး နေစဉ်နဲ့အမျှ အလကား အကုသိုလ်ယူနေရတာ လူ့သက်တမ်းတိုရတော့မယ်။ လူတွေက လူတွေနဲ့မတူကြတဲ့ အခါ တိရစ္ဆာန်တွေ တန်ဖိုးမြင့်လာတယ်။ တချို့က ဒီကောင်ကိုခွေးနဲ့မနှိုင်းပါနဲ့ကွာ ခွေးသိက္ခာကျပါတယ်ဆိုပြီး အကြောင်းအရာတစ်ခုပေါ်မူတည်ပြီး ပြောတတ်ကြတာ ကြားဖူးတယ်။

ဒီစကားဟာ လူဖြစ်ပြီး လူ့စရိုက်နဲ့ညီမျှအောင်မနေချင်၊ မနေတတ်လို့ တိရစ္ဆာန်ဟာ ကြားက အလိုလို တန်ဖိုးမြင့်သွားခြင်းပဲ။ တချို့က ဘယ်သူဘာဖြစ်ဖြစ် ငါမဖြစ်ရင်ပြီးရောဆိုတဲ့အတွေးအကြံမျိုးနဲ့ တစ်ပါးသူတစ်ဖက်သားအပေါ်မှာ ညှာတာစိတ်၊ ကိုယ်ချင်းစာစိတ် မွေးမြူရမှာဝန်လေးတတ်ကြတယ်။

စားကြွင်းစားကျန်၊ ရေသိုးရေပုပ်တွေကို ညမှောင်လို့ လူခြေတိတ်ပြီဆိုတာနဲ့ တဘုတ်ဘုတ် တဗွမ်းဗွမ်းနဲ့ အိမ်ရဲ့အနောက်ဘက်လမ်းကြားထဲက ခဏခဏကြားနေရတယ်။ ကိုယ်က အောက်ထပ်မှာနေသူဆိုတော့ သည်းခံနိုင်စွမ်းက ရေရှည်မှာ သိပ်တော့မလွယ်။ အထပ်မြင့်မြင့် အခန်းကျဉ်းကျဉ်းတွေနဲ့ မွန်းကျပ်ပိတ်လှောင်ပြီးနေရတဲ့ ရန်ကုန်လူနေမှုပုံစံခွက်ထဲမှာ ဖင်ချင်းပေါက်နေတဲ့ နောက်ဖေးလမ်းကြားထဲကို အပေါ်ထပ်မှာနေသူတွေရဲ့ စည်းကမ်းမဲ့စွာပစ်ချ၊ သွန်ချခြင်းတွေကို မြေညီထပ်မှာနေတဲ့လူတွေက နေ့စဉ်ခံနေရတော့တာပဲ။ ယဉ်ကျေးပါတယ်ဆိုတဲ့ လူတွေတောင် ကြာတော့ဆဲတတ်ဆိုတတ်လာတယ်။ မြေညီထပ်မှာနေရသူတွေရဲ့ နိစ္စဓူဝခံစားမှုရသကတော့ အထက်စီးမှာ နေရာရထားသူများရဲ့ပြုသမျှကို နုရတော့တာပါပဲ။ လူဆိုတာ လူ့တန်ဖိုးကို လူနဲ့တူအောင်မြှင့်တတ်ဖို့ လိုအပ်လိမ့်မယ်ထင်တယ်။ လူကအပေါ်ထပ်မှာနေပြီး စိတ်ဓာတ်က မြေညီထပ်ရဲ့အောက်မြေကြီးထဲထိ ဦးစိုက်ထိုးဆင်းနေကြတယ်။ အမှိုက်တွေပစ်ချကြတော့ ရေမြောင်းတွေပိတ်ပြီး မိုးတွင်းဘက်ရေတွေလျှံတက်တာ အပေါ်ထပ်ကလူတွေက မသိသလိုပါပဲ။ မြေညီထပ်က လူတွေရွံ့ဗွက်ထဲဆင်းပြီးမြောင်းရှင်းတော့ အပေါ်ထပ်က မထီသလိုငုံ့ကြည့်ရဲကြသေးရဲ့။

လူနေတော့ဘုံဖျား စိတ်နေတော့ချုံကြား။ ကိုယ်ချင်းစာမဲ့သောနှလုံးသားများနဲ့ ဒီလောကထဲ လူရယ်လို့ဖြစ်လာကြပေမယ့် စိတ်ဓာတ်တွေက အောက်တန်းကျလွန်းတယ်။ အထက်ကိုရောက်ပြီး အောက်ကိုငုံ့မကြည့်တတ်ကြ။ အပေါ်ကလူတွေလုပ်သမျှ အောက်ကလူတွေခံရသည်ကို မစဉ်းစားမငဲ့ညှာ။ အပေါ်စီးရောက်ပြီဆိုတာနဲ့ ကိုယ်ထင်ရာလုပ် ကိုယ်သာသလိုနေပြီး အောက်ကလူတွေကို ဂရုမထား၊အလေးမမူသော စိတ်ဓာတ်သိမ်ဖျင်းတဲ့လူများဟာ ဘယ်လိုနည်းနဲ့ပဲ အပေါ်ကိုရောက်ရောက် အမြဲပဲအောက်ကျပြီး ကိုယ်ကျင့်တရားတွေလည်း သူတစ်ပါးရဲ့နောက်မှာ ကျကျန်ခဲ့မယ်ဆိုတာကို တွေးတတ်ဖို့ နောင်တက အလိုလိုသင်ပေးသွားချိန်ထိ အောက်ကျနောက်ကျနဲ့ စောင့်မျှော်ကြရပေလိမ့်မယ်။ ။

